မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၂၇၀)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၉ ရက်

၂၀၁၃ ခုနှစ်၊ ဇူလိုင် ၂ ရက်၊ အင်္ဂါနေ့။

ပြည်သူ့စွမ်းအားဖြင့်
နိုင်ငံတော်ကို
တည်ဆောက်အံ့

လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်စွာရေးသားခွင့် ပြန်လည်ရရှိရန်နှင့် အသက်ဝင်ရှင်သန်ရေး ကြိုးပမ်းဆောင်ရွက် လက်ရှိနိုင်ငံရေးအခြေအနေနှင့် လိုက်လျောညီထွေရှိရန် အပြုသဘောဆောင်သည့် ကျင့်သုံးမှုများဖြစ်ရန်လိုအပ်

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ပြောကြားသည့်
ရေဒီယိုမိန့်ခွန်း

(၁-၇-၂၀၁၃)

မိဘပြည်သူများခင်ဗျား

ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိအခြေအနေများကို မိဘပြည်သူများထံ ရေဒီယိုမှတစ်ဆင့် အသိပေးပြောကြားနေကျဖြစ်တဲ့အတိုင်း ဇွန်လအတွင်း မြန်မာနိုင်ငံရဲ့ ပြုပြင်ပြောင်းလဲမှုများကို ပြောကြားရခြင်းဖြစ်ပါတယ်။

ကျွန်တော်တို့ဆောင်ရွက်နေတဲ့ ပြုပြင်ပြောင်းလဲရေးများအနက် ပြည်သူတွေရဲ့ အဓိကလိုအင်ဆန္ဒတစ်ရပ်ဖြစ်တဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်နိုင်ဖို့ ခေတ်မီအမျိုးသားစီးပွားပုံစံချခြင်းဆိုတဲ့ဖြစ်စဉ်ကို ကြိုးပမ်းအကောင်အထည်ဖော်နေတာကို မိဘပြည်သူများသိရှိကြပြီးဖြစ်ပါတယ်။ ဒီကြိုးပမ်းမှုများရဲ့ ဆောင်ရွက်မှုတစ်ခုအဖြစ် မြန်မာနိုင်ငံကို ကမ္ဘာ့ဈေးကွက်နဲ့ ပြန်လည်ချိတ်ဆက်နိုင်ဖို့နဲ့ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများကို မြန်မာနိုင်ငံအကြောင်း ပိုမိုသိရှိလာစေဖို့ဆိုတဲ့ ရည်ရွယ်ချက်နဲ့ အရှေ့အာရှကမ္ဘာ့စီးပွားရေးဖိုရမ်ကို နေပြည်တော်မှာ ကျင်းပပြုလုပ်ခဲ့ပါတယ်။ ဒီဖိုရမ်ကို မြန်မာနိုင်ငံအနေနဲ့ အိမ်ရှင်အဖြစ် လက်ခံကျင်းပတာဟာ ပထမဆုံးအကြိမ်ဖြစ်ပြီး နိုင်ငံတကာက ထင်ရှားတဲ့ နိုင်ငံရေး၊ စီးပွားရေး ခေါင်းဆောင်များ၊ ပညာရှင်များ စုံစုံလင်လင်နဲ့ တက်ရောက်သူအများဆုံး၊ အစည်ကားဆုံးဖိုရမ်အဖြစ် ကျင်းပနိုင်ခဲ့တာကလည်း ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူစရာပဲဖြစ်ပါတယ်။ ဒီဖိုရမ်ကို တက်ရောက်လာကြတဲ့ ကမ္ဘာတစ်လွှားက ထင်ရှားကျော်ကြားတဲ့ နိုင်ငံရေး၊ စီးပွားရေး ခေါင်းဆောင်များနဲ့ အနာဂတ်နိုင်ငံတကာဆက်ဆံရေးမှာ အရေးပါလာမယ့် လူငယ်ခေါင်းဆောင်တွေဟာ မြန်မာနိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးများနဲ့ ပတ်သက်ပြီး တက်တက်ကြွကြွပါဝင်ဆွေးနွေးခဲ့ကြတာကို မိဘပြည်သူများတွေ့မြင်ကြရမှာဖြစ်ပါတယ်။ ဒီအချက်ဟာ ကျွန်တော်တို့ ကမ္ဘာ့အသိုင်းအဝိုင်းကို ဝင်ရောက်ဖို့ ကြိုးပမ်းနေတဲ့ မြန်မာနိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ ကမ္ဘာကြီးကလည်း အထူးစိတ်ဝင်တစားရှိနေတယ်ဆိုတာကို သက်သေပြနေတာ ဖြစ်ပါတယ်။ ဖိုရမ်ရဲ့ ခေါင်းစဉ်ဖြစ်တဲ့ ပေါင်းစည်းဆောင်ရွက်ခြင်းရဲ့အားတွေဆိုတဲ့ ရည်ရွယ်ချက်ဟာလည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျွန်တော်တို့ ဆောင်ရွက်နေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ သဘာဝသယံဇာတများ မျှဝေသုံးစွဲရေးစတဲ့ ဖြစ်စဉ်တွေနဲ့လည်း တိုက်ဆိုင်နေတာကို တွေ့မြင်ရမှာဖြစ်ပါတယ်။ ဒီဖိုရမ် ဖြစ်မြောက်ရေးအတွက် ဦးဆောင်ကြိုးပမ်းခဲ့ကြတဲ့ တာဝန်ရှိသူများ၊ ပညာရှင်များ၊ ဝန်ထမ်းများနဲ့ စေတနာ့ဝန်ထမ်း တက္ကသိုလ်ကျောင်းသူကျောင်းသားများရဲ့ ဝါယမစိုက်ဆောင်ရွက်မှုတွေကို ကျွန်တော့်အနေနဲ့ လှိုက်လှဲစွာ အသိအမှတ်ပြု ကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါတယ်။

ဇွန်လအတွင်းမှာ ကျွန်တော်တို့ မြန်မာနိုင်ငံအတွက် စိတ်မကောင်းစရာဖြစ်ခဲ့ရတဲ့ ကိစ္စကတော့ မလေးရှားနိုင်ငံမှာ သွားရောက်အလုပ်လုပ်ကိုင်နေကြတဲ့ မြန်မာနိုင်ငံသားတချို့ တိုက်ခိုက်ခံရတဲ့ကိစ္စဖြစ်ပြီး ကျွန်တော့်အနေနဲ့ ထိခိုက်နာကျင်ခဲ့ရတဲ့ စိုးရိမ်ပူပန်မှုတွေဖြစ်ခဲ့ကြရတဲ့ မိသားစုများနဲ့ထပ်တူထပ်မျှ ဝမ်းနည်းမိပါကြောင်း ဦးစွာပြောကြားလိုပါတယ်။ ဒီဖြစ်ရပ်ကနေ ကျွန်တော်တို့အနေနဲ့ သင်ခန်းစာအဖြစ် ရယူရမယ့်ကိစ္စကတော့ နိုင်ငံတွင်းမှာ မွန်မြတ်တဲ့ ကိုးကွယ်ယုံကြည်မှုကို

စာမျက်နှာ ၃ ကော်လံ ၁ ❖

ယနေ့
မာတိကာ

အရိုင်းနားတောမီး လောင်ကျွမ်းမှု ငြိမ်းသတ်သူ မီးသတ်တပ်ဖွဲ့ဝင်များ သေဆုံး — စာ - ၄

သောကြာဂြိုဟ်ပေါ်တွင် ထူးခြားစွာ လေပြင်းများ တိုက်ခတ် — စာ - ၅

မြင့်မြတ်ဂုဏ်ရည် တော်ဝင်စံထား မြန်မာအမျိုးသမီးများ (ဆောင်းပါး) — စာ - ၆

ဆမ်းမားစည်တိုသံတွေ ဖုံးလွှမ်းခဲ့တဲ့ ကွန်ဖက်ဒရေးရှင်း ဖလားပွဲ — စာ - ၁၄

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြု

အမျိုးသမီးရေးရာအဖွဲ့ချုပ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

နေပြည်တော် ဇူလိုင် ၁

ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို ယနေ့နံနက် ၇ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးတည်ရှိရာ ဥဒယရံသီကုန်းတော်ပြင် ပရိဝုဏ်ကန်ပတ်လမ်း၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်း၊ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်း၏ ဇနီး ဒေါ်ခင်အေးမြင့်၊ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် နာယကများနှင့်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်သမ္မတ၏ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယသမ္မတများ၏ဇနီးများ ဖြစ်ကြသည့် ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့က အထိမ်းအမှတ်သစ်ပင်အဖြစ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြပြီး မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ နာယကများ၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ၊

စာမျက်နှာ ၉ ကော်လံ ၇

နိုင်ငံတော်သမ္မတ၏ ဇနီး ဒေါ်ခင်ခင်ဝင်းနှင့် ဒုတိယသမ္မတများ၏ဇနီးများဖြစ်ကြသည့် ဒေါ်နန်းရွှေမှုန်နှင့် ဒေါ်ခင်အေးမြင့်တို့က မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အထိမ်းအမှတ်သစ်ပင်အဖြစ် ကံ့ကော်ပင်များကို စိုက်ပျိုးပေးကြစဉ်။ (သတင်းစဉ်)



မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

အောင်မြင်လိုသောစိတ်ဆန္ဒနှင့် လုပ်ကိုင်ကြမည်

မြန်မာနိုင်ငံသည် ရေ၊ မြေ၊ သယံဇာတ၊ ရာသီဥတု ကောင်းမွန်သောကြောင့် နိုင်ငံ၏စီးပွားရေးတွင် လယ်ယာကဏ္ဍကို အဓိကအားထားလုပ်ကိုင်လျက်ရှိရာ လယ်ယာကဏ္ဍသည် အလုပ် အကိုင်အခွင့်အလမ်းနှင့် လူတိုင်းအတွက် အခြေခံဖြစ်သည့် စားရေးနှင့် နေ့စဉ်ဝင်ငွေရရှိရေး လိုအပ်ချက်ကို ချက်ချင်း လျင်မြန်စွာ အကောင်အထည်ဖော်နိုင်မည့် အဓိကနယ်ပယ် ဖြစ်သည်။

စိုက်ပျိုးရေးကို အဓိကအခြေခံသည့် နိုင်ငံဖြစ်သည့် အားလျော်စွာ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့ပြုပြင်ပြောင်းလဲ အကောင်အထည်ဖော် ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်ငါးရပ်ဖြစ်သော စိတ်ဓာတ်များပြောင်းလဲရန်၊ လယ်မြေများ တန်ဖိုးရှိအောင်ပြောင်းလဲရန်၊ အထွက်တိုးမျိုးများပြောင်းလဲရန်၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များပြောင်းလဲရန်နှင့် စက်မှုလယ်ယာ ပြောင်းလဲရန်တို့ကို နိုင်ငံတော်သမ္မတကြီးက ရှင်းလင်းချပြ ညွှန်ကြားခဲ့ပြီး ဖြစ်ပါသည်။ စက်မှုကိုအခြေခံသည့်အဆင့် မကူး ပြောင်းနိုင်မီ စိုက်ပျိုးရေးကဏ္ဍကို အခြေခိုင်မာလာအောင် ပြုလုပ်ရမည်ဖြစ်ရာ လယ်ယာကဏ္ဍတွင် ယခုထက်ပိုမိုတိုးတက် ထုတ်လုပ်နိုင်ရန် ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်သည်။

စိတ်ဓာတ်ပြောင်းလဲရန်ဆိုရာတွင် ကာယကံရှင် တောင်သူများကိုယ်တိုင် တိုးတက်ကြီးပွားလိုသောစိတ်၊ အောင်မြင်လိုသောစိတ်၊ စိတ်ဆန္ဒပြင်းပြစွာဖြင့် မိမိတို့၏ မူလစိတ်ဓာတ်များအား အခိုင်အမာမြှင့်တင်ပြောင်းလဲပြီး လုပ်ကိုင်ဆောင်ရွက်၍ တောင်သူများ၏ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာကဏ္ဍအလိုက် ဝိုင်းဝန်းပံ့ပိုး ပူးပေါင်းဆောင်ရွက်ပေးရမည်ဖြစ်သည်။ လက်ရှိ မိရိုးဖလာ ခေတ်ဟောင်းစိုက်ပျိုးနည်းစနစ်အစား ခေတ်မီသိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အသုံးပြု ပြောင်းလဲစိုက်ပျိုးနိုင်ရန် မြို့နယ်တိုင်းတွင် စံနမူနာပြ တောင်သူပညာပေးစိုက်ကွင်းများ ထူထောင် အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်ရမည်ဖြစ်သည်။ ပညာပေးစိုက်ကွင်းများမှ ရရှိသည့် အတွေ့အကြုံအပေါ် အခြေခံ၍ လက်တွေ့ဆောင်ရွက်သွားကြရမည် ဖြစ်သည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်း လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လက်တွေ့အကောင်အထည်ဖော်လျက် ရှိသည့် စံပြနမူနာစိုက်ခင်းများတွင် လယ်ယာသုံး စက်ကိရိယာ၊ ဝန်ဆောင်မှုလုပ်ငန်းနှင့် သစ်သီးဝလံများ အဆင့်မြှင့်တင် ထုပ်ပိုးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ နိုင်ငံတကာဈေးကွက်သို့ တင်ပို့ဆောင်ရွက်လျက်ရှိသည့်အဆင့်သို့ ရောက်ရှိလျက်ရှိသည်။ စပါးစိုက်ပျိုးရာတွင်လည်း ခေတ်မီ ဘက်စုံသုံး လယ်ထွန်စက်များ၊ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် တစ်ပြိုင်တည်း ရိတ်သိမ်းနိုင်သည့် လုပ်ငန်းခွင်ဝန်ဆောင်မှုများကို ပုဂ္ဂလိကအခန်းကဏ္ဍနှင့် လယ်ယာကုန်ထုတ်သမဝါယမအသင်းများထူထောင်ပြီး နမူနာကွက်များမှ ရရှိသည့် အတွေ့အကြုံကိုအခြေခံ၍ ဒေသအသီးသီးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဟန်ချက်ညီစွာ ပုဂ္ဂလိကကဏ္ဍ၊ သမဝါယမကဏ္ဍတို့မှ တောင်သူများ၏ လက်ငင်းလိုအပ်ချက်များကို လက်တွေ့ ပူးပေါင်း အကောင်အထည်ဖော်သွားရမည် ဖြစ်သည်။

လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်အစိုးရ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ ပြည်ပအဖွဲ့အစည်းများကလည်း အဘက်ဘက်က ဝိုင်းဝန်းဖြည့်ဆည်းပေးလျက်ရှိသည်။ တောင်သူလယ်သမားတို့၏ လူမှုဘဝလိုအပ်ချက်များကိုလည်း ဖြည့်ဆည်းပေးခြင်း၊ တောင်သူလယ်သမားများ ခိုင်မာသည့် လယ်ယာမြေလုပ်ပိုင်ခွင့် အခွင့်အရေးများ အပြည့်အဝရရှိခံစားနေရပြီး ယခုအခါ တောင်သူလယ်သမားများ၏ အကျိုးစီးပွားမြှင့်တင်ရေးဥပဒေကြမ်းကိုလည်း ရေးဆွဲပြီးဖြစ်ရာ အောင်မြင်လိုသော စိတ်ဆန္ဒပြင်းပြစွာဖြင့် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်ကြပါက ကုန်ထုတ်လုပ်ငန်းများ တိုးတက်လာမည်မှာ မလွဲဧကန် ဖြစ်ပါကြောင်း။ ။

AUNG HTUSAN PREDICTION CENTER
Mind reader through Occult Science
(Occult Treatment)
(To make reservation well in advance)

ပြည်တွင်းသတင်း

ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တရုတ်-မြန်မာစီးပွားရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအသင်းဥက္ကဋ္ဌ လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာအား တရုတ်-မြန်မာစီးပွားရေးနှင့် ယဉ်ကျေးမှုဖလှယ်ရေးအသင်းမှ ဥက္ကဋ္ဌဖြစ်သူ Mr. Hu Wei Hsin ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ဇွန် ၂၇ ရက် ညနေ ၃ နာရီက နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ကော်မတီ ဆောင်အမှတ် (၁) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် နှစ်နိုင်ငံအကြား ပိုမိုချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေး၊ စီးပွားရေးနှင့် ယဉ်ကျေးမှု ဆိုင်ရာကိစ္စရပ်များကို အပြန်အလှန် ရင်းနှီးစွာဆွေးနွေးခဲ့ကြပြီး အဆိုပါ တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်အတူ ပြည်သူ့လွှတ်တော်ကော်မတီများမှ အဖွဲ့ဝင်များနှင့် လွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

ကားလမ်းဘေးမှ စပါးခြွေလှေ့စက်

နေပြည်တော်ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းဟောင်း မိုင်တိုင် ၂၃၅/ ၄ အနီး၌ ဇွန် ၃၀ရက် ညနေ ၃နာရီ မိနစ် ၂၀ က ကားလမ်းနံဘေး စပါးများပုံ၍ စပါးခြွေလှေ့စက်အသုံးပြုလျက်ရှိရာ ခြွေလှေ့စက်မှ ထွက်ရှိလာသော ကောက်ရိုးများသည် ကားလမ်းပေါ်သို့ ပြန့်ကျဲနေပြီး မော်တော်ယာဉ်များအဖို့ အန္တရာယ်မရှိနိုင်သော်လည်း ဆိုင်ကယ်စီးလာသူများအတွက် အန္တရာယ်ရှိနိုင်ကြောင်း တွေ့ရသည်။ **(ယာပုံ)**

သတိပြု

မိမိအတွက် အကျိုးစီးပွားရှာရာတွင် ပတ်ဝန်းကျင်ကိုသော်လည်းကောင်း၊ ခရီးသွားပြည်သူများအတွက်ကိုသော်လည်းကောင်း စိတ်အနှောင့်အယှက်ဖြစ်ဖွယ်ရာနှင့် အန္တရာယ်မရှိစေရန် သတိပြုဆင်ခြင်သင့်ပါကြောင်း ထင်သာမြင်သာ ပြုပြင်စရာကဏ္ဍမှ ရေးသားတင်ပြအပ်ပါသည်။ **ကျော်သူရ(နေပြည်တော်)**

ထင်သာမြင်သာ ပြုပြင်စရာ

လပွတ္တာမြို့နယ်၌ စီမံကိန်းတာဝန်များပေးအပ်

လပွတ္တာ ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်စီမံကိန်း တာဝန်များ ပေးအပ်ပွဲကို ဇွန် ၁၆ ရက်က ရွှေနဒီအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံကိန်း ဦးစီးမှူး ဒေါ်သန်းသန်းနုက ယခင်နှစ်ရည်မှန်းချက်များအပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် ယခု ၂၀၁၃-၂၀၁၄ ခုနှစ် စီမံကိန်းရည်မှန်းချက်များကို ရှင်းလင်းတင်ပြပြီးနောက် စီမံကိန်းရည်မှန်းချက် တာဝန်များကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဘိုဘိုမင်းသိုက်က ပေးအပ်ရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

နိုင်ငံအဝန်း သစ်တောစွမ်းဖြင့် စိမ်းလန်းစေရမည်

ဇူလိုင်လထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် ဇူလိုင် ၂

ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က လစဉ်ထုတ်ဝေလျက်ရှိသော သုတပဒေသာစာစောင် အတွဲ (၄၀)၊ အမှတ် (၇) ၂၀၁၃ခုနှစ် ဇူလိုင်လထုတ်ကို ဘာသာပြန်စာပေ စိတ်ဝင်စားသော စာဖတ်ပရိသတ်အတွက် အသွင်သစ်၊ အမြင်သစ်၊ ဒီဇိုင်းသစ်ဖြင့် ထုတ်ဝေဖြန့်ချိလိုက်ပြီ ဖြစ်သည်။

ဇူလိုင်လထုတ် သုတပဒေသာစာစောင်တွင် တိမ်လွှိုင်း၏ သမိုင်းမှတ်တိုင် စိုက်ထူနိုင်ခဲ့သော နိုင်ငံတော်သမ္မတကြီး၏ အမေရိကန်ခရီးစဉ်၊ နန်းညွန့်ယဉ်ခမ်း၏ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၏ မြန်မာနိုင်ငံခရီးစဉ်၊ ဒီဇင်ဘာမွန်း၏ ရေသယံဇာတ ဖူလုံရေး၊ စည်သူဒေါက်တာ ခင်မောင်ညွန့်၏ ဂျပန်ရိုးရာဝတ်စုံ ကီမိုနို၊ တက္ကသိုလ်မိုးမြင့်၏ အယ်လ်ဇိုင်းမားရောဂါသည်တို့အတွက် မျှော်လင့်ချက်များ၊ ယဉ်မင်းထွေး (စာပေဗိမာန်)၏ ငွေကြယ်ပွင့်တို့ကမ္ဘာ၊ တင်ညွန့်၏ လူငယ်နှင့် ခေါင်းဆောင်မှု၊ ဟိန်းလတ်၏ ပိုမိုကောင်းမွန်သော ဘဝနေနည်း၊ ဒေါက်တာခင်စန်းမော်၏ ကိုယ့်ဘဝကို ကိုယ်ကိုယ်တိုင်ကုစားနည်း၊ ဆောင်းဝင်းလတ်၏ နေလကြယ်စင် ထက်ကောင်းကင်ဝယ်၊ မောင်ပေါ်ထွန်း၏ ရေရှည်ကောင်းမည့်အလုပ်ကိုရှာစသော ဆောင်းပါးများနှင့်အတူ ဦးဘသန်း (မဟာဝိဇ္ဇာ)၊ မောင်မြင့်နိုင်၊ မှူးခင် (ရွှေပြည်သာ)၊ မောင်ဝင်းသူ (ဝါးခယ်မ)၊ ဒေါက်တာလှဖေ၊ စိန်ဝင်းနွယ်၊ ကိုကိုအောင် (အလုပ်သမား)၊ စိုးစိုး (ပန်းတောင်း)၊ စုလင်းလက်၊ ဒေါ်စောကြိုင်(အငြိမ်းစားပါမောက္ခ) တို့၏ ကဗျာ၊ ဝတ္ထုတို၊ ဆောင်းပါး၊ ဟာသ၊ ဖြစ်ရပ်မှန်၊ အင်္ဂလိပ်စာ၊ ထူးဆန်းထွေလာ၊ တိရစ္ဆာန်ထိန်းသိမ်းရေး စသည့် ကဏ္ဍများ စုံစုံလင်လင်ပါရှိသည်။

သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၁၆၀၀ ဖြင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ နေပြည်တော် သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ www.moi.gov.mm/ppe Website တွင်လည်း ဖတ်ရှုနိုင်သည်။

(သတင်းစဉ်)

ရာထူးဝင်ခွင့်သင်တန်း
ဖြိုး LO-4 , ဒုရဲအုပ်
DSA/ DSTA/ DSMA
Assignment ဝယ်ယူနိုင်ပါသည်။

ပြည်တွင်းသတင်း

ပြည်သူများလိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးမျှော်လင့်ချက်များ တစ်စတစ်စ ပုံပေါ်နီးကပ်လာ

❖ ရှေ့ဖုံးမှ

ခုတုံးလုပ်ပြီး လူတစ်စုရဲ့အစွန်းရောက်လုပ်ရပ်တွေ၊ မတူညီတဲ့ကိုးကွယ်ယုံကြည်မှုတွေအကြား အမုန်းတရားတိုးပွားအောင် လုပ်ဆောင်မှုတွေ၊ ကိုယ်ကျိုးစီးပွားနဲ့ယှဉ်တဲ့ နိုင်ငံရေး၊ စီးပွားရေး အမြတ်ထုတ်လုပ်ဆောင်မှုတွေကြောင့် ပေါ်ပေါက်ခဲ့တဲ့ အကြမ်းဖက်လုပ်ရပ်တွေဟာ ပြည်ပနိုင်ငံများမှာရောက်ရှိနေထိုင်ကြရတဲ့ ကျွန်တော်တို့ရဲ့ နိုင်ငံသားများကို မလုံခြုံမှုတွေနဲ့စိုးရိမ်သောကတွေ ဖြစ်စေခဲ့တယ်ဆိုတာပဲဖြစ်ပါတယ်။ ကျွန်တော်တို့အနေနဲ့ နိုင်ငံတွင်းမှာ တစ်ဖက်နဲ့တစ်ဖက်ကြား အမုန်းတရားတွေကြီးထွားအောင် လှုံ့ဆော်ဆောင်ရွက်မှုတွေကို ဥပဒေနဲ့အညီ ထိထိရောက်ရောက် အရေးယူဆောင်ရွက်ဖို့နဲ့ ထပ်မံပေါ်ပေါက်ခြင်းမရှိအောင် ကာကွယ်တားဆီးဖို့ အရှိန်အဟုန်မြှင့် ကြိုးပမ်းကြရမှာဖြစ်သလို ပြည်ပနိုင်ငံများမှာ ရောက်ရှိနေထိုင်ကြတဲ့ ကျွန်တော်တို့ နိုင်ငံသားများ အထူးသဖြင့် ပြည်ပမှာ ခက်ခက်ခဲခဲ ရုန်းကန်နေကြရတဲ့ မြန်မာများရဲ့ လုံခြုံရေးနဲ့ လိုအပ်တဲ့ကာကွယ်စောင့်ရှောက်မှုတွေကို ထိရောက်စွာပေးနိုင်ဖို့အတွက် ပြည်ပနိုင်ငံများမှာ အခြေစိုက်တဲ့ မြန်မာသံရုံးများရဲ့ စွမ်းဆောင်ရည်တွေကို မြှင့်တင်တိုးချဲ့ ဆောင်ရွက်သွားရမယ်ဆိုတာကိုလည်း အထူးဂရုပြုမိပါတယ်။ ဒီဖြစ်ရပ်မှာ မြန်မာ့ရိုးရာဓလေ့ထုံးစံတစ်ခုဖြစ်တဲ့ မိမိတို့အမျိုးသားချင်းစောင့်ရှောက်ကူညီမှု၊ ပုဂ္ဂိုလ်တစ်ဦးချင်းစီရဲ့ တစ်ပိုင်တစ်နိုင်ကူညီမှုကနေ ပြည်တွင်းပြည်ပမှာရှိကြတဲ့ လူမှုရေးအဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များရဲ့ ထက်သန်တဲ့ စေတနာနဲ့ ကူညီမှုတွေကို တွေ့မြင်ရတဲ့အတွက် ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။ အလုပ်သမားကိစ္စရပ်များနဲ့ဆက်စပ်ပြီး ကျွန်တော်တို့နိုင်ငံ စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အတားအဆီးလိုဖြစ်နေခဲ့တဲ့ နိုင်ငံတကာ ပိတ်ဆို့အရေးယူမှုတွေ ရုပ်သိမ်းသွားစေဖို့ ကျွန်တော်တို့အစိုးရအနေနဲ့ အထူးကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာ မိဘပြည်သူများ သိရှိကြပြီးဖြစ်ပါတယ်။ ယခုလအတွင်းမှာ အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့ ILO က မြန်မာနိုင်ငံအပေါ် ချမှတ်ထားတဲ့ အရေးယူကန့်သတ်မှုများအားလုံးကို ရုပ်သိမ်းပေးလိုက်ပြီး တင်းပြည့်ကျပ်ပြည့် အဖွဲ့ဝင်နိုင်ငံအဖြစ် ပြန်လည်အသိအမှတ်ပြုလိုက်ပြီဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံမှာ ဖြစ်ပေါ်နေတဲ့ အလုပ်ရှင် အလုပ်သမား အငြင်းပွားမှုတွေကို စားပွဲဝိုင်းမှာ မျက်နှာစုံညီအဖြေရှာ ဆွေးနွေးလာနိုင်တာတွေ၊ အလုပ်သမား အခွင့်အရေးကို ကာကွယ်ပေးတဲ့ဥပဒေတွေ ပြဋ္ဌာန်းကျင့်သုံးလာနိုင်တာတွေ၊ အလုပ်သမား အဖွဲ့အစည်းတွေ ဖွဲ့စည်းခွင့်ရလာတာတွေနဲ့ အဓမ္မလုပ်အားပေးစေခိုင်းမှု တိုက်ဖျက်ရေးမှာ အောင်မြင်မှုရရှိလာတာတွေကြောင့် အခုလို ILO ရဲ့ ကျန်ရှိနေသေးတဲ့ အရေးယူပိတ်ဆို့မှုများအားလုံးကို ရုပ်သိမ်းလိုက်တာလည်း ဖြစ်ပါတယ်။ အခုလို ILO ရဲ့ တင်းပြည့်ကျပ်ပြည့်အဖွဲ့ဝင်နိုင်ငံ ပြန်ဖြစ်လာတာဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးမှုအတွက်သာမကဘဲ မြန်မာအလုပ်သမားများရဲ့ အခွင့်အရေးများကို အကာအကွယ်ပေးနိုင်ဖို့ များစွာအထောက် အကူပြုမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ လူအများစု ကိုးကွယ်ယုံကြည်တဲ့ ဗုဒ္ဓဘာသာအပေါ်မှာ ကမ္ဘာက အထင်အမြင်လွဲမှားစေပြီး မြန်မာနိုင်ငံသား ဗုဒ္ဓဘာသာဝင်အများစုရဲ့ ဘာသာရေးယုံကြည်မှုနဲ့ အနှစ်သာရများကို ထင်ဟပ်ခြင်းမရှိတဲ့ ပုဂ္ဂိုလ်အနည်းစုရဲ့ လုပ်ဆောင်မှုတွေကို ဖောင်းပေးဖော်ပြထားတဲ့ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ထုတ် တိုင်းမ်မဂ္ဂဇင်း မျက်နှာဖုံးနဲ့ ပတ်သက်ပြီး ပြည်သူများအကြား အငြင်းပွားမှုတွေ၊ သဘောထားကွဲလွဲမှုတွေနဲ့ စိတ်ထိခိုက်ခဲ့ရမှုတွေ ဖြစ်ခဲ့ကြရတာတွေကို ကြားသိခဲ့ရပါတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော်တို့အစိုးရရဲ့ သဘောထားရပ်တည်ချက်ကတော့ ဒီမိုကရေစီလမ်းကြောင်းပေါ်ကို စတင်လျှောက်လှမ်းနေတဲ့ အစိုးရတစ်ရပ်အနေနဲ့ လူ့အဖွဲ့အစည်း တစ်ရပ်လုံးမှာ ပါဝင်သူအားလုံးနဲ့ ပြည်တွင်းပြည်ပ မီဒီယာများရဲ့ ပြောဆိုရေးသားမှုများထဲမှာ မတူညီသော သဘောထားအမြင်များကို နားလည် လက်ခံပါတယ်။ ကျွန်တော့်အနေနဲ့ မိမိတို့ လူ့အဖွဲ့အစည်းအတွင်း လွတ်လပ်စွာရေးသားခွင့် ပြန်လည်ရရှိဖို့နဲ့

ကျွန်တော့်အနေနဲ့ အနာဂတ်မျိုးဆက်တွေအတွက်ပါ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ဘဝတွေ ပိုင်ဆိုင်လာကြဖို့အတွက် ရေရာသေချာတဲ့ အနာဂတ်တစ်ခုကို ရှေးရှုပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

အသက်ဝင်ရှင်သန်ရေးကို အစဉ်တစိုက် ကြိုးပမ်းဆောင်ရွက်နေတယ်ဆိုတာကို သိရှိကြပြီးလည်းဖြစ်ပါတယ်။

သို့သော်လည်း ကျွန်တော်တို့ မြန်မာ့ဓလေ့ထုံးစံတစ်ရပ်အဖြစ် ခံယူထားကြတဲ့ "မည်မျှမှန်ကန်သော ကိစ္စရပ်ပင်ဖြစ်သော်လည်း အများအတွက် အကျိုးမရှိပါက ပြောကြားရန်မသင့်"ဆိုတဲ့ အဆုံးအမအတိုင်း လွတ်လပ်စွာဆန္ဒထုတ်ဖော်ခွင့်နဲ့ လွတ်လပ်စွာရေးသားခွင့်တို့ကို ကျင့်သုံးကြတဲ့အခါ မြန်မာ့လူ့အဖွဲ့အစည်း လက်ရှိရောက်နေတဲ့ နိုင်ငံရေးအခြေအနေနဲ့ လိုက်လျောညီထွေရှိဖို့ လိုသလို အပြုသဘောဆောင်တဲ့ ကျင့်သုံးမှုများဖြစ်ဖို့ လိုအပ်တယ်လို့လည်း အလေးအနက်ခံယူထားပါတယ်။ ဒါကြောင့် တိုင်းမ်မဂ္ဂဇင်းမှာပါဝင်တဲ့ ရေးသားပြောဆိုချက်တွေဟာ အပြုသဘောဆောင်သော ချဉ်းကပ်မှု၊ ပြည်သူလူထုအများစု နားလည်လက်ခံပေးနိုင်မယ့် တင်ပြခြင်းမျိုးနဲ့ မြန်မာနိုင်ငံမှာ ဖြစ်ပွားလျက်ရှိတဲ့ ပဋိပက္ခများကို ငြိမ်းအေးစေသော ရည်ရွယ်ချက်များဖြစ်အောင် အာရုံစိုက်သင့်တယ်လို့ ကျွန်တော့်အနေနဲ့ တိုက်တွန်းလိုပါတယ်။ အထူးသဖြင့် နိုင်ငံတကာမီဒီယာများကို ပြောကြားလိုတာကတော့ ကျွန်တော်တို့လုပ်ဆောင်နေတဲ့ ပြုပြင်ပြောင်းလဲရေးများရဲ့ တခြားမျက်နှာစာတစ်ဖက်မှာ ကြီးမားသည့်စိန်ခေါ်မှုများ၊ သမိုင်းဖြစ်ရပ်များ၏ အရိပ်မည်းများနဲ့ မိမိတို့လူ့အဖွဲ့အစည်းရဲ့ သံသယကြီးမားမှုနဲ့ အကဲဆတ်မှုများကို အစဉ်ထည့်သွင်းစဉ်းစားစေလိုကြောင်း ပြောကြားလိုပါတယ်။ အထူးသဖြင့် မြန်မာနိုင်ငံရဲ့ နိုင်ငံရေးဖြစ်ထွန်းမှုများနဲ့ ဒီမိုကရေစီအရေးတည်ဆောက်မှုများကို တိုင်းတာတဲ့အခါမှာ ၂၆ လသာသက်တမ်းရှိသေးတဲ့ကာလနဲ့ လိုက်လျောညီထွေရှိမယ့် တိုင်းတာမှုမျိုးဖြစ်သင့်ပါတယ်။

ဇွန်လအတွင်း ပြည်တွင်းငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနဲ့ပတ်သက်ပြီး အနည်းငယ်ပြောကြားလိုပါတယ်။ ဇွန်လအတွင်းမှာ RCSS/SSA ဥက္ကဋ္ဌဦးဆောင်တဲ့အဖွဲ့နဲ့ တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ခဲ့ပါတယ်။ KNU အဖွဲ့အစည်းနဲ့ KNPP အဖွဲ့အစည်းများနဲ့လည်း လိုအပ်တဲ့ဆွေးနွေးမှုများကို ဆက်လက်လုပ်ဆောင်နိုင်ပြီး ငြိမ်းချမ်းရေး တည်ဆောက်မှုဖြစ်စဉ်ကို အထောက်အကူပြုပံ့ပိုးပေးနိုင်မယ့် ယုံကြည်မှုတည်ဆောက်ခြင်းများကို တိုးမြှင့်နိုင်ခဲ့ပါတယ်။ အခုလို ပြည်တွင်းငြိမ်းချမ်းရေးဖော်ဆောင်မှုမှာ တိုးတက်မှုများ ရရှိလာခြင်းဟာ ကျွန်တော်တို့ ပြည်သူများ လိုလားတောင့်တနေကြတဲ့ ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးအတွက် မျှော်လင့်ချက်များ တစ်စတစ်စ ပုံပေါ်နီးကပ်လာပြီဆိုတာကို ဝမ်းမြောက်ဖွယ်တွေ့ရှိရမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မိဘပြည်သူများရဲ့ အဓိကလိုအင်ဆန္ဒနှစ်ရပ်ဖြစ်တဲ့ ကောင်းမွန်စွာစီးပွားရှာဖွေလုပ်ကိုင်နိုင်ရေးနဲ့ လုံခြုံမှုရှိရှိ ဘဝရပ်တည်နေထိုင်နိုင်ရေးဆိုတဲ့ အချက်တွေကို ကောင်းစွာသဘောပေါက်ပြီး နောင်အနာဂတ်မျိုးဆက်တွေအတွက်ပါ ပိုမိုကောင်းမွန်ပြည့်စုံတဲ့ဘဝတွေ ပိုင်ဆိုင်လာကြဖို့အတွက် ရေရာသေချာတဲ့ အနာဂတ်တစ်ခုကိုရှေးရှုပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားရင်း နိဂုံးချုပ်ပါတယ်။

မိဘပြည်သူများကျန်းမာကြပါစေ။

ထုတ်လုပ်ကုန်စည်များ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အဓိကလိုအပ်သည့် စံချိန်စံညွှန်းပြည့်မီစေရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁

၂၀၁၄ ခုနှစ် မြန်မာနိုင်ငံ အာဆီယံဥက္ကဋ္ဌ တာဝန်ကို အောင်မြင်စွာ ထမ်းဆောင်နိုင်ရန် အာဆီယံဒေသတွင်း ထုတ်လုပ်မှုနှင့် ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်း မြှင့်တင်ရန်နှင့် အာဆီယံကို ဦးဆောင်ရမည့် Myanmar Deliverables in 2014 ကို ချမှတ်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်သည့် (၁၂)ကြိမ်မြောက် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ယနေ့နံနက် ၉ နာရီတွင် ကျင်းပခဲ့သည်။

တက်ရောက်

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီများနှင့် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ နှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်**(ယာပုံ)**က မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျဥက္ကဋ္ဌတာဝန်အား လာမည့်အောက်တိုဘာလဆန်းတွင် လွှဲပြောင်းလက်ခံယူရမည်ဖြစ်ပြီး အာဆီယံအစည်းအဝေးများကို ယခုနှစ်ကုန်ပိုင်းမှစ၍ ဦးဆောင်ကျင်းပရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်သည့်လုပ်ငန်းများကို အရှိန်မြှင့်ပြီး ဆောင်ရွက်သွားရန်လိုကြောင်း၊ အာဆီယံစီးပွားရေးအသိုက်အဝန်းမဏ္ဍိုင်အနေဖြင့် Logistics ဆိုင်ရာ ကိစ္စရပ်များနှင့် ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များဆောင်ရွက်ရာတွင် အဆင့်တိုင်းလစ်ဟင်းမှုမရှိစေရေး အထူးဂရုစိုက်ဆောင်ရွက်ရန်ဖြစ်ကြောင်း၊ အာဆီယံဥက္ကဋ္ဌတာဝန်ယူချိန်တွင် ဒေသတွင်းအကျိုးစီးပွား ဖော်ဆောင်သွားခြင်းနှင့်အတူ မိမိ နိုင်ငံ၏အကျိုးစီးပွားကိုပါ ဖော်ဆောင်သွားရန်၊ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ စီးဝင်လာအောင် ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် ကျန်းမာရေး၊ ပညာရေးအပါအဝင်ကဏ္ဍပေါင်းစုံတိုးတက်အောင် ဆောင်ရွက်သွားရန် ဖြစ်ကြောင်း။

ပြည်သူ့ဝန်ထမ်းများ စွမ်းဆောင်ရည်မြှင့်တင်ရေးကိစ္စရပ်များကို အထူးအလေးထား ဆောင်ရွက်သွားစေလိုကြောင်း၊ အစိုးရဌာနများနှင့်အတူ ပုဂ္ဂလိကကဏ္ဍများ၊ စီးပွားရေးလုပ်ငန်းနှင့် ဆက်စပ်နေသူများအားလုံးတို့ ပူးပေါင်းပါဝင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လုပ်ငန်းကော်မတီအသီးသီး၏ ဌာနအသီးသီးမှပေးပို့လာသည့် အစည်းအဝေးများ လက်ခံကျင်းပမည့် စာရင်းများအရ National Calendar မူကြမ်းကို ရေးဆွဲပြီးဖြစ်ကြောင်း၊ အဓိကအားဖြင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည့်နှစ်အတွက် အာဆီယံတစ်ခုလုံးကို ဦးဆောင်ရမည့် Myanmar Deliverables in 2014 ကို ချမှတ်နိုင်ရန် လိုအပ်ကြောင်း၊ မြန်မာနိုင်ငံသည် ဒေသတွင်းမဟာဗျူဟာကျသည့်

နေရာ၌ တည်ရှိသဖြင့် Connectivity တွင် ပါဝင်သည့် ကုန်းလမ်းပို့ဆောင်ရေး Land Transport နယ်ပယ်၊ လယ်ယာစိုက်ပျိုးရေး နိုင်ငံဖြစ်ပြီး လယ်ယာထွက်ကုန်အခြေခံ စက်မှုနိုင်ငံ ထူထောင်လျက်ရှိရာ Food Security & Safety နယ်ပယ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်တွင် အဓိက အဟန့်အတားဖြစ်စေသည့် လာဘ်ပေးလာဘ်ယူ တိုက်ဖျက်ရေး (Anti-corruption)၊ ထုတ်လုပ်ကုန်စည်များ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းရှိရန် အဓိကလိုအပ်သည့် စံချိန်စံညွှန်းပြည့်မီစေရေးနှင့် SMEs ဖွံ့ဖြိုးတိုးတက်စေရေးတို့ကို အခြေခံ၍ ဖော်ထုတ်ဆွေးနွေးသွားရန် ဖြစ်ကြောင်း။

အဆိုပါ အာဆီယံအစည်းအဝေးများကာလအတွင်း လက်မှတ်ရေးထိုးရမည့် သဘောတူစာချုပ်များ၊ အခြေပြုစာချုပ်များ၊ အတည်ပြုပေးရမည့်ကိစ္စရပ်များ၊ သဘောတူလက်ခံရမည့် ကိစ္စရပ်များကို ဘာသာရပ်ဆိုင်ရာဝန်ကြီးဌာနများမှ ပြည်တွင်းလုပ်ထုံးလုပ်နည်းများအရ လိုအပ်သည့် ခွင့်ပြုချက်များရယူပြီး အမျိုးသားစီမံကိန်းနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနသို့ အကြောင်းကြားပေးရန် လိုအပ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ယင်းနောက် တက်ရောက်လာသည့် လုပ်ငန်းကော်မတီ (၁၅)ခုနှင့် ဌာနအဖွဲ့အစည်းများအလိုက် သက်ဆိုင်ရာကဏ္ဍများတွင် ဆောင်ရွက်နေမှုများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းကိစ္စရပ်များကို အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ကြပါသည်။ **(သတင်းစဉ်)**

ရခိုင်ပြည်နယ် သံတွဲမြို့၌ အခြေအနေများ အေးချမ်းတည်ငြိမ်လျက်ရှိ

နေပြည်တော် ဇူလိုင် ၁

ရခိုင်ပြည်နယ် သံတွဲမြို့တွင် ယမန်နေ့ညပိုင်းက လူစုလူဝေးဖြင့် ရုန်းရင်းဆန်ခတ်မှုအချို့ ဖြစ်ပွားခဲ့ရာ တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက ဝိုင်းဝန်းဖျောင်းဖျမှုကြောင့် လူစုကွဲသွားခဲ့ကြောင်း၊ မလိုလားအပ်သောပြဿနာများ ထပ်မံမဖြစ်ပွားစေရေးအတွက် သံတွဲမြို့ပေါ်တွင် ညဘက်အပြင်မထွက်ရန် တာဝန်ရှိသူများက မေတ္တာရပ်ခံထားကြောင်းနှင့်ပုဒ်မ ၁၄၄ ကိုပါ ထုတ်ပြန်ထားကြောင်း သိရသည်။

ယနေ့ ဇူလိုင် ၁ ရက်တွင် သံတွဲမြို့ပေါ်၌ တာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် မြို့နေပြည်သူလူထုတို့ ပူးပေါင်းဆောင်ရွက်မှုကြောင့် တည်ငြိမ်အေးချမ်းလျက်ရှိပြီး ပြည်သူများအရောင်းအဝယ်မပျက် နေထိုင်သွားလာလျက်ရှိကြကြောင်း သတင်းရရှိသည်။ **(ဝဲပုံ)** **(သတင်းစဉ်)**

နိုင်ငံတကာသတင်း

ဘဂ္ဂဒက်အနီးဗုံးခွဲတိုက်ခိုက်မှုအတွင်း အီရတ်ဘောလုံးသမား ၁၂ ဦးသေဆုံး

ဘဂ္ဂဒက် ဇူလိုင် ၁

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ အရှေ့တောင်ဘက်အနီး နက်ရာဝမ်မြို့၌ ဇွန် ၃၀ရက်က ဘောလုံးသမားများကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်မှုတစ်ခုဖြစ်ပွားရာ အနည်းဆုံး ဘောလုံးသမား ၁၂ ဦး သေဆုံးပြီး ပရိသတ်အများအပြား ဒဏ်ရာရရှိသွားကြောင်း ပရက်စ်တီဗွီသတင်းတွင် ဇူလိုင် ၁ ရက်က သတင်းဖော်ပြသည်။

အဆိုပါ ဗုံးခွဲတိုက်ခိုက်မှုသည် ထိုနေ့ည ၇ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သတင်းရပ်ကွက်ကပြောသည်။ သေဆုံးသူအများစုသည် ဆယ်ကျော်သက်များဖြစ်ကြပြီး ဘောလုံးကစားနေစဉ် ဗုံးခွဲတိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

ယင်းတိုက်ခိုက်မှုသည် ဧပြီလနောက်ပိုင်း အီရတ်နိုင်ငံတစ်ဝန်း လူ ၂၀၀၀ ကျော်သေဆုံးခဲ့ရသည့် နောက်ဆုံးတိုက်ခိုက်မှုဖြစ်ရပ်ဖြစ်သည်။

အီရတ်နိုင်ငံတွင် မကြာသေးမီက ဗလီများနှင့် ဈေးများ၌ ဆွန်နီနှင့် ရှီးယိုက်တို့ အပြန်အလှန်တိုက်ခိုက်ခဲ့ကြပြီးနောက် လူငယ်ဘောလုံးသမားများနှင့် ရှီးယိုက်တို့အား ပစ်မှတ်ထား တိုက်ခိုက်လာကြသည်။ **(ပရက်စ်တီဗွီ)**

အကြမ်းဖက်မှုတိုက်ဖျက်နေချိန် ပါကစ္စတန်မြို့ကြီးနှစ်မြို့၌ ဗုံးခွဲတိုက်ခိုက်

အစ္စလမ္မာဘတ် ဇူလိုင် ၁

ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှုရစ်က အကြမ်းဖက်မှုတိုက်ဖျက်ရေး အရှိန်မြှင့်ဆောင်ရွက်ရန် ဆန္ဒပြုပြောကြားစဉ်မှာပင် ကွက်တာနှင့် ပက်ရှ်ဝါမြို့ကြီးများ၌ ဗုံးခွဲတိုက်ခိုက်မှုများဖြစ်ပွားခဲ့ရာ အနည်းဆုံး ၄၅ ဦး သေဆုံးခဲ့သည်။

ကွက်တာမြို့၌ ရှီးယိုက်တို့ နေထိုင်ရာရပ်ကွက်၌ အသေခံဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၂၈ ဦးသေဆုံးသွားသည်။ ယင်းနောက် ပက်ရှ်ဝါမြို့၌ လုံခြုံရေးတပ်များကို ပစ်မှတ်ထား၍ ဗုံးခွဲတိုက်ခိုက်ခဲ့ရာ ၁၇ ဦးသေဆုံးခဲ့ပြီး ၄၀ ဒဏ်ရာရရှိသွားခဲ့သည်။

ယင်းတိုက်ခိုက်မှုများသည် ဝန်ကြီးချုပ် နာဝပ်ရှုရစ်က အကြမ်းဖက်မှုတိုက်ဖျက်ရေးအစီအစဉ်သစ် ချမှတ်ဆောင်ရွက်နေချိန် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ဇွန် ၃၀ ရက်နောက်ပိုင်း ဖြစ်ပွားခဲ့သည့် ယင်းတိုက်ခိုက်မှုများသည် မည်သည့် အဖွဲ့အစည်းက တိုက်ခိုက်သည်ကို မသိရသေးဟု ဆိုသည်။ **(ဘီဘီစီ)**

ဓာတ်ငွေ့ယာဉ်က ကားကိုဝင်တိုက်ပြီး ပေါက်ကွဲမှုဖြစ်

ကမ်ပါလာ ဇူလိုင် ၁

ယူဂန္ဒာနိုင်ငံ မြို့တော်ကမ်ပါလာဆင်ခြေဖုံး၌ ဓာတ်ငွေ့တင်ယာဉ် ပေါက်ကွဲမှုကြောင့် အနည်းဆုံး ၂၉ ဦး သေဆုံးခဲ့ရပြီး အခြားဒါဇင်နှင့်ချီ၍ ဒဏ်ရာများရရှိသွားကြကြောင်း ရဲတပ်ဖွဲ့က ဇွန် ၃၀ရက်တွင် ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုသည် ဇွန် ၂၉ ရက်တွင် ဓာတ်ငွေ့တင်ယာဉ်က ကားတစ်စီးကို ဝင်တိုက်စဉ် ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ ဓာတ်ငွေ့တင်ယာဉ်ကို ပစ်ထားစဉ် ဓာတ်ငွေ့များ ရယူရန်ကြိုးစားနေသည့်အတွက် သေဆုံးသူ များပြားခဲ့ရကြောင်း ရဲတပ်ဖွဲ့မှပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ယင်းကဲ့သို့ပေါက်ကွဲမှုဖြစ်ပွားစဉ် မီးလောင်နေသော ယာဉ်များအနီးမှ ဝေးဝေးနေကြရန် ယူဂန္ဒာဘေးအန္တရာယ်တားဆီးရေးဝန်ကြီး မူဘာအက်ဝီရုက ပြောသည်။ **(ဆင်ဟွာ)**

ဗြိတိန်ဝန်ကြီးချုပ် အာဖဂန်ငြိမ်းချမ်းရေး ပါကစ္စတန်နှင့် ဆွေးနွေး

လန်ဒန် ဇူလိုင် ၁

ဗြိတိန်ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ပါကစ္စတန်နှင့်အိမ်နီးချင်း အာဖဂန်နစ္စတန်နိုင်ငံအတွင်း ငြိမ်းချမ်းရေးကြိုးပမ်းမှုများ အဆင့်မြှင့်တင်ဆောင်ရွက်ရေးနည်းလမ်းများအပေါ် ဆွေးနွေးရန်အတွက် အသစ်ရွေးချယ်တင်မြှောက်ခံရသည့် ပါကစ္စတန်ဝန်ကြီးချုပ် နာဝပ်ရှုရစ်နှင့်တွေ့ဆုံခဲ့ကြောင်း ဇူလိုင် ၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

ဇွန် ၃၀ ရက်က ပါကစ္စတန် ချစ်ကြည်ရေးခရီးစဉ်တွင် ဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းသည် အာဖဂန်နစ္စတန်နိုင်ငံအတွင်း လုံခြုံရေးနှင့် ငြိမ်းချမ်းရေးတိုးတက်ကောင်းမွန်ရေးအတွက် ဗြိတိန်နှင့်အတူ လုပ်ဆောင်ရန် ပါကစ္စတန်အစိုးရကို တိုက်တွန်းပြောကြားခဲ့သည်။

ယူကေဝန်ကြီးချုပ်၏ ပါကစ္စတန်နိုင်ငံသို့ နှစ်ရက်ကြာ တရားဝင်ချစ်ကြည်ရေးခရီးစဉ်သည် အာဖဂန်နစ္စတန်သို့ သွားရောက်ခဲ့ပြီးနောက် ဖြစ်ပေါ်လာခဲ့ခြင်းဖြစ်သည်။

အာဖဂန်၌ရှိနေစဉ် ၎င်းသည် ဗြိတိန်တပ်ဖွဲ့ဝင်များနှင့် တွေ့ဆုံခဲ့ပြီး အာဖဂန်နစ္စတန်သမ္မတ ဟာမစ်ကာဇိုင်းနှင့်လည်း ဆွေးနွေးပွဲများကျင်းပခဲ့သည်ဟု ဆိုသည်။

ဖြစ်ပေါ်လာ

အစ္စလမ္မာဘတ်အစိုးရအနေဖြင့် ကာတာနိုင်ငံ၌ တာလီဘန်စစ်သွေးကြွများနှင့် အမေရိကန်တို့အကြား အငြင်းပွားနေဆဲ ငြိမ်းချမ်းရေးဆွေးနွေးမှုများ အဆင်ပြေချောမွေ့စေခဲ့ပြီးနောက် ရက်အတန်ကြာတွင် ဒေးဗစ်ကင်မရွန်း၏ ချစ်ကြည်ရေးခရီးစဉ်ဖြစ်ပေါ်လာခြင်းဖြစ်သည်။

ပါကစ္စတန် အစိုးရအရာရှိများအနေဖြင့် တာလီဘန်နှင့် အမေရိကန်တို့၏ အပြန်အလှန်ဆွေးနွေးမှုကို ကြိုဆိုခဲ့သော်လည်း အာဖဂန်အစိုးရအနေဖြင့် စစ်သွေးကြွအုပ်စုများနှင့် အမေရိကန်ဦးဆောင်သော ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ပတ်သက်ပြီး အပူတပြင်း စိုးရိမ်နေခဲ့ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့သည်။

(ပရက်စ်တီဗွီ)

မောင်မွေး ရေးသားသည်

တရုတ်၌ မိုးသည်းထန်စွာရွာပြီး ရေကြီးရေလျှံမှုများဖြစ်နေ

ပေကျင်း ဇူလိုင် ၁

တရုတ်နိုင်ငံ၌ မိုးသည်းထန်စွာရွာသွန်းမှု၊ရေကြီးရေလျှံမှုများ ဒေသတော်တော်များများတွင် ဖြစ်ပွားခဲ့ရာ အနည်းဆုံး လူ ၁၄ ဦး သေဆုံးခဲ့ရပြီး အများအပြား ပျောက်ဆုံးနေဆဲဖြစ်သည်ဟု ဒေသခံတာဝန်ရှိသူများက ဇွန် ၃၀ရက်တွင် ပြောကြားခဲ့သည်။

ဖြစ်စဉ်မှာ အရှိန်အဟုန်ဖြင့် အဆက်မပြတ်ရွာသွန်းလာသော မိုးကြောင့် တရုတ်နိုင်ငံမြောက်ပိုင်းအတွင်းမွန်ဂိုလီးယားဒေသရှိ အာဒေါ့စ်မြို့ကို ပြင်းထန်စွာရိုက်ခတ်သွားခဲ့ရာ ရှစ်ဦးသေဆုံးကာ တစ်ဦးပျောက်ဆုံးနေဆဲဟု ဒေသအစိုးရက ဆိုသည်။ တုံရှန်ခရိုင်တွင် ယင်းနေ့ ညနေ ၃ နာရီက စတင်ခဲ့သော မိုးကြောင့် ဒေသခံအိမ်အများအပြား ရေလွှမ်းခံရပြီး ယာဉ်အသွားအလာများ အခက်အခဲကြုံခဲ့ရသည်ဟု ဆိုသည်။

အန်ဟွီပြည်နယ်တွင် ဇွန် ၃၀ရက်က မိုးရွာသွန်းခဲ့ရာမှ ရေကြီးမှုကြောင့် အိမ်များပြိုကျရာ ပိတ်မိပြီး လူလေးဦးသေဆုံးခဲ့ကာ စီချွမ်မြစ်ဝှမ်းအလယ်ပိုင်းနှင့် အနောက်ပိုင်းတို့တွင် မိုးရွာသွန်းမှုမိုးရေချိန် ၁၀၀ မီလီမီတာမှ ၂၀၀ မီလီမီတာအထိ ရောက်ရှိခဲ့ပြီး အချို့နေရာများတွင်မူ ၃၀၀ မီလီမီတာထိရောက်ရှိခဲ့သည်။ **(ဆင်ဟွာ)**

ဆီးရီးယားအကြမ်းဖက်မှုများ၌ အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံဆုံးရှုံးဟုဆို

ဒမတ်စကတ် ဇူလိုင် ၁

ဆီးရီးယားနိုင်ငံတွင် ပြည်ပကျောထောက်နောက်ခံ ပြုနေသော အကြမ်းဖက်တိုက်ခိုက်မှု နှစ်နှစ်ကျော်ကာလအတွင်း အစိုးရအဆောက်အအုံပေါင်း ၉၀၀၀ ခန့် ပျက်စီးခဲ့ပြီး ပြည်သူများ၏ဆုံးရှုံးမှု အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံ ရှိခဲ့ကြောင်း ဆီးရီးယားဝန်ကြီးတစ်ဦး၏ ပြောကြားချက်ကို ဇူလိုင် ၁ ရက်က ပရက်စ်တီဗွီသတင်းတွင် ဖော်ပြသည်။

၂၀၁၁ ခုနှစ် မတ်လနှင့် ၂၀၁၃ ခုနှစ် မတ်လအကြား အကြမ်းဖက်တိုက်ခိုက်မှုများကြောင့် ပြည်သူပိုင်ပျက်စီးဆုံးရှုံးမှုတန်ဖိုးသည် အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံအထိ ရှိခဲ့ကြောင်း ဆီးရီးယားစီမံခန့်ခွဲရေးဝန်ကြီး အိုမာအယ်လ်တီဘရာဟင်ဂါလောက်ဂျီက ဇွန် ၃၀ ရက် ဆီးရီးယားသတင်း ထုတ်ပြန်ချက်တွင် မှတ်ချက်ပြု ပြောကြားခဲ့သည်။

၎င်းတို့သည် အစိုးရအဆောက်အအုံများနှင့် အခြေခံအဆောက်အအုံများအပေါ် အကြမ်းဖက်တိုက်ခိုက်မှုများ၏ အကျိုးဆက်များဖြစ်ကြောင်း သူက ထပ်မံပြောကြားခဲ့သည်။

ဆီးရီးယား အကျပ်အတည်းကြောင့် နိုင်ငံ၏ စီးပွားရေးပျက်စီးမှုများတွင် အမေရိကန်ဒေါ်လာသန်း ၆၀ မှ ၈၀ အထိ ကုန်ကျခဲ့ကြောင်း ဆီးရီးယား စီမံကိန်းဝန်ကြီးဟောင်း အဗ္ဗဒူလပ်အယ်လ်ဒါဒရီက မကြာသေးမီက ပြောကြားသွားခဲ့သည်။

ဆီးရီးယား စီးပွားရေးသည် ၎င်း၏ ပြည်တွင်းထုတ်ကုန်ရရှိမှု (ဂျီဒီပီ) ၏ ၄၀ ရာခိုင်နှုန်း ဆုံးရှုံးပြီး ယနေ့ ဆီးရီးယားနိုင်ငံတွင် အလုပ်လက်မဲ့ပြည်သူပေါင်း ၂ ဒသမ ၅ သန်းခန့်ရှိနေကြောင်း ဒါဒရီ၏ ပြောကြားချက်အရသိရသည်။ **(ပရက်စ်တီဗွီ)**

အရီဇိုးနားတောမီးလောင်ကျွမ်းမှု ငြိမ်းသတ်သူ မီးသတ်တပ်ဖွဲ့ဝင်များ သေဆုံး

ဝါရှင်တန် ဇူလိုင် ၁

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်အလယ်ပိုင်းဒေသ၌ တောမီးလောင်ကျွမ်းမှုကြောင့် ငြိမ်းသတ်သူ အမေရိကန်မီးသတ်တပ်ဖွဲ့ဝင် အနည်းဆုံး ၁၉ ဦး သေဆုံးခဲ့ရသည်ဟု ဒေသခံတာဝန်ရှိသူများက ပြောကြားကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ရေးသားထားသည်။

ဖီးနစ်မြို့အနောက်မြောက်ဘက် မိုင် ၈၀ ခန့်အကွာရှိ ယာနဲလ်မြို့ရှိ ကြောက်မက်ဖွယ် မီးလောင်ကျွမ်းမှုကို ငြိမ်းသတ်နေစဉ် တပ်ဖွဲ့ဝင်များ သေဆုံးခဲ့ရခြင်းဖြစ်သည်ဟု သိရသည်။ အဆိုပါမီးသည် ဇွန် ၂၈ရက်က မိုးကြိုးလျှပ်စီးမှ စတင်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး အစိုဓာတ်နည်းပါးကာ လေပြင်းများတိုက်ခတ်မှု ကြုံခဲ့သောကြောင့် တစ်ခဏအတွင်း လျင်မြန်စွာ ပျံ့နှံ့လောင်ကျွမ်းသွားခဲ့ခြင်းဖြစ်သည်ဟု ဆိုထားသည်။

ကယ်လီဖိုးနီးယားပြည်နယ် အပါအဝင် အမေရိကန်အနောက်ပိုင်း အရီဇိုးနားပြည်နယ်နှင့် အခြားပြည်နယ်များလည်း လောင်ကျွမ်းခဲ့သည်ဟု သိရသည်။

ရွှေ့ပြောင်းပေးထား

မီးသတ်တပ်ဖွဲ့ဝင် ၂၀၀ တို့မှာ မီးငြိမ်းသတ်နေဆဲပင်ဖြစ်ပြီး ယာနဲလ်ဒေသနှင့် ဒေသတစ်ဝိုက်ရှိ ဒေသခံများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားသည်ဟု သိရသည်။

ပြီးခဲ့သည့် ရက်များက ၎င်းအမေရိကန်အနောက်ပိုင်း ပြည်နယ်ဒေသခံဒါဇင်ပေါင်းများစွာတို့သည် အပူလှိုင်းရိုက်ခတ်ခံရသဖြင့် အားအင်ကုန်ခန်းမောပန်းနွမ်းနယ်ခြင်း၊ ရေဓာတ်ကုန်ဆုံးခြင်းများကြောင့် ဆေးဝါးကုသမှုများ ခံယူခဲ့ကြရသည်ဟု ဆိုသည်။ အချို့နေရာများ၌ အပူချိန်ကျရောက်မှုမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာက ကယ်လီဖိုးနီးယား သေမင်းတမန်တောင်ကြားဒေသတွင် ဖြစ်ပေါ်ခဲ့သော ကမ္ဘာ့အမြင့်ဆုံးစံချိန်တင်အပူချိန် ၅၄ ဒီဂရီစင်တီဂရိတ် (၁၃၀ ဒီဂရီဖာရင်ဟိုက်)ထိ ရောက်သွားနိုင်သည်ဟု မျှော်လင့်ထားကြသည်။ **(ဘီဘီစီ)**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အိတ်ဖွင့်အဆိုပြုလွှာခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနလက်အောက်ရှိ သဘာဝဓာတ်ငွေ့သုံး ဓာတ်အားပေးစက်များတွင် အသုံးပြုရန်အတွက် လိုအပ်သော သဘာဝဓာတ်ငွေ့ကို လက်ရှိမြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းပိုင် ဓာတ်ငွေ့ပိုက်လိုင်းသို့အရောက် တန်ဖိုး (D.D.P Yangon) ဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသော ပြည်တွင်း/ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်အပ်ပါသည်-

သဘာဝဓာတ်ငွေ့

နည်းလမ်း - Liquefied Natural Gas (LNG)အား တင်သွင်း၍ Floating Storage and Regasification Unit (FSRU) အသုံးပြုပြီး သဘာဝဓာတ်ငွေ့အဖြစ် ပေးသွင်းရန်

ပမာဏ - တစ်ရက်လျှင် ကုဗပေသန်း ၁၅၀ မှ ၂၀၀ အထိအား ၂၀၁၄ခုနှစ် မတ်လမတိုင်မီလည်းကောင်း၊ ၂၀၁၄ခုနှစ်နောက်ပိုင်းတွင် တစ်ရက်လျှင် ကုဗပေသန်း ၅၀၀မှ ၆၀၀ အထိအား ၅နှစ်မှ ၁၀နှစ်ကာလ အထိလည်းကောင်းပေးသွင်းရန်

၂။ အဆိုပြုလွှာနှင့်ဈေးနှုန်းများအား ၃၁-၇-၂၀၁၃ ရက် မွန်းတည့် ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရမည်။

၃။ ပေးသွင်းရမည့် သဘာဝဓာတ်ငွေ့နှင့်ပတ်သက်၍ စံချိန်စံညွှန်းများကိုလည်းကောင်း၊ အသေးစိတ်သိရှိလိုသည့် အချက်အလက်များကိုလည်းကောင်း၊ ယခုကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အောက်ပါဌာနများတွင် လာရောက်စုံစမ်းဆွေးနွေးနိုင်ပါသည်-

(က) အင်ဂျင်နီယာချုပ်ရုံး
ဓာတ်ငွေ့နှင့်ရေနွေးငွေ့စက်ရုံများဌာန၊
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊ ဖုန်း-၉၅၆၇ ၄၁၁၀၇၀၊ ၄၁၁၁၈၀

(ခ) အင်ဂျင်နီယာချုပ်ရုံး၊
ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့၊
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
အမှတ်(၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊
အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၉၅၁ ၂၁၄၆၄၁

ကိုရီးယားကျွန်းဆွယ်က ဆွေးနွေးပွဲများအခြေအနေ

မောင်မဟာ

ကိုရီးယားကျွန်းဆွယ်မှာ အခြေအနေတွေ လိပ်ခဲတည်းလည်းဖြစ်နေတဲ့ အချိန်နဲ့တစ်ပြိုင်တည်းမှာပဲ မြောက်ကိုရီးယားနဲ့ဆက်ဆံရေး တိုးတက်ကောင်းမွန်ဖို့အတွက်ရော ကိုရီးယားကျွန်းဆွယ်မှာ နျူကလီးယားကင်းစင်ရေးဆိုတဲ့ ရည်မှန်းချက်ရောက်ရှိဖို့ ခြေလှမ်းတစ်လှမ်းအဖြစ် အမေရိကန်၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့က အပြုသဘောဆောင်တဲ့ လုပ်ဆောင်မှုတွေ ပြုလုပ်ဖို့ သဘောတူညီလိုက်ကြပါတယ်။

တိုက်တွန်း

မြောက်ကိုရီးယားတို့ကလည်း ကိုရီးယားကျွန်းဆွယ်မှာ နျူကလီးယားကင်းရှင်းရေးကိုဦးတည်တဲ့ နျူကလီးယားစမ်းသပ်မှုတွေ ရပ်ဆိုင်းဖို့နဲ့ နျူကလီးယားအစီအစဉ်တွေ ရပ်တန့်ဖို့ ဆန္ဒပြင်းပြစွာနဲ့ ဆောင်ရွက်သင့်တယ်လို့ အမေရိကန်၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့က တိုက်တွန်းလိုက်ပါတယ်။

မြောက်ကိုရီးယားတို့ဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲဖြစ်တဲ့ ခြောက်နိုင်ငံဆွေးနွေးပွဲကို ကြိုတင်သတ်မှတ်ချက်တွေမထားရှိဘဲ ပြန်လည်ဝင်ရောက်ဖို့ လိုတယ်လို့ဆိုပြီး ဒီလိုဆွေးနွေးပွဲတွေကတစ်ဆင့် ငြိမ်းချမ်းရေးကိုဖော်ဆောင်နိုင်မယ်လို့ ယုံကြည်နေပါတယ်လို့ ဆိုထားပါတယ်။

အမေရိကန်တို့နဲ့ အဆင့်မြင့်တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်လိုတယ်လို့ မြောက်ကိုရီးယား အမျိုးသားကာကွယ်ရေးကော်မရှင်က အဆိုပြုထားပေမယ့် အမေရိကန်တို့က အဲဒီအဆိုပြုချက်ဟာ ကိုရီးယားကျွန်းဆွယ်မှာ ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို ထိရောက်အကျိုးပြုမှုဖြစ်စေပြီး လေးနက်မှုရှိတဲ့ ဆွေးနွေးမှုမျိုးဖြစ်ဖို့ လိုအပ်ပါတယ်လို့ ဆိုနေပါတယ်။

မြောက်ကိုရီးယားတို့က အမေရိကန်တို့ဟာ အဆင့်မြင့်ကိုယ်စားလှယ်တွေ တွေ့ဆုံဆွေးနွေးလိုသလို ဂျပန်နဲ့ တောင်ကိုရီးယားနိုင်ငံတို့နဲ့လည်း အဆင့်မြင့်တွေ့ဆုံဆွေးနွေးမှုတွေ ပြုလုပ်ဖို့လိုအပ်ပါတယ်လို့ အမေရိကန်တို့က မြောက်ကိုရီးယားကို တိုက်တွန်းထားပါတယ်။

ထုတ်ဖော်ပြောကြား

အမေရိကန်၊ ဂျပန်နဲ့ တောင်ကိုရီးယားတို့နဲ့ မြောက်ကိုရီးယားတို့ရဲ့ အဆင့်မြင့်တွေ့ဆုံမှုကို အကောင်အထည်ဖော်ပြီး အလေးအနက်ထား ဆောင်ရွက်မယ်ဆိုရင် ဂျပန်-မြောက်ကိုရီးယားဆက်ဆံရေး ပြန်လည်ကောင်းမွန်မှု၊ တောင်ကိုရီးယားနဲ့ မြောက်ကိုရီးယားတို့ရဲ့ ဆက်ဆံရေး တိုးတက်ဖြစ်ထွန်းမှုအပြင် ကုလသမဂ္ဂ လုံခြုံရေးကောင်စီက မြောက်ကိုရီးယားတို့အပေါ် အရေးယူပိတ်ဆို့မှုမှာ ထူးခြားတဲ့ အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်စေမှာပါလို့ အမေရိကန်နိုင်ငံရဲ့ မြောက်ကိုရီးယားဆိုင်ရာ အထူးကိုယ်စားလှယ် ဂီလန်ဒေးဗစ်က ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

အဲဒီလိုပဲ တရုတ်၊ ရုရှားနဲ့ အခြားမိတ်ဖက်နိုင်ငံတွေအပါအဝင် အဆင့်မြင့်တွေ့ဆုံဆွေးနွေးမှုတွေ တိုးတက်ပြုလုပ်နိုင်ရင် မြောက်ကိုရီးယားတို့ဟာ ထူးခြားတဲ့အကျိုးကျေးဇူးတွေ ဖြစ်ထွန်းနိုင်ပါလိမ့်မယ်လို့ ဖော်ပြထားပါတယ်။

မြောက်ကိုရီးယားတို့ဟာ အိမ်နီးချင်းတောင်ကိုရီးယားတို့နဲ့ ဆက်ဆံရေး တိုးတက်ကောင်းမွန်အောင် ယုံကြည်မှုရှိတဲ့ ဆွေးနွေးမှုတွေ ဦးစွာပြုလုပ်သင့်တယ်လို့ဆိုထားပြီး မိမိတို့ရဲ့ ဆန္ဒကတော့ တောင်၊ မြောက်ကိုရီးယားဆက်ဆံရေးဟာ တိုးတက်ဖြစ်ထွန်းဖို့ ဆန္ဒရှိနေပါတယ်လို့ ဆိုထားပါတယ်။

ဒါပေမယ့် မြောက်ကိုရီးယားတို့ရဲ့ တွေ့ဆုံဆွေးနွေးမှု အဆိုပြုချက်ဟာ ကိုရီးယားကျွန်းဆွယ်ရဲ့ လက်ရှိအနေအထားအရ ကောင်းမွန်တဲ့အရိပ်လက္ခဏာဖြစ်တာမှန်ပေမယ့် ငြိမ်းချမ်းရေးနဲ့ တည်ငြိမ်ရေးကို လေးနက်စွာဦးတည်ဖို့တော့လိုတယ်လို့ အမေရိကန်တို့က ဆိုနေပါတယ်။

နိုင်ငံတကာသတင်း

အီဂျစ်သမ္မတ နုတ်ထွက်ရန် နိုင်ငံတစ်ဝန်း ဆန္ဒပြတောင်းဆို

အီဂျစ်သမ္မတ မိုဟာမက်မော်စီ နုတ်ထွက်ပေးရန် နိုင်ငံတစ်ဝန်း လမ်းများပေါ်သို့ ထွက်ပြီးချီတက်ဆန္ဒပြခဲ့ကြကြောင်း ဇူလိုင် ၁ ရက် ဘီဘီစီသတင်းတွင် ဖော်ပြသည်။ မော်စီကို သမ္မတအဖြစ် တင်မြှောက်ပြီး တစ်နှစ်အကြာ ပြည်သူများက နုတ်ထွက်ပေးရန် ချီတက်ဆန္ဒပြတောင်းဆိုခဲ့ကြခြင်းဖြစ်သည်။ ဆန္ဒပြသူများက မော်စီ၏ စီးပွားရေးတိုးတက်အောင် ကိုင်တွယ်နိုင်မှုမရှိခြင်းနှင့် ရွေးကောက်ပွဲအနိုင်ရပြီး ကတိပြုပြောဆိုမှုများ ဖြည့်ဆည်းပေးနိုင်မှု မရှိခြင်းတို့အပေါ် ဒေါသထွက်နေကြသည်။ လူပေါင်း ၂၂ သန်းကျော်က လက်မှတ်ရေးထိုး၍ အီဂျစ်သမ္မတ နုတ်ထွက်ပေးရန် တောင်းဆိုခဲ့ကြသည်။ ထိုသို့ နိုင်ငံတစ်ဝန်း ဆန္ဒပြမှုဖြစ်ပွားစဉ် ရဲတပ်ဖွဲ့ဝင်များနှင့် ဆန္ဒပြသူများအကြား အဓိကရုဏ်းများ ဖြစ်ပွားပြီး ခုနစ်ဦး သေဆုံးခဲ့ပြီဖြစ်သည်။

ဥတ္တရာခန်းရေကြီးမှု လူ ၃၀၀၀ နီးပါး ပျောက်ဆုံးနေ

အိန္ဒိယနိုင်ငံ ဥတ္တရာခန်းပြည်နယ်၌ ရေကြီးမြေပြိုမှုများ ဖြစ်ပွားစဉ်အတွင်း လူ ၃၀၀၀ နီးပါးပျောက်ဆုံးနေဆဲဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားသည်။ ယင်းပြည်နယ်၌ လူပေါင်း ၈၀၀ ကျော် ရေကြီးမြေပြိုမှုများကြောင့် သေဆုံးခဲ့ပြီဖြစ်ကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဗီဂျေးဘာဟုဂုနာက ပြောသည်။ ဘာရာဒရစ်နားဒေသ၌ လူရာပေါင်းများစွာ ပိတ်မိနေဆဲဖြစ်ကြောင်း သတင်းများက ဖော်ပြသည်။ လူပေါင်း ၁၀၀၀၀၀ နီးပါးကို ယင်းဒေသမှ ဘေးကင်းရာသို့ ကယ်တင်ပေးနိုင်ခဲ့ပြီဟု ဆိုသည်။ ယခုနှစ်အစောပိုင်း မုတ်သုံမိုးရွာသွန်းမှုသည် နှစ် ၈၀ အတွင်း ဥတ္တရာခန်းပြည်နယ်၌ အဆိုးရွားဆုံးဖြစ်သည်။ မြစ်များ ရေလျှံပြီး ကျေးရွာများ ရွာလုံးကျွတ်ရေထဲမျောပါကုန်ကြသည်ဟု ဆိုသည်။

၂၈ နိုင်ငံမြောက် အီးယူအဖွဲ့ဝင် ခရိုအေးရှားဖြစ်လာ

ခရိုအေးရှားသည် ၂၈ နိုင်ငံမြောက် ဥရောပသမဂ္ဂ(အီးယူ)အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီဖြစ်ကြောင်း ဇူလိုင် ၁ ရက်က ဘီဘီစီသတင်းတွင် ဖော်ပြသည်။ မြို့တော်ဇာဂရက်၌ ပြည်သူအပေါင်းက ခရိုအေးရှားနိုင်ငံ အီးယူအဖွဲ့ဝင်နိုင်ငံအဖြစ်ရောက်ရှိခြင်း အထိမ်းအမှတ်အဖြစ် မီးကျည်မီးပန်းများ ပစ်ဖောက်၍ အောင်ပွဲခံခဲ့ကြသည်။ ယင်းနေ့သည် ခရိုအေးရှားနိုင်ငံ၏ သမိုင်းဝင်နေ့ဖြစ်ကြောင်း သမ္မတအီဗိုဂျိုစီပိုဗစ်က ညဥ့်သန်းခေါင်ယံ အခမ်းအနားကျင်းပစဉ် ပြောကြားလိုက်သည်။ ခရိုအေးရှားနိုင်ငံသည် လွတ်လပ်ရေးရပြီး ဆယ်စုနှစ်နှစ်ခုနီးပါးအကြာ အီးယူအဖွဲ့ဝင်နိုင်ငံ ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ခရိုအေးရှားနိုင်ငံသည် ၂၀၀၇ ခုနှစ်က ဘူလ်ဂေးရီးယားနှင့် ရိုမေးနီးယားတို့ အီးယူအဖွဲ့ဝင်ဖြစ်လာပြီးနောက် အီးယူအဖွဲ့ဝင်ဖြစ်လာခြင်း ဖြစ်သည်။ ယင်းနိုင်ငံသည် ယူဂိုဆလားဗီးယားမှ ၁၉၉၁-၁၉၉၅ ခုနှစ်အတွင်း စစ်မက်ဖြစ်ပွားပြီး ခွဲထွက်လာခဲ့ခြင်း ဖြစ်သည်။

မြင့်မောင်စိုး - စုစည်းသည်

ကမ္ဘာ့ အမြန်ဆုံးကား

ဒရေးဆွန်းပြိုင်ကားထုတ်လုပ်ရေးကုမ္ပဏီက ထုတ်လုပ်လိုက်သော လျှပ်စစ်မော်တော်ကားသည် ကမ္ဘာ့အမြန်ဆုံး မော်တော်ကားဖြစ်လာကြောင်း မကြာသေးမီက ဘီဘီစီသတင်းတွင် ဖော်ပြထားသည်။



အဆိုပါ လျှပ်စစ်မော်တော်ကားကို Lola B 12 69/Ev ဟု အမည်ပေးထားပြီး ရှေ့ရှိုင်းယားပြည်နယ် ကားပြိုင်ပွဲတွင် တစ်နာရီလျှင် ၂၀၄ ဒသမ ၂ မိုင်နှုန်းဖြင့် စံချိန်တင် မောင်းနှင်နိုင်ခဲ့သည်ဟု ဆိုသည်။

ယင်းကဲ့သို့ ကမ္ဘာ့အမြန်ဆုံး စံချိန်တင် မောင်းနှင်နိုင်မှုကြောင့် အီလက်ထရွန်နစ် ကားဈေးကွက် အလားအလာကို မြင့်တက်လာစေကြောင်း အဆိုပါ ကားကုမ္ပဏီအကြီးအကဲ ဒရေးဆွန်းက ပြောကြားသည်။

မောင်းနှင်နိုင်ခဲ့

ယခင်က အီလက်ထရွန်နစ်ကားများတွင် ဂျင်နရယ်အီလက်ထရွန်နစ်ကုမ္ပဏီက ထုတ်လုပ်သော လျှပ်စစ်ကားသည် တစ်နာရီလျှင် ၁၇၅ မိုင်နှုန်းဖြင့် အမြန်ဆုံးမောင်းနှင်နိုင်ခဲ့သည်။

ဒရေးဆွန်းကုမ္ပဏီက အဆိုပါ မော်တော်ကားများ အမြောက်အမြား ထုတ်လုပ်လျက် ဈေးကွက်အတွင်း ရောင်းချသွားရန် စီစဉ်လျက်ရှိသည်။ စွမ်းအင်ဈေးနှုန်းများ မြင့်မားလာချိန်တွင် ရုပ်ကြွင်းလောင်စာစွမ်းအင်များတွင် အီလက်ထရွန်နစ်စွမ်းအင်ဖြင့် အစားထိုးကာ ကားများထုတ်လုပ်ရောင်းချသွားရန် စီစဉ်နေကြပြီဖြစ်သည်။

အာကာကျော်-ရေးသည်

သောကြာဂြိုဟ်ပေါ်တွင် ထူးခြားစွာ လေပြင်းများ တိုက်ခတ်

သောကြာဂြိုဟ်ပေါ်တွင် လေပြင်းများတိုက်ခတ်လျက်ရှိကြောင်း၊ ယင်းလေပြင်းများ တိုက်ခတ်နေမှုသည် လွန်ခဲ့သည့် ခြောက်နှစ်အတွင်း အပြင်းထန်ဆုံးဖြစ်ကြောင်း ဥရောပအာကာသအေဂျင်စီမှ စေလွှတ်ထားသော သောကြာဂြိုဟ် လေ့လာရေးယာဉ်က ပေးပို့သောအချက်အလက်နှင့် ဓာတ်ပုံများအရ ဥရောပအာကာသအေဂျင်စီက ပြောကြားသည်။

လေ့လာရေးယာဉ်က ပေးပို့သော သတင်းအချက်အလက်နှင့် ဓာတ်ပုံများအရ သောကြာဂြိုဟ်ပေါ်တွင် လေတိုက်နှုန်းသည် တစ်နာရီလျှင် ၈၀ ကီလိုမီတာခန့်ရှိကြောင်း၊ သောကြာဂြိုဟ်ပေါ်ရှိ အခိုးအငွေ့များ ရွေ့လျားမှုသည် တစ်နာရီကီလိုမီတာ ၆၀ ခန့်ရှိကြောင်း ဥရောပအာကာသအေဂျင်စီမှ သုတေသနပညာရှင်များက ပြော ကြားသည်။

ဥရောပအာကာသအေဂျင်စီ(အီဆာ)က သောကြာဂြိုဟ်လေ့လာရေးယာဉ်ကို လွန်ခဲ့သည့် ခြောက်နှစ်ခန့်က လွှတ်တင်ထားခြင်းဖြစ်ပြီး သောကြာဂြိုဟ်၏ ထူးခြားမှုဖြစ်စဉ်များကို မပြတ်တမ်းလေ့လာကာ မြေပြင်စခန်းသို့ သတင်းအချက်အလက်နှင့် ဓာတ်ပုံများပေးပို့နေခြင်း ဖြစ်သည်။

ယခုအခြေအနေအတိုင်း လေပြင်းများ ဆက်လက်တိုက်ခတ်နေပါက မကြာမီအချိန်ကာလအတွင်း သောကြာဂြိုဟ်ပေါ်တွင် တစ်နာရီ ကီလိုမီတာ ၃၀၀ နှုန်းခန့်အထိလေပြင်းများ တိုက်ခတ်နိုင်ကြောင်း အီဆာ၏ အာကာသ သုတေသနပညာရှင်များက သုံးသပ်လျက်ရှိသည်။

အာကာဟိန်း-ရေးသည်

ညအိပ်ရာဝင်နောက်ကျသူများ ခန္ဓာကိုယ် အလေးချိန်တိုးလာနိုင်သည်ဟုဆို

အိပ်ရာဝင်နောက်ကျသူ၊ အိပ်ရေးဝဝမအိပ်ရသူတို့သည် စောစောအိပ်ရာဝင်သူ၊ ပုံမှန်အိပ်ချိန်တွင် နှစ်နှစ်ခြိုက်ခြိုက်အိပ်စက်သူများထက် ခန္ဓာကိုယ်အလေးချိန် ပိုတိုးလျက်ရှိကြောင်း လေ့လာမှုတစ်ရပ်က ဆိုထားသည်။

ညစာကို နောက်ကျမှ စားခြင်းသည်လည်း ကိုယ်အလေးချိန်တက်စေကြောင်း ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ်မှ သုတေသီများကဆိုကြသည်။ အိပ်စက်ရမည့် အချိန်အတွင်း အစားပိုစားခြင်းသည် ကိုယ်အလေးချိန်တိုးစေသည့် အဓိကအကြောင်းအရင်းတစ်ရပ်ဖြစ်သည်ဟု ဆိုထားသည်။

သုတေသနပြု

လေ့လာသူ သုတေသီအဖွဲ့သည် ကျန်းမာရေးကောင်းမွန်သည့် အနေအထားရှိသူများအား နောက်ကျအိပ်ရာဝင်ခြင်းနှင့် ကိုယ်အလေးချိန်တိုးလာခြင်းတို့အကြား စနစ်တကျ သုတေသနပြု ဖော်ထုတ်ခဲ့ခြင်းဖြစ်သည်။ သုတေသီတို့သည် အသက် ၂၂ နှစ် အရွယ်နှင့် အသက် ၅၀ အကြားရှိ ကျန်းမာရေးကောင်းမွန်ပြီး ပုံမှန်ကိုယ်အလေးချိန်ရှိသူဦးရေ ၂၂၅ ဦးတို့အား လေ့လာသုတေသနပြုခဲ့ကြသည်။

၄င်း ၂၂၅ ဦးတို့အား ညစဉ် နံနက် ၄ နာရီမှ ၈ နာရီအထိ အိပ်စက်သူအုပ်စုနှင့် ည ၁၀ နာရီမှ နံနက် ၈ နာရီအထိ အိပ်စက်သူအုပ်စု နှစ်စုထား လေ့လာခဲ့ရာမှ အိပ်ချိန်နောက်ကျ၍ အစားပိုစားသူများသည် သာမန်အိပ်ချိန်တွင် အိပ်စက်သူများနှင့်နှိုင်းယှဉ်ပါက ကယ်လိုရီပိုတိုးလျက်ရှိနေသည်ကို တွေ့ခဲ့ရသည်။ ထို့ကြောင့် အိပ်ချိန်နောက်ကျပြီး အစားစားပါက အခြားအချိန်များတွင် စားခြင်းထက် ကိုယ်အလေးချိန်ပိုတိုးရသည်ဟု ၄င်းသုတေသီတို့က ဆိုထားခြင်းဖြစ်သည်။

"အရင်ကလည်း အိပ်ချိန်တိုတောင်းတာနဲ့ ကိုယ်အလေးချိန်တိုးတာတွေရဲ့ဆက်စပ်မှုကို ဆွေးနွေးမှုတွေ လုပ်ထားဖူးပါတယ်။ အခုတစ်ခါတော့ သေသေချာချာနဲ့ ဓာတ်ခွဲခန်းလေ့လာမှုပြုလုပ်ခဲ့တာပဲဖြစ်ပါတယ်" ဟု သုတေသနအဖွဲ့ခေါင်းဆောင် ပင်ဆယ်လ်ဗေးနီးယားတက္ကသိုလ် စိတ်ပညာဌာနမှ ဒေါက်တာအင်ဒရေးယားစပက်က ဆိုသည်။ (နေခြည်)

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

မြင့်မြတ်ဂုဏ်ရည် တော်ဝင်စံထား မြန်မာအမျိုးသမီးများ

ဒေါက်တာဆုမြတ်ရွှေစင်(နည်းပညာ)

လူ့ဘောင်လူ့လောကတွင် သမ္မုတိသစ္စာအားဖြင့် ယောကျ်ား၊ မိန်းမ တစ်နည်းဆိုရသော် အမျိုးသား၊ အမျိုးသမီးများဟူ၍ ရှိကြပေသည်။ အမျိုးသားများတွင် ဂုဏ်ရည်သတ္တိအစွမ်း၊ အဆင့်အတန်းများရှိသကဲ့သို့ အမျိုးသမီးများတွင်လည်း ဂုဏ်သိက္ခာ၊ ဂုဏ်ရည်အစွမ်း အဆင့်အတန်းများ ရှိကြပေသည်။ ကမ္ဘာပေါ်ရှိ အမျိုးသမီးများအနက် မြန်မာအမျိုးသမီးများသည် ထူးခြားမြင့်မြတ်သောဂုဏ်ရည်နှင့် ပြည့်စုံ၍ တော်ဝင်စံထားထိုက်သော အမျိုးသမီးများလည်း ရှိခဲ့ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် လူဦးရေသန်း ၆၀ ကျော်ရှိသည့်အနက် မြန်မာအမျိုးသမီးဦးရေသည် ထက်ဝက်ကျော်ရှိလေသည်။ မြန်မာနိုင်ငံသည် လူ့အခွင့်အရေး အကျိုးစီးပွား၊ ခံစားခွင့်၊ ရပိုင်ခွင့်များကို အမျိုးသားနှင့် အမျိုးသမီးခွဲခြားမှုမရှိ တန်းတူညီမျှ ရရှိကြပေသည်။ မြန်မာအမျိုးသမီးများကလည်း **"အိမ်တွင်းမှုလုပ် သိမ်းထုပ်သေချာ"** ဆိုသည့်စကားနှင့်အညီ အိမ်မှုကိစ္စအဝဝကို ဆောင်ရွက်ရုံသာမက မိမိတို့၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ မိသားစုတာဝန်၊ နိုင်ငံ့တာဝန်ကိုဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံ၊ ဌာနစုံတွင် စွမ်းစွမ်းတမံ ထမ်းဆောင်နေကြပေသည်။ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်ကိုလည်း ဖွဲ့စည်းကာ ဇူလိုင်လ (၃) ရက်နေ့ကို မြန်မာအမျိုးသမီးများနေ့ဟူ၍ သတ်မှတ်ခဲ့လေသည်။

"အလှကိုယ်စီရှိကြသည်" ဆိုသည့်စကားအတိုင်း လူတိုင်းတွင် အလှတရား၊ ဂုဏ်ရည်များ၊ သိက္ခာများရှိကြပါသည်။ ထိုသို့ရှိကြသည့် အလှတရား ဂုဏ်ရည်များတွင် မြန်မာအမျိုးသမီးများ၏ ဂုဏ်ရည်သည် ထူးခြားမြင့်မြတ်လှပါသည်။ မြန်မာအမျိုးသမီးများသည် ခေတ်အဆက်ဆက် သားကောင်း၊ သမီးကောင်း အနာဂတ်၏ ခေါင်းဆောင်ကောင်းများကို မွေးဖွားပေးသည့် မိခင်ကောင်း၊ မိခင်လောင်းများဖြစ်ကြပါသည်။

မြန်မာတို့၏ **"ဇာတိပုည ဂုဏ်မာနနှင့်"** ဆိုသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာအမျိုးသမီးများသည် အမျိုးဂုဏ်၊ ဇာတိဂုဏ်နှင့် ကိုယ်ကျင့်တရား ဂုဏ်သိက္ခာများကို ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ပါသည်။ ဗုဒ္ဓဘာသာနွယ်ဝင် မြန်မာအမျိုးသမီးကောင်းများသည် ငါးပါးသီလကို လုံခြုံစွာစောင့်ထိန်း၍ **"မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ"** ဟူသော ဗြဟ္မစိုရ်တရားလေးပါးကို လက်ကိုင်ထားကာ မိမိတို့၏ ကိုယ်ကျင့်သီလကို စောင့်ထိန်းကြသူများဖြစ်သည်။ မြန်မာ့သမိုင်းတွင် မြန်မာအမျိုးသမီးတို့သည် ထူးခြားမြင့်မြတ်သည့်ဂုဏ်ရည်ရှိသော **"တော်လေးဝဝင် တော်ဝင်စံထား အမျိုးသမီးများကို စံနမူနာယူခဲ့ကြပါသည်။" "မဟော်သဓာသုခမိန်၏ဇနီး အမရာဒေဝီ၊ စန္ဒကိန္နရာ၏ဇနီး စန္ဒကိန္နရီ၊ ဝေဿန္တရာမင်းကြီး၏ မိဖုရား မဒ္ဒီဒေဝီ၊ သောတ္ထိသေနမင်းကြီး၏ မိဖုရားသမ္ဗုလာဒေဝီ"** တို့ ဖြစ်ကြပါသည်။ ထိုအမျိုးသမီးများသည် မဂ္ဂင်ရှစ်ပါး၊ ဗြဟ္မစိုရ်တရားလက်ကိုင်ထား၍ သစ္စာတရား ကြီးမားသူများဖြစ်ပါသည်။

မြန်မာအမျိုးသမီးများသည် ပင်ကိုသဘာဝကပင် ပျော့ပျောင်းနူးညံ့ သိမ်မွေ့ကာ ယဉ်ကျေးပျူငှာသူများဖြစ်ကြပါသည်။ မြန်မာအမျိုးသမီးများသည် မေတ္တာတရားကြီးမားသည်။ ကြင်နာတတ်သည်။ သနားညှာတာစာနာတတ်သည်။ သည်းခံခွင့်လွှတ်တတ်သည်။ စေတနာသဒ္ဓါတရား ထက်သန်သည်။ **"ဟိရိဩတ္တပ္ပတရား"** (အရှက်တရား၊ အကြောက်တရားနှစ်ပါး) ကြီးမားသူများဖြစ်၍ **"ခိုင်မြဲသော သစ္စာတရား"** ထားရှိသူများလည်း ဖြစ်သည်။ **"ဣတ္ထိရူပံခန်"** ဆိုသည့်အတိုင်း အမျိုးသမီးများ၏ဥစ္စာသည် ရုပ်ရည်အဆင်းလှပခြင်းမည်ပေသည်။ ထို့ထက်မှာမူ ရုပ်ရည်အဆင်းသာမက စိတ်ထားအလှရှိပါမှလည်း အမျိုးသမီးတို့၏ ဂုဏ်ရည်ပိုမိုမြင့်မားကာ ကျက်သရေမင်္ဂလာရှိလှပါသည်။

မြန်မာအမျိုးသမီးများသည် ဘဝသက်တမ်းတွင် သမီးဘဝ၊ ဇနီးဘဝ၊ မိခင်ဘဝဟူ၍ အရွယ်သုံးပါးမိန်းမသားများအဖြစ် အဆင့်ဆင့်ရပ်တည်သွားသူများဖြစ်လေသည်။ သမီးဘဝတွင် သားသမီးဝတ်ငါးပါး၊ ဇနီးဘဝတွင် မယားကျင့်ဝတ်ငါးပါး၊ မိခင်ဘဝတွင် မိဘဝတ်ငါးပါးကို စေတနာ၊ မေတ္တာ၊ အကြင်နာတို့ဖြင့် ကျေပွန်စွာထမ်းဆောင်ကြသူများဖြစ်ပါသည်။

အမျိုးသမီးများတွင် ကောင်းခြင်းငါးဖြာလက္ခဏာများရှိသည်ကိုလည်း ရှေးပညာရှိတို့က ဓမ္မပဒအဋ္ဌကထာတွင် ဤသို့ဖော်ပြထားပါသည်။

ကေသာကလျာဏ	=	နက်မှောင်ရှည်လျားသော ဆံပင်၏ကောင်းခြင်း (ပိတုန်းရောင်ကေသာ)
ဝယကလျာဏ	=	(၁၆နှစ်) ရွယ် ပျိုမျစ်နုနယ်သောအရွယ်၏ကောင်းခြင်း
မံသကလျာဏ	=	စိုပြည်ပြည့်ဖြိုးအလှတိုးသော အသားစိုင် အကြောခိုင်တို့ကောင်းခြင်း
အဋ္ဌိကလျာဏ	=	ဖြူဖွေးတောက်ပညီညာလှပသောသွားနှင့် ပန်းနုရောင်သွေး နီထွေးသောလက်သည်းများ၏ ကောင်းခြင်း
ဆဝိကလျာဏ	=	ရွှေဝါအဆင်းသန့်စင်ခြင်းရှိသော အသားအရေ၏ ကောင်းခြင်းဟူ၍ ကောင်းခြင်းငါးဖြာလက္ခဏာများ ရှိကြပါသည်။

ဤသို့သော ဂုဏ်ရည်များကိုစံပြုကာ မြန်မာအမျိုးသမီးများသည် မြန်မာ့ကိုယ်ပိုင်ယဉ်ကျေးမှု ဓလေ့ထုံးစံများကိုလည်း ခေတ်အဆက်ဆက်ထိန်းသိမ်းလျက်ရှိပေသည်။ ယဉ်ကျေးမှုဆိုရာ၌ကိုလည်း ကာယကံ၊ ဝစီကံ၊ မနောကံဟူသော ကံသုံးပါး (ကိုယ်၊ နှုတ်၊ နှလုံးသုံးပါးလုံး) ပါဝင်ပါသည်။ အပြုအမူ၊ အနေအထိုင်၊ အသွားအလာ၊ အစားအသောက်မှစ၍ စည်းကမ်းတကျ ယဉ်ကျေးသိမ်မွေ့စွာဆောင်ရွက်ပြီး ဝတ်စားဆင်ယင်မှုများကို ဟိရိဩတ္တပ္ပတရားဖြင့် လုံခြုံစွာဝတ်စားဆင်ယင်ခြင်းသည် ကာယကံမြောက် ယဉ်ကျေးမှုဖြစ်လေသည်။ မုသားမပါ အလိမ်အညာမနှော၊ ရန့်ရင်းကြမ်းတမ်းသောစကားကိုမဆို၊ ချိုသာစွာပြောဆိုသော ဝစီကံယဉ်ကျေးမှု၊ သဝန်မတို၊ မနာလိုမဖြစ်၊ ဖြူစင်စိတ်ထား မေတ္တာတရားနှင့် စာနာစိတ်ထားရှိသော မနောအလှသည်လည်း မြန်မာ့ယဉ်ကျေးမှုပင်ဖြစ်လေသည်။ မြန်မာတို့သည် **"မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကိုထား"** ရသည့် ကိုယ်စိတ်နှလုံးသုံးပါးလုံးသော ယဉ်ကျေးမှုအပြင် မြန်မာ့ရိုးရာဓလေ့ထုံးတမ်းစဉ်လာ ယဉ်ကျေးမှုများလည်းရှိပါသည်။ မြန်မာ့ရိုးရာဝတ်စားဆင်ယင်မှု၊ မြန်မာ့အက၊ မြန်မာ့ဂီတ၊ မြန်မာ့ဇာတ်သဘင်၊ မြန်မာစာပေ၊ မြန်မာစကားယဉ်ကျေးမှုများက **"အမျိုး ဂုဏ်၊ ဇာတိဂုဏ်"** ကို မြင့်မားတင့်တယ်ဝင့်ထည်စေပါသည်။

ယနေ့ခေတ်သည် အိုင်တီ (IT)ခေတ်ဖြစ်သည့်အားလျော်စွာ ကမ္ဘာ့နိုင်ငံအသီးသီးမှ ယဉ်ကျေးမှုများ ထိုးဖောက်ဝင်ရောက်နေလေသည်။ အချို့သော အမျိုးသမီးငယ်များသည် ခေတ်ရေစီးကြောင်းဟုဆိုကာ မိမိတို့ယဉ်ကျေးမှုဓလေ့စရိုက်နှင့်မကိုက်ညီသော သရုပ်ပျက်ဝတ်စားဆင်ယင်မှုများကို အတုခိုးများလာကြပေသည်။ နိုင်ငံတစ်နိုင်ငံ၏ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရေးသည် များစွာအရေးကြီးလှပါသည်။ **"ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါပျောက်နိုင်ပါသည်။ အမျိုးပျောက်မှာ စိုးကြောက်မိပါသည်။"** ထို့ကြောင့် မြန်မာအမျိုးသမီးများ မြန်မာ့ယဉ်ကျေးမှုကို အလေးထားကာ ဝတ်စားဆင်ယင်နေထိုင်စေချင်ပါသည်။ **"လက်ဦးဆရာမည်ထိုက်စွာ ပုဗ္ဗာစရိယ မိနှင့်ဖ"** ဆိုသည့်စကားအတိုင်း မိဘများသည် မိမိ၏သားသမီးများကို ဟိရိဩတ္တပ္ပတရား (မကောင်းမှုပြုရမည်ကို ရှက်ခြင်းနှင့် ကြောက်ခြင်းတရားနှစ်ပါး)ရှိရန် သိရှိနားလည်ရန် သွန်သင်ပေးကြရပါမည်။ ပန်းပျိုးလက်များပိုင်ရှင် ဥယျာဉ်မှူးကျောင်းဆရာ ဆရာမများကလည်း အတန်းပညာ စာပေသင်ကြားပေးရုံသာမက မိမိတပည့်များ လိမ္မာယဉ်ကျေးကာ အကျင့်စာရိတ္တကောင်းမွန်ရေး၊ စည်းကမ်းရှိရေးအပြင် စာပေချစ်စိတ်၊ လူမျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်များရှိစေရန် ဆုံးမသွန်သင်ကြရပါမည်။

မြန်မာ့လူ့ဘောင်အဖွဲ့အစည်းတွင် မြန်မာအမျိုးသမီးများသည် မြတ်ဗုဒ္ဓ၏အဆုံးအမဖြင့် နေထိုင်သူများဖြစ်သည့်အားလျော်စွာ စိတ်ထားဖြူစင်ရိုးသားယဉ်ကျေးသိမ်မွေ့သူများ ဖြစ်ကြပါသည်။ **"ဝံသာနု ရက္ခိတ တရား"**(အမျိုးကိုစောင့်ထိန်းသူများ၊ ဣန္ဒြေသိက္ခာကိုတန်ဖိုးထား) ထိန်းသိမ်းစောင့်ရှောက်သူများဖြစ်ကြပါသည်။ **"ဂုဏ်သိက္ခာကိုအသက်နှင့်ထပ်တူ မြတ်နိုးသူ အမျိုးသမီးများ"** ဖြစ်ကြပါသည်။ မြန်မာအမျိုးသမီးလေးများသည် ပိတုန်းရောင်ကေသာ မျက်နှာတော်ဝါဝါဝင်းနှင့် နဂိုရုပ်အဆင်းလှပသူများမို့ မြန်မာ့ရိုးရာအဝတ်အထည်(ထဘီ၊ အင်္ကျီ)ကို သေသပ်စွာဝတ်ဆင်လိုက်သောအခါ လှပကြော့ရှင်းတင့်တယ်ခြင်းဖြင့် ကျက်သရေရှိလှပါသည်။ ထို့ကြောင့်ပင် ကမ္ဘာလှည့်ခရီးသည် နိုင်ငံခြားဧည့်သည်များက မြန်မာအမျိုးသမီးလေးများ၏ အလှကိုအားကျကာ မြန်မာ့ပိုးထည်ထဘီ၊ ချိတ်ထဘီများနှင့် မြန်မာအင်္ကျီများကို ဝယ်ယူကာ အမြတ်တနိုးဂုဏ်ယူစွာ ဝတ်ဆင်ကြပါသည်။

ယနေ့ခေတ်ကာလတွင် မြန်မာအမျိုးသမီးများသည် အမျိုးသားများနှင့်ရင်ပေါင်တန်းကာ ပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ စက်မှုနည်းပညာကဏ္ဍ၊ စိုက်ပျိုးရေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ လူမှုရေးကဏ္ဍ၊ အားကစားကဏ္ဍ၊ နိုင်ငံတကာဆက်ဆံရေးကဏ္ဍနှင့် နိုင်ငံရေးများတွင်ပါ စွမ်းစွမ်းတမံနိုင်ငံနှင့် လူမျိုးအတွက် လုပ်ဆောင်လျက်ရှိပေသည်။ မြန်မာအမျိုးသမီးဆရာဝန်ကြီးများ၊ အင်ဂျင်နီယာနည်းပညာရှင်ကြီးများ၊ လူ့စွမ်းအားအရင်းအမြစ်ဖြစ်သည့် ပညာတတ်အသိပညာရှင် အတတ်ပညာရှင်များ မွေးထုတ်ပေးသော ဆရာမကြီးများ၊ စီးပွားရေးပညာရှင်များ၊ စိုက်ပျိုးရေးပညာရှင်များ၊ ဥပဒေပညာရှင်များစသည်ဖြင့် ပညာပြည့်ဝနှလုံးလှသည့် စွမ်းရည်မြင့်မား မြန်မာအမျိုးသမီးပညာရှင်များ ကမ္ဘာနှင့်ရင်ပေါင်တန်းကာ စွမ်းဆောင်နေကြသည်ကို ကမ္ဘာကပင် အသိအမှတ်ပြုရလေသည်။ ထို့ကြောင့် **"ပုခက်လွှဲသောလက်သည် ကမ္ဘာကို စိုးမိုးနိုင်သည်"** ဟူ၍ ဆိုချင်ပါသည်။

ထိုသို့ **"မြင့်မြတ်ဂုဏ်ရည် တော်ဝင်စံထားမြန်မာအမျိုးသမီးများ"** နည်းတူ စာရေးသူတို့ အရွယ်သုံးပါး မြန်မာအမျိုးသမီးများ အားလုံးတို့သည်လည်း **"မဂ္ဂင်ရှစ်ပါးဗြဟ္မစိုရ်တရားလေးပါး"**လက်ကိုင်ထားကာ မြန်မာ့ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းစောင့်ရှောက်လျက် **"အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားဂုဏ်တင်ဝင့်ကြွား"**နိုင်ရန် မိမိလူမျိုးနှင့် မိမိနိုင်ငံတော်အတွက် ကြိုးစားဆောင်ရွက်ကြပါစို့ဟု မေတ္တာ၊ စေတနာအရင်းခံထားကာ တိုက်တွန်းရေးသားလိုက်ရပါသည်။

(ဇူလိုင်လ ၃ ရက် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုလျက်)

ယာဉ်စည်းကမ်း လမ်းစည်းကမ်း ပြည်မြို့တွင် စစ်ဆေး

ပြည် ဇူလိုင် ၁

ယာဉ်များစည်းကမ်းတကျ သွားလာနိုင်ရန်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာနိုင်စေရန် ပြည်မြို့ အမှတ်(၁၀)ယာဉ်ထိန်းတပ်ဖွဲ့ စုမှူးရုံး တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ဝင်းနိုင်ဦး၏ စီစဉ်ဆောင်ရွက်မှုဖြင့် ယာဉ်ထိန်းရဲအုပ်အောင်မျိုးထက် ဦးဆောင်၍ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များသည် ဇွန် ၂၅ ရက် နံနက် ၉ နာရီက ပြည်မြို့ ဗဟိုမီးသတ်ရှေ့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရှောင်တခင်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ စစ်ဆေးရာတွင် လိုက်နာမှုမရှိသည့် မော်တော်ဆိုင်ကယ်မောင်းနှင်သူများကို အရေးယူဆောင်ရွက်ခဲ့ပြီး အသိပညာပေး၍ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **(၁၀၅)**

"မြန်မာအမျိုးသမီးများနေ့"
ဇူလိုင်လ (၃) ရက်

ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များ ကူညီပံ့ပိုးရေးဆွေးနွေး

နေပြည်တော် ဇူလိုင် ၁

ပညာရေးဝန်ကြီးဌာန၏ ပညာရေးဖွံ့ဖြိုးမှုလုပ်ငန်းစဉ်များတွင် ကူညီပံ့ပိုးရေး၊ အဆင့်မြင့်ပညာကဏ္ဍတွင် မြန်မာနိုင်ငံတက္ကသိုလ်များနှင့် ဂျပန်နိုင်ငံမှ တက္ကသိုလ်များအကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ရေး၊ ပညာတော်သင်များ စေလွှတ်ရေးနှင့် Student Exchange Programme များ ဆောင်ရွက်ရေး၊ ပညာရေးအထောက်အကူပြုပစ္စည်းများ လှူဒါန်းရေး၊ အသက်မွေးဝမ်းကျောင်းပညာရေး ဖွံ့ဖြိုးတိုးတက်ရေးတို့တွင် ကူညီဆောင်ရွက်ရေးကိစ္စများကို ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဘရွှေနှင့် ဂျပန်နိုင်ငံ Tokyo Metropolitan Assembly, Federation for Japan-Myanmar Friendship, ASEAN for Chairman Toshiaki Yoshino ၏ Chief Secretary တို့သည် ဇွန် ၂၇ ရက် မွန်းလွဲ ၁ နာရီက အဆိုပါ ဝန်ကြီးရုံးဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇွန် ၃၀ ရက် နံနက်က တာမွေမြို့နယ် နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးဝင်းအတွင်း ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန့်ဇင်၊ သဃ်ာန်းကျွန်းမြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်နိုင်ဝင်းနှင့် ဝန်ထမ်းများ၊ ဆေးရုံအုပ်ကြီးနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် လူမှုရေးအသင်းအဖွဲ့များက သစ်ပင် ၃၀၀ ခန့်ကို စိုက်ပျိုးကြစဉ်။ အုန်းကျော်(တာမွေ)

တောင်စောင်းစိုက်ပျိုးနည်း ပညာပေးသင်တန်းဖွင့်

ညောင်ရွှေ ဇူလိုင် ၁

အင်းလေးကန် ရေရှည်တည်တံ့ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် စနစ်ကျမှန်ကန်သော တောင်စောင်းစိုက်ပျိုးရေးကို ကျယ်ကျယ်ပြန့်ပြန့် သိရှိလိုက်နာလုပ်ဆောင်ရန် လိုအပ်လျက်ရှိရာ ရှမ်းပြည်နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်စောင်းစိုက်ပျိုးနည်းပညာပေး သင်တန်းကို ညောင်ရွှေမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနခန်းမ၌ ဇွန် ၃၀ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

သင်တန်းတွင် အင်းတိုင်းရင်းသားရေးရာဝန်ကြီး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်မှူး ဦးတိုးဝေက ပညာပေးသင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန မြေအသုံးချရေးတာဝန်ခံ ဦးထွန်းလှအောင်က မြေဆီလွှာထိန်းသိမ်းရေးနည်းပညာနှင့် လင်းခေးခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစမြင့်သိန်းက ခေတ်မီ တောင်စောင်းစိုက်ပျိုးနည်းတို့ကို ပရိုဂျက်တာဖြင့် ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တိလောကျေးရွာအုပ်စု ကျောက်ရေအိုး(ခ)ကွင်းရှိ တောင်သူ ဦးထွန်းဇော်မိုး၏ ကွင်းအမှတ် ၁၅၈ တောင်စောင်းယာမြေ၌ (A) ပုံစံမြေတိုင်းကိရိယာ အသုံးပြု၍ ကွန်တိုလိုင်းဆွဲခြင်း၊ ကွန်တိုလိုင်းဖော်ထုတ်ခြင်းတို့ကို လက်တွေ့ကွင်းဆင်း သရုပ်ပြဆောင်ရွက်ခဲ့ကြသည်။

အဆိုပါသင်တန်းသို့ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်ဝင်းထွန်းနှင့်ဝန်ထမ်းများ၊ မြို့နယ်အတွင်းရှိ စိုက်ပျိုးရေးတောင်သူ ၁၈၅ ဦး တက်ရောက်ခဲ့သည်။ ကွန်တို လှေကားထစ်တောင်စောင်း စိုက်ပျိုးနည်းစနစ်သည် အပေါ်ယံမြေဆီလွှာဆုံးရှုံးမှုမရှိဘဲ သီးနှံထုတ်လုပ်မှုကို လုံလောက်ဖူလုံစေကာ အချိန်တိုတိုအတွင်း လုပ်အားအနည်းဆုံးဖြင့် စီးပွားရေးတွက်ခြေကိုက်သည့်စနစ်ဖြစ်သည်။ ထို့အပြင် အကုန်အကျနည်းခြင်း၊ တောင်ကုန်းတောင်စောင်းတွင် အချိန်ရာသီမရွေး အသုံးပြုနိုင်ခြင်း၊ မြေမျက်နှာပြင်၏ ရေစီးအားပမာဏနှင့် အမြန်နှုန်းကို ထိန်းပေးခြင်း၊ စိုက်ပျိုးမြေအတွင်းမှ နုန်းများကို အပြင်သို့ထွက်မသွားအောင် ထိန်းပေးခြင်းစသော အကျိုးကျေးဇူးများလည်း ရရှိစေနိုင်ကြောင်း သိရသည်။ **နေမျိုးသူရိန်(ညောင်ရွှေ)**

လွှတ်တော်ရေးရာကဏ္ဍ

❐ ကျော်ဖုံးမှ

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေနှင့် နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုလွှတ်တော် ပုံမှန်အစည်းအဝေးများကို ကျင်းပလာခဲ့သည်မှာ ယနေ့ဆိုလျှင် နှစ်နှစ်ခွဲကာလ ပြည့်မြောက်ရန် တစ်လမျှသာလိုတော့ပြီး ပုံမှန်အစည်းအဝေး ခြောက်ကြိမ်နှင့် အထူးအစည်းအဝေးတစ်ကြိမ်ကို အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီးဖြစ်ပါကြောင်း၊ အစည်းအဝေးကျင်းပမှု တစ်ကြိမ်ထက်တစ်ကြိမ် ပို၍အတွေ့အကြုံရင့်ကျက်လာသည်နှင့်အမျှ ဥပဒေပြုရေးလုပ်ငန်းတာဝန်ကို ဆောင်ရွက်ကြရသည့် လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေအပါအဝင် တည်ဆဲဥပဒေများကိုပါ လေးစားလိုက်နာစောင့်ထိန်းပြီး ဒီမိုကရေစီစနစ် ပိုမိုတိုးတက်ခိုင်မာလာစေရန် အရှိန်အဟုန်မြှင့်ပြီး ဆောင်ရွက်သွားကြရမှာဖြစ်ပါကြောင်း။

ထိုကဲ့သို့ ဆောင်ရွက်ခြင်းအားဖြင့် ထွက်ပေါ်လာသည့် ဒီမိုကရေစီ အသီးအပွင့်များကို နိုင်ငံသားများ ပိုမိုခံစားလာရမည်ဖြစ်ပါကြောင်း၊ ထိုသို့ဆောင်ရွက်နိုင်မှသာ ပြည်ထောင်စုလွှတ်တော်သည် နောင်လာနောက်သားများအတွက် စံနမူနာကောင်းကို ပြသနိုင်ခဲ့မည်ဖြစ်ပါကြောင်း။

ထို့ကြောင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတို့ရရှိပြီးသည့် အတွေ့အကြုံနှင့် အသိပညာများကို အသုံးချပြီး ပြည်သူ့ဆန္ဒနှင့် မျှော်လင့်ချက်များကို ပို၍တိုးတက်ဖြည့်ဆည်းပေးနိုင်ရန်အတွက် ကြိုးပမ်းအားထုတ်နိုင်ကြပါစေဟု ဆန္ဒပြုတိုက်တွန်းအပ်ပါကြောင်းဖြင့် ပြောကြားသည်။

အစည်းအဝေးတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ရွေးကောက်တင်မြှောက်ပုံစနစ်ပြောင်းလဲရေးအတွက် ဆွေးနွေးဆုံးဖြတ်ပေးပါရန် တင်ပြစာနှင့် ယင်းနှင့်သက်ဆိုင်သော သတင်းထုတ်ပြန်ချက်ပြုလုပ်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက၏ ဆုံးဖြတ်ချက်ကို လွှတ်တော်သို့ ရှင်းလင်းတင်ပြရာတွင် ရွေးကောက်တင်မြှောက်ပုံစနစ် ပြောင်းလဲရေးအတွက် လွှတ်တော်က ဆွေးနွေးဆုံးဖြတ်ပေးပါရန် တင်ပြသည့်ကိစ္စနှင့်စပ်လျဉ်း၍ အကြောင်းအရာတစ်ခုကို လွှတ်တော်တွင် ဆွေးနွေးခြင်း၊ ဆုံးဖြတ်အတည်ပြုခြင်း လုပ်ငန်းစဉ်အတွက် ဆောင်ရွက်ရမည့်အပိုင်းကို ရှင်းလင်းလိုပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများမှာ လွှတ်တော်နှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်း အသီးသီး၏ လုပ်ငန်းပိုင်းဆိုင်ရာ ဆက်သွယ်ဆောင်ရွက်မှုနှင့်စပ်လျဉ်းပြီး အဆိုတင်သွင်းခြင်း၊ ဥပဒေကြမ်းများ တင်သွင်းခြင်းတို့ဖြင့် ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစဉ်များသတ်မှတ်ပြဋ္ဌာန်း ထားပြီးဖြစ်ပါကြောင်း။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံမှ စာဖြင့်ပေးပို့ထားသည့် ရွေးကောက်တင်မြှောက်ပုံစနစ်နှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်ပေးပါရန် တင်ပြမှုအကြောင်းအရာသည် လွှတ်တော်ဆိုင်ရာလုပ်ငန်းစဉ်များအရ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းကသော်လည်းကောင်း၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးဦးကသော်လည်းကောင်း၊ လွှတ်တော်အစည်းအဝေးတွင် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆိုတင်သွင်းဆွေးနွေးခွင့် တောင်းခံပြီး ဆက်လက်ဆောင်ရွက်ရမည့်အကြောင်းအရာဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၆၀ မှာ အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါကြောင်း-

၆၀။ အဆို။ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းကဖြစ်စေ၊ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကဖြစ်စေ အောက်ပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုလျှင် လွှတ်တော်သို့ အဆိုအဖြစ် တင်သွင်းရမည်-

(က) နိုင်ငံတော်နှင့် နိုင်ငံသားများ၏အကျိုးနှင့်စပ်လျဉ်းသောကိစ္စ၊

(ခ) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်းများနှင့် စပ်လျဉ်းသောကိစ္စ၊

(ဂ) နာယကခွင့်ပြုသည့် အခြားကိစ္စများ၊

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းထားသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်နှင့်သက်ဆိုင်သော လုပ်ငန်းအကြောင်းအရာတစ်ခုအတွက် လွှတ်တော်က အဆုံးအဖြတ်ရယူလိုပါက လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဆိုအဖြစ်တင်သွင်းခွင့် တောင်းခံရမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ စာဖြင့်ရေးသားပေးပို့ခြင်း၊ သတင်းထုတ်ပြန်ကြေညာခြင်းများဖြင့် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများအရ ပြဋ္ဌာန်းထားသော လွှတ်တော်၏လုပ်ငန်းစဉ်များကို ကျော်လွန်ဆောင်ရွက်၍ မရနိုင်သည့်အပြင် သတင်းထုတ်ပြန်ကြေညာပြီးသော အကြောင်းအရာတစ်ခုကို ပြည်ထောင်စုလွှတ်တော်က အဆိုတစ်ရပ်အနေဖြင့် လက်ခံဆောင်ရွက်ရန် မသင့်ကြောင်း သုံးသပ်တွေ့ရှိရပါကြောင်း။

တင်ပြပါအကြောင်းအချက်များအရ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌထံမှ ပေးပို့သည့်စာတွင်ပါရှိသော လွှတ်တော်မှ ဆွေးနွေးဆုံးဖြတ်အတည်ပြုပေးပါရန် တင်ပြချက်သည်လည်းကောင်း၊ သတင်းထုတ်ပြန်ချက်သည်လည်းကောင်း၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိပါသဖြင့် ပြည်ထောင်စုလွှတ်တော်အနေဖြင့် အထက်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ပေးပို့စာနှင့် သတင်းထုတ်ပြန်ချက် အကြောင်းအရာများနှင့်စပ်လျဉ်း၍ ဆက်လက်ဆောင်ရွက်ရန် မရှိပါကြောင်း။

သို့သော် ရွေးကောက်တင်မြှောက်ပုံစနစ်ကိစ္စသည် နိုင်ငံတော်နှင့် နိုင်ငံသားအားလုံးတို့နှင့် သက်ဆိုင်သည့်အကြောင်းအရာဖြစ်သည့်အလျောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ပေးပို့စာနှင့် သတင်းထုတ်ပြန်ချက်အရမဟုတ်ဘဲ လွှတ်တော်၏ လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ထည့်သွင်းဆောင်ရွက်သင့်သော ကိစ္စရပ်တစ်ခုဖြစ်ခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်လည်း သက်ဆိုင်သော ကိစ္စရပ်တစ်ခုဖြစ်ခြင်းတို့ကြောင့် ဖွဲ့စည်းပုံအခြေခံဥပဒေ လေ့လာသုံးသပ်ရေး ပူးပေါင်းကော်မတီဖွဲ့စည်းပြီးသည့်အခါ ယင်းကော်မတီက လေ့လာသုံးသပ်၍ ဆောင်ရွက်သွားရန်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက၏ ဆုံးဖြတ်ချက်ကို လွှတ်တော်သို့ အသိပေးရှင်းလင်းကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အင်တာနက်တွင် ဖော်ပြပါရှိသော ဒေါက်တာဆိတ်ဖွား၏ Above The Law ခေါင်းစဉ်ပါ ဝေဖန်ချက်နှင့်စပ်လျဉ်းသည့် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာအား ဖတ်ကြားရာတွင် ကော်မရှင်မှ စုံစမ်းစစ်ဆေးမေးမြန်းခဲ့သူများ၏ တစ်ဦးချင်းထွက်ဆိုချက် အကျဉ်းချုပ်များ၊ လွှတ်တော်ဥပဒေ၊ နည်းဥပဒေများအရ သုံးသပ်တွေ့ရှိချက်များကို ဖတ်ကြားရှင်းလင်းပြီး ဒေါက်တာဆိတ်ဖွားအား နည်းပညာပိုင်းအရ ရှာဖွေဖော်ထုတ်ရန် ကြိုးပမ်းဆဲအခြေအနေသာ ဖြစ်ပါကြောင်း။

သတင်းစီးဆင်းမှုများကိုအခြေခံ၍ စုံစမ်းခဲ့ရာတွင် Eleven Media Group မှ တာဝန်ရှိသူများက ဒေါက်တာဆိတ်ဖွားသည် မည်သူဖြစ်နိုင်ကြောင်း၊ ရှာဖွေရန် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်ခဲ့ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနမှ အရာထမ်းများက ၎င်းတို့နှင့် မသက်ဆိုင်ကြောင်းများကို အလေးအနက်ထားပြီး ဖြေရှင်းထွက်ဆိုကြပါကြောင်း၊ ဒေါက်တာခင်မောင်ညိုနှင့် ဦးကျော်မင်းဆွေတို့က ဒေါက်တာဆိတ်ဖွား၏ အင်တာနက်ပါဆောင်းပါးမှာ လွှတ်တော်၏ လုပ်ဆောင်ချက်များနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဂုဏ်သိက္ခာထိခိုက်စေခြင်း၊ ပြည်သူလူထုက လွှတ်တော်ကို အထင်အမြင်လွဲမှားစေခြင်း၊ အစိုးရနှင့် လွှတ်တော်အကြား နားလည်မှုလွဲမှားစေရန် လှုံ့ဆော်ခြင်း စသည်တို့သည် ဥပဒေကို ဆန့်ကျင်ဖောက်ဖျက်ရာရောက်ပါကြောင်း၊ အသရေဖျက်မှုမြောက်ပါက တာဝန်အရှိဆုံးမှာ အယ်ဒီတာချုပ်သာဖြစ်ပါကြောင်း တင်ပြခဲ့ပါကြောင်း။

သို့ဖြစ်ပါ၍ ခင်မောင်ညို(ဘောဂဗေဒ)၏ ဖြေကြားချက်အရ ၎င်း၏ဂျာနယ်တွင် ဖော်ပြခဲ့သော ဒေါက်တာဆိတ်ဖွား၏ဆောင်းပါးကို အင်တာနက်မှ ကူးယူပြီး ဂျာနယ်တိုက်သို့ အီးမေးလ်ဖြင့်ပေးပို့သူမှာ ၎င်းကိုယ်တိုင်ဖြစ်ပါကြောင်း၊ ၎င်းကိစ္စတွင် မိမိသာ တာဝန်အရှိဆုံးလူဖြစ်ပါကြောင်း၊ ၎င်းဂျာနယ်တိုက်တွင် အယ်ဒီတာအဖွဲ့မရှိပါကြောင်း၊ အယ်ဒီတာချုပ်ဖြစ်သည့် မိမိကသာ အားလုံးဆောင်ရွက်ရပါကြောင်း၊ အုပ်ချုပ်မှု၊ ငွေရေးကြေးရေးကအစ အားလုံးတစ်ဦးတည်းတာဝန်ခံရပါကြောင်း စသည်ဖြင့် ထွက်ဆိုခဲ့ပါကြောင်းဖြင့် တင်ပြသည်။

ယင်းနောက် အဆိုပါအစီရင်ခံစာနှင့်ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်နာယက၏ ဆုံးဖြတ်ချက်ကို ရှင်းလင်းတင်ပြရာတွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ နည်းဥပဒေ အခန်း(၃) နံပါတ်(၈) နာယက၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များ အပိုဒ်ခွဲ(ဂ)တွင် လွှတ်တော်၏ ဂုဏ်သိက္ခာကို ထိပါးစေသော ရေးသားပြောဆိုမှုနှင့် လွှတ်တော်အတွင်း ဆောင်ရွက်ချက်များကို အထင်မြင်မှားစေသော ရေးသားမှုများနှင့် မည်သို့မည်ပုံ အရေးယူရမည်ကို ဆုံးဖြတ်ခြင်းဟု ပြဋ္ဌာန်းထားရှိခြင်းနှင့်အညီ ဤဆုံးဖြတ်ချက်ကို ချမှတ်ပါကြောင်း။

ယခုကိစ္စဟာ ဥပဒေပြုရေးအဖွဲ့အစည်းနှင့် အုပ်ချုပ်ရေးအဖွဲ့အစည်းတို့အကြား အယူအဆကွဲပြားနေတဲ့ အခြေအနေတစ်ရပ်တွင် တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်လွဲမှားစေရန် ရန်တိုက်ပေးတဲ့သဘော သက်ရောက်နေပါကြောင်း၊ လွှတ်တော်တွင် ကော်မရှင်ဖွဲ့စည်းပေးရန် ထောက်ခံမဲများသည့်အတွက် ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌတို့အပါအဝင် ၁၇ ဦးဖြင့် ၇-၂-၂၀၁၃ ရက်နေ့တွင် ဖွဲ့စည်းပေးခဲ့ပါကြောင်း၊ ယနေ့တွင် ကော်မရှင်၏ တွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာကို ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များ ကြားနာခဲ့ပြီးဖြစ်ပါကြောင်း၊ ကော်မရှင်၏ အစီရင်ခံစာပါအချက်အလက်များကို လေ့လာခြင်းအားဖြင့် ဒေါက်တာဆိတ်ဖွားသည် ဝါဒဖြန့်ချိရေးအုပ်စုတစ်စုဝင် ပုဂ္ဂိုလ်တစ်ဦး ဖြစ်နိုင်ကြောင်း၊ ယင်း၏ ရေးသားချက်နှင့် အကိုးအကားမှာလည်း လွှတ်တော်၏ လုပ်ငန်းများကို တည့်မတ်ပေးလိုသော စေတနာအမှန်ဖြင့် ဝေဖန်ထောက်ပြခြင်းမျိုး မဟုတ်ဘဲ အဂတိတရားတစ်ပါးပါးကို အဓိပတိထား၍ စိတ်လက်မာန်ပါ ရေးသားပုတ်ခတ်ခြင်းသာဖြစ်ကြောင်း ပေါ်လွင်ပါကြောင်း၊ မူလက ဒေါက်တာဆိတ်ဖွားဆိုသူကို ဖော်ထုတ်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ လွှတ်တော်အသီးသီးဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ ဓလေ့ထုံးတမ်းများနှင့် စနစ်တကျရှင်းပြရန် နာယကရည်သန်သော်လည်း ဒေါက်တာဆိတ်ဖွားဆိုသူသည် မိမိရေးသားချက်၏ အမှန်တရားကို တာဝန်ယူ၍ ရင်ဆိုင်ဖြေရှင်းရဲသူမဟုတ်သည့်အပြင် လွှတ်တော်တွင်လာရောက်ဖြေကြားသူတစ်ဦး၏ အသုံးအနှုန်းအရ ဆိုရပါမူ အမှောင်ထဲမှ ခဲဖြင့်ပစ်သူသာဖြစ်သောကြောင့် လွှတ်တော်က ရှင်းလင်းပြရန် လိုအပ်ခြင်းမရှိကြောင်း တွေ့ရှိရကြောင်း။

ကော်မရှင်၏ မေးမြန်းချက်များအပေါ် လာရောက်ဖြေကြားမှုများကို လေ့လာကြည့်ရာတွင် စာအရေးအသားကိုကြည့်တာနဲ့ ဒေါက်တာ ဆိတ်ဖွားဘယ်သူဆိုတာသိကြောင်း၊ ဒေါက်တာဆိတ်ဖွားသည် မည်သူဖြစ်နိုင်ကြောင်းကို ပတ်ဝန်းကျင်သက်သေအထောက်အထားများဖြင့် ထွက်ဆိုသူများရှိသော်လည်း ဒေါက်တာဆိတ်ဖွားသည် မည်သူဖြစ်သည်ကို တိတိပပဖွင့်ဟဖော်ထုတ်ခြင်းမရှိသည်ကို ကြည့်ခြင်းအားဖြင့် လွှတ်တော်က စုံစမ်းသည်ကိုပင် ဖော်ထုတ်ခြင်းမပြုသည်မှာ လက်ရှိကာလတွင် ဒေါက်တာဆိတ်ဖွားသည် စွမ်းရည်သတ္တိတစ်ခုခု သို့မဟုတ် အားနာထောက်ထားလောက်သည့် အကြောင်းအရာတစ်ရပ်ကို ပိုင်ဆိုင်ထားသူဖြစ်နိုင်ကြောင်းဖြင့် ခန့်မှန်းနိုင်ပါကြောင်း။

လွှတ်တော်သည် အစိုးရတစ်ရပ်ကဲ့သို့ ဖော်ထုတ်နိုင်ခြင်းမရှိသည့်အတွက် ဒေါက်တာဆိတ်ဖွားကို ဖော်ထုတ်နိုင်ခြင်းမရှိစေကာမူ တစ်နေ့နေ့တစ်ချိန်ချိန်တွင် ပေါ်ပေါက်တတ်စမြဲဓမ္မတာကြောင့် ယင်း၏ ကျူးလွန်မှုသည် မပျောက်မပျက် တည်ရှိနေမည်ဖြစ်ကြောင်း။

ဂျာနယ်တွင်ရေးသားခဲ့သည့် ဒေါက်တာဆိတ်ဖွား၏ ဆောင်းပါးတစ်ပုဒ်အား ခြေရာကောက်ရာ ဂျာနယ်အယ်ဒီတာချုပ်က အဆိုပါဆောင်းပါးကို အင်တာနက်မှ ကူးယူပြီး ဂျာနယ်တိုက်သို့ ဂျီမေးလ်ဖြင့်ပေးပို့သည်မှာ မိမိကိုယ်တိုင်ဖြစ်ပါကြောင်း ပြောကြားချက်သည် ဒေါက်တာဆိတ်ဖွားကို သိရှိသော်လည်း ခြေရာဖျောက်သည့်သဘောဖြင့် ပြောကြားသည်ဟု ယူဆပါကြောင်း၊ လွှတ်တော်နှင့်ပတ်သက်ခြင်းမရှိသည့် ဆောင်းပါးကိုရေးသော ဒေါက်တာဆိတ်ဖွားအမည်ခံ ပုဂ္ဂိုလ်မှာ မည်သူမည်ဝါမှန်းသိသော်လည်း အွန်လိုင်းပေါ်တွင် ရေးသားသော ဒေါက်တာဆိတ်ဖွားမှာ တစ်ဦးတည်း ဟုတ် မဟုတ် မိမိမသိကြောင်းသာ ဖြေကြားခဲ့ပါကြောင်း။

ထိုသို့ဖြေကြားပါက ကွင်းဆက်မိသွားမည်ကို စိုးရိမ်သဖြင့် အယ်ဒီတာချုပ်ကပင် အနစ်နာခံသည့်အနေဖြင့် ဖြေကြားသွားသည်မှာ ပေါ်လွင်ပါကြောင်း။

ဒေါက်တာဆိတ်ဖွား၏ ဝက်ဘ်ဆိုက်တွင် ၂၀-၁-၂၀၁၃ ရက်နေ့က တင်ထားသော တောင်းပန်ခြင်းကို လက်ခံသော်လည်း စာနယ်ဇင်းသမားဟူသည် အမှန်ကို အမှန်အတိုင်းရေးရမည်၊ ရေးသားသည်ကိုလည်း အထောက်အထားခိုင်ခိုင်မာမာ ဖြင့် မှန်ကန်ကြောင်း တာဝန်ယူရမည်ဖြစ်သည်၊ နောက်နောင်တွင် ဤကဲ့သို့ လုံးဝမပြုရန် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် သတိပေးလိုက်သည်။

ထို့နောက် နိုင်ငံတော်သမ္မတက တင်ပြလာသည့် Convention on the Means of Prohibiting and Preventing the Illicit Import, Export and Transfer of Owenrship of Cultrual Property,1970 သို့ အတည်ပြု လက်မှတ်ရေးထိုးဝင်ရောက်ခွင့်ရရှိရေးနှင့်စပ်လျဉ်း၍ ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်ကြူက ဖတ်ကြားရှင်းလင်းတင်ပြရာတွင် မြန်မာနိုင်ငံအနေဖြင့် ယူနက်စကို၏ ကွန်ဗင်းရှင်းတစ်ခုဖြစ်သော လက်နက်ကိုင် ပဋိပက္ခဖြစ်ပွားစဉ် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများ ကာကွယ်စောင့်ရှောက်ရေး ကွန်ဗင်းရှင်း (Hague Convention of the Protection of Cultrual Property in the Event of Armed Conflict 1954) ကို ၁၉၅၄ ခုနှစ်တွင် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်ပါကြောင်း၊ ယခုကွန်ဗင်းရှင်းဖြစ်သည့် ၁၉၇၀ ကွန်ဗင်းရှင်းတွင် ပါဝင်လက်မှတ်ရေးထိုးရခြင်းမရှိသေးသည့်အတွက် လက်မှတ်ရေးထိုးရန် တင်ပြရခြင်းဖြစ်ပါကြောင်း။

၁၉၇၀ ယူနက်စကို ကွန်ဗင်းရှင်းဝင်နိုင်ငံများ ဆောင်ရွက်ရမည့် လုပ်ငန်းများမှာ ကွန်ဗင်းရှင်းဝင်နိုင်ငံများအနေဖြင့် နိုင်ငံတော်ပိုင် ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများစာရင်းတွင်ပါဝင်သည့် ပစ္စည်းများကို တရားမဝင်တင်သွင်း၊ တင်ပို့ရောင်းချထားခြင်းကို ပြန်လည်တောင်းဆိုနိုင်သော်လည်း အဖွဲ့ဝင်နိုင်ငံအဖြစ် သက်ဝင်အတည်ပြုပြီးသည့် နောက်ပိုင်းဖြစ်စဉ်များကိုသာ တရားဝင်ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ကွန်ဗင်းရှင်းဝင်နိုင်ငံမဖြစ်မီ တရားမဝင်ခိုးထုတ်ရောင်းချထားသော ယဉ်ကျေးမှုပစ္စည်းများအား ပြန်လည်တောင်းဆိုလိုပါက ယူနက်စကို၏ ဘောင်အတွင်းမှ ၁၉၇၈ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် အစိုးရများ ကော်မတီ (Intergovernmental Committee for Promoting the Return of Cultural Property to its Countries of Origin of its Restitution in case of Illicit Appropriation)သို့ တင်ပြပြီး သံတမန်နည်းလမ်းဖြင့် ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အဆိုပါကော်မတီသည် ကွန်ဗင်းရှင်းဝင်နိုင်ငံများအနေဖြင့် ယဉ်ကျေးမှုဝတ္ထုပစ္စည်းများအား သက်ဆိုင်ရာ မူလနိုင်ငံများသို့ ပြန်လည်ပေးပို့ရေးနှင့် ပြန်လည်ပေးပို့မှုမြှင့်တင်ရေးအတွက် နိုင်ငံများအချင်းချင်း အပြန်အလှန် ညှိနှိုင်းဆောင်ရွက်မှုများနှင့် ပြန်လည်လွှဲပြောင်းရေးကိစ္စများတွင် နိုင်ငံများအကြား စေ့စပ်ဖြေရှင်းပေးသော အကြံပေးအဖွဲ့အစည်း ဖြစ်ပါကြောင်း။

ယခု ကွန်ဗင်းရှင်းကို ဝင်ရောက်ရာတွင် ထည့်ဝင်ကြေးအဖြစ် နိုင်ငံတော်မှ ပေးသွင်းရန်မလိုအပ်ဘဲ မိမိနိုင်ငံ၏ ယဉ်ကျေးမှုအမွေအနှစ်များကို ပြန်လည်တောင်းခံသည့်အခါ ကုန်ကျမည့် ကုန်ကျစရိတ်များကိုသာ နိုင်ငံတော်အနေနှင့် သုံးစွဲရမည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ ယူနက်စကိုအဖွဲ့၏ ကွန်ဗင်းရှင်းတစ်ခုဖြစ်သည့် မူလပိုင်ရှင်ရှိသော ယဉ်ကျေးမှုအမွေအနှစ်ပစ္စည်းများအား တရားမဝင်တင်သွင်း၊ တင်ပို့မှုနှင့် လွှဲပြောင်းမှု တားဆီးကာကွယ်ရေး ၁၉၇၀ ယူနက်စကိုကွန်ဗင်းရှင်း (Convention on the Means of Prohibiting and Preventing the Illicit Import, Export and Transfer of Ownership of Cultural Property, 1970)ကို မြန်မာနိုင်ငံမှ ဝင်ရောက်လက်မှတ်ရေးထိုးနိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ယင်းနောက် မြန်မာနိုင်ငံအား ကမ္ဘာ့ဘဏ်အုပ်စု၏ Multilateral Investment Guarantee Agency-MIGA Convention သို့ အတည်ပြုလက်မှတ်ရေးထိုးဝင်ရောက်ရေးအတွက် အစုရှယ်ယာနှင့် အခြားသတ်မှတ်ဝင်ကြေးများ ထည့်ဝင်ရေးနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ဖတ်ကြားရှင်းလင်းတင်ပြရာတွင် ကမ္ဘာ့ဘဏ်အုပ်စုတွင် IBRD (International Bank for Reconstruction and Development), IFC (International Finance Corporation), IDA (International Development Association), MIGA (Multilateral Investment Guarantee Agency) နှင့် ICSID (International Centre for Settlement of Investment Desputes)တို့ပါဝင်ပြီး မြန်မာနိုင်ငံသည် IBRD သို့ ၃-၁-၁၉၅၂ ရက်တွင်လည်းကောင်း၊ IFC သို့ ၃-၁၂-၁၉၅၆ ရက်တွင်လည်းကောင်း၊ IDA သို့ ၅-၁၁-၁၉၆၂ ရက်တွင်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီးဖြစ်ရာ ဆက်လက်၍ မြန်မာနိုင်ငံအား MIGA သို့ အဖွဲ့ဝင်အဖြစ် လျှောက်ထားစေလိုကြောင်း ကမ္ဘာ့ဘဏ်က တိုက်တွန်းအကြောင်းကြားလာပါကြောင်း။

MIGA သည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် အာမခံဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်ပါကြောင်း၊ MIGA သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းသည် ကမ္ဘာ့ဘဏ်အုပ်စုဝင် အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်စေရေးအတွက် အထောက်အကူပြု အကျိုးရှိစေနိုင်မည် ဖြစ်ပါကြောင်း။

MIGA သို့ ဝင်ရောက်ပါက ထည့်ဝင်ရမည့် ရှယ်ယာတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၂၅၉၆၈ ဖြစ်ပါကြောင်း၊ MIGA တွင် နိုင်ငံအုပ်စုနှစ်မျိုးခွဲခြားသတ်မှတ်ထားပြီး အုပ်စု(၁)တွင် စက်မှုဖွံ့ဖြိုးပြီး ၂၅ နိုင်ငံပါဝင်၍ အုပ်စု(၂)တွင် ဖွံ့ဖြိုးဆဲ ၁၅၄ နိုင်ငံပါဝင်ပါကြောင်း၊ မြန်မာနိုင်ငံသည် အုပ်စု(၂)ဖွံ့ဖြိုးဆဲ ၁၅၄ နိုင်ငံအမျိုးအစား၌ပါဝင်သည့်အတွက် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ပြီးပါက ထည့်ဝင်ရမည့် ရှယ်ယာအမေရိကန်ဒေါ်လာ ၁၉၂၅၉၆၀ ၏ ၁၀ ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ ၁၉၂၅၉၆ အား ငွေသားဖြင့် ထည့်ဝင်ရမည်ဖြစ်ပါကြောင်း။

ယင်းငွေသားဖြင့် ထည့်ဝင်ရမည့် အမေရိကန်ဒေါ်လာ ၁၉၂၅၉၆ ၏ ၂၅ ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ ၄၈၁၄၉ နှင့်ညီမျှသည့် မြန်မာကျပ်ငွေအား မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ MIGA စာရင်းသို့ ထည့်ဝင်ရမည်ဖြစ်ပြီး ကျန်ရှိသော ၇၅ ရာခိုင်နှုန်းဖြစ်သည့် အမေရိကန်ဒေါ်လာ ၁၄၄၄၄၇ အား နယူးယောက်မြို့ Federal Reserve Bank ရှိ MIGA စာရင်းသို့ နိုင်ငံခြားသုံးငွေတစ်မျိုးမျိုး (ယူရို၊ အမေရိကန်ဒေါ်လာ၊ ပေါင်စတာလင်၊ ဂျပန်ယန်း)ဖြင့် ပေးသွင်းရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၈ သို့

ပြည်တွင်းသတင်း

◆ *ကျောဖုံးမှ*

တချို့က **"အကျင့်ပျက်လာဘ်စားမှု"** ဟုအမည်ပေးပါကြောင်း၊ လာဘ်ပေးလာဘ်ယူမှုကို အရေးယူဆောင်ရွက်ရာတွင် တိုင်ကြားမှုများအရ အဆင့်ဆင့်အရေးယူ ဆောင်ရွက်ရမှာဖြစ်ပြီး တိုင်ကြားမှုမရှိသော်လည်း ယုံကြည်လောက်သော လာဘ်ပေးလာဘ်ယူမှု ပြုလုပ်နေသည်ဟုယူဆပါက လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်သွားရန်ဖြစ်ကြောင်း၊ တစ်ဦးချင်း တစ်ယောက်ချင်းကိစ္စ အများနှင့်သက်ဆိုင်သောကိစ္စတွေအပေါ်၌ နှစ်မျိုးစလုံးကို စိစစ်မှာဖြစ်ပြီး အများနှင့်သက်ဆိုင်တာကို ဦးစားပေး စိစစ်သွားရမှာဖြစ်ကြောင်း၊ လာဘ်ပေး လာဘ်ယူမှုသည် တစ်ကမ္ဘာလုံးနှင့် ဖြစ်ပျက်ဆက်နွယ်နေသောပြဿနာဖြစ်ကြောင်း၊ မိမိတို့တစ်နိုင်ငံတည်း တိုက်ဖျက်ရန်ခက်ခဲသည့်အတွက် နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်ရမှာ ဖြစ်ကြောင်း၊ ပြည်သူတို့၏တိုင်ကြားမှုအပေါ် အမှီပြုသွားရမှာဖြစ်သကဲ့သို့ ဒေသတွင်းနိုင်ငံများ၊ ASEAN နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဥပမာ Transparency International လို အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ ထို့အပြင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ သမာသမတ်ရှိသော မီဒီယာအဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ထုတ် ပညာပေးသွားရန်လည်း လိုအပ်မှာ ဖြစ်ကြောင်း။

လာဘ်ပေး လာဘ်ယူမှုသည် သာမန်အားဖြင့် အစိုးရဝန်ကြီးဌာနများတွင် လုပ်ရိုးလုပ်စဉ်အဖြစ် ကြုံတွေ့လေ့ ကြုံတွေ့ရသော ပြဿနာဟုထင်ရပေမယ့် ယခုလို ခေတ်သစ်ကာလမျိုးမှာတွင် နိုင်ငံဖွံ့ဖြိုးရေးလုပ်ငန်းအပြင် လက်နက်ကိုင်ပဋိပက္ခဒေသနှင့် သဘာဝဘေးအန္တရာယ်များကြောင့် ခံစားရသည့် ဒုက္ခသည်များအတွက် နိုင်ငံတကာမှ လှူဒါန်းခြင်းများ၊ အကူအညီပေးခြင်းများကို အလွဲသုံးစားပြုခြင်းများလည်း တွေ့ကြုံလာရပြီဖြစ်ကြောင်း၊ ယခုလို ကြေကွဲဝမ်းနည်းစရာကောင်းသော လာဘ်ပေးလာဘ်ယူမှုမျိုးသည်များသောအားဖြင့် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံများတွင် ပိုပြီးတွေ့ရတတ်ပါကြောင်း၊ တစ်နည်းအားဖြင့် ဆင်းရဲသော ပြည်သူများထံမှ ရယူသည့် လာဘ်စားမှုဟု တင်စားခေါ်ဆိုကြကြောင်း၊ စီးပွားရေးလောကအတွင်း၌ လာဘ်ပေးလာဘ်ယူနေခြင်းသည် ရိုးရိုးသားသား ကျင့်ကြံဆောင်ရွက်ကြသော ကုန်သည်များကို မွဲပြာကျစေတယ်ဟု ဆိုထားပါကြောင်း။

မည်သည့်ရှုထောင့်ကနေ မည်သို့ပင်ကြည့်ပါက လာဘ်ပေးလာဘ်ယူမှုသည် နိုင်ငံ့ဂုဏ်သိက္ခာ၊ အမျိုးသားဂုဏ်သိက္ခာ၊ လူတစ်ဦးချင်းစီ၏ဂုဏ်သိက္ခာကို ကျဆင်းစေပါကြောင်း၊ ဒီမိုကရေစီသက်တမ်းနုနယ်သည့် မြန်မာနိုင်ငံအတွက် လာဘ်ပေးလာဘ်ယူမှုသည် ဖွံ့ဖြိုးတိုးတက်မှု၊ နိုင်ငံတကာ၏ယုံကြည်မှုနှင့် နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုတို့အပေါ်ကြီးမားသည့် အဟန့်အတားများပင်ဖြစ်ကြောင်း၊ ယခုဖွဲ့စည်းထားသည့် ကော်မတီအနေဖြင့် လုပ်ငန်းအောင်မြင်အောင် အလေးအနက်ထား စိစစ်ဆောင်ရွက်သွားရမှာဖြစ်ကြောင်း၊ စိစစ်သည့်အခါ ထက်မြက်သောယန္တရား လိုအပ်လာမှာဖြစ်ကြောင်း၊ လောလောဆယ် သင့်တော်သည့်ယန္တရားကတော့ ပြည်ထဲရေးဝန်ကြီးဌာနဖြစ်ကြောင်း၊ ထွက်ရှိလာသည့်အခြေအနေ အချိန်အခါနှင့်လိုက်ပြီး လိုအပ်သလို လိုအပ်သည့်ယန္တရားကို ပြောင်းလဲဆောင်ရွက်သွားရမှာ ဖြစ်ကြောင်း။

ယခင်အစည်းအဝေးတွင် အကြံပြုသည့်အတိုင်း တိုင်ကြားမှုပြုနိုင်မည့်နေရာကို ဖွင့်ပေးထားမှာဖြစ်ကြောင်း၊ တိုင်ကြားမှုများတွင် အမှန်တရားဖြစ်ပေါ်အောင် တိုင်ကြားမှုပြုလုပ်ခြင်းရှိသည့်အပြင် ပုဂ္ဂိုလ်ရေးအရ မသင့်မြတ်မှုတွေကြောင့် တိုင်ကြားမှုတွေကိုလည်း တွေ့ရမှာဖြစ်ကြောင်း၊ တရားရုံးအသီးသီးတွင် ရင်ဆိုင်ဖြေရှင်းနေကြသည့် သူတို့အမှုများကို ဝင်ရောက်စွက်ဖက်စေလိုသည့်သဘောနှင့် တိုင်ကြားခြင်းများလည်း ရှိမှာဖြစ်ကြောင်း။

ကော်မတီအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် စစ်ဆေးအရေးယူမှုတစ်ခုတည်းကို အာရုံစိုက်လုပ်ဆောင်ခြင်း မပြုရန်နှင့် "လာဘ်ပေးလာဘ်ယူမှု"၏ ဖြစ်ပေါ်လာရသော အကြောင်းအရာတွေကိုလည်း စိစစ်သုံးသပ်တင်ပြပြီး ဇာစ်မြစ်ကို ဖော်ထုတ်ဖြေရှင်းနိုင်ရန်နှင့် ပညာပေးမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်ပါက မိမိတို့နိုင်ငံ၏ "လာဘ်ပေးလာဘ်ယူမှု" ပြဿနာကို ဖြေရှင်းရာတွင် အထောက်အကူပြုစေနိုင်မှာ ဖြစ်ကြောင်း၊ အစည်းအဝေးတက်ရောက်လာကြသူများအနေဖြင့် **"လာဘ်ပေးလာဘ်ယူမှု"** ပပျောက်ရေးအတွက် ဆွေးနွေးအကြံပေးကြရန် လိုအပ်ပါကြောင်းဖြင့် အမှာစကား ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးစိုးမောင်၊ ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်တို့က လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးအတွက် ဥပဒေကြမ်းရေးဆွဲနေမှု၊ တိုင်ကြားမှုများကို စိစစ်ဖော်ထုတ်၍ အရေးယူဆောင်ရွက်နေမှုနှင့် အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းက တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြား၍ အစည်းအဝေးကို ညနေပိုင်းတွင် ရုပ်သိမ်းလိုက်သည်။

အဆိုပါ အစည်းအဝေးသို့ လာဘ်ပေးလာဘ်ယူမှု အရေးယူဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့်အတူ ကော်မတီဝင်များဖြစ်ကြသည့် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးသိန်းညွန့်၊ ဦးစိုးမောင်၊ ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်း၊ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာထွန်းရှင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် ကညွတ်ကွင်းဆေးရုံတွင် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

ပဲခူးတိုင်းဒေသကြီး၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁

ကျန်းမာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဖေသက်ခင်သည် ဇွန် ၂၉ ရက် နံနက် ၈ နာရီတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အထွေထွေရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ခရိုင်ကျန်းမာရေး ဦးစီးဌာနမှူး၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အလေးထားဆောင်ရွက်ကြရန်နှင့် မိခင်နှင့် ကလေးများအတွက် ကျန်းမာရေးစောင့်ရှောက်မှုကိစ္စရပ်များကို အားလုံးပူးပေါင်းဆောင်ရွက်မှ လုပ်ငန်းအောင်မြင်မည် ဖြစ်ကြောင်း၊ ဆေးရုံရောက်လူနာများကို ဂရုတစိုက် စေတနာထားကုသပေးရန်အရေးကြီးကြောင်း ပြောကြားသည်။

ဆက်လက်၍ ကညွတ်ကွင်း ၂၅ ခုတင်ဆံ့ဆေးရုံ၊ တောကျွဲအင်းတိုက်နယ်ဆေးရုံနှင့် ပဲနွယ်ကုန်းတိုက်နယ်ဆေးရုံတို့သို့ သွားရောက်၍ တိုက်နယ်ဆရာဝန်နှင့် ဆရာဝန်များ၊ သူနာပြုများအား တွေ့ဆုံမှာကြားသည်။

ယင်းနောက် ကျောက်တံခါးမြို့နယ်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံအစည်းအဝေးခန်းမ၌ကျင်းပသော အရန်သားဖွားဆရာမ သင်တန်းဆင်းပွဲနှင့် အထောက်အကူပြု ဆေးပုံးပေးအပ်ပွဲတွင် အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက သင်တန်းဆင်း အောင်လက်မှတ်များကိုပေးအပ်ပြီး ညွှန်ကြားရေးမှူးချုပ်က အထောက်အကူပြုဆေးပုံးများကိုပေးအပ်ကာ ပဲခူးမြို့နယ် ဘုရားကလေးကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန ဆောက်လုပ်မည့်မြေနေရာကို ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

စာမျက်နှာ ၇ မှ

ထို့အပြင် စုစုပေါင်းထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၁၉၂၅၉၆၀၏ ၁၀ ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ ၁၉၂၅၉၆ အား အတိုးပေးခြင်းမရှိသည့် လွှဲပြောင်း၍မရသော ဝန်ခံကတိ (Nonnegotiable promissory note) ဖြင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ MIGA စာရင်းသို့ ထည့်သွင်းရမှာဖြစ်ပါကြောင်း။

ရှယ်ယာထည့်ဝင်ရန် ကျန်ရှိသည့် ၈၀ ရာခိုင်နှုန်းဖြစ်သော အမေရိကန်ဒေါ်လာ ၁၅၄၀၇၆၈ မှာ တောင်းခံလျှင် ထည့်ဝင်ရမည့် မတည်ငွေရင်း (Callable Capital) ဖြစ်သော်လည်း ယခုချိန်ထိ အဖွဲ့ဝင်များထံမှ ယင်း Callable Capital အား တောင်းခံခဲ့ခြင်းမရှိကြောင်း ကမ္ဘာ့ဘဏ်မှ အကြောင်းကြားထားပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာ့ဘဏ်အုပ်စု၏ MIGA Convention သို့ အတည်ပြုလက်မှတ်ရေးထိုးဝင်ရောက်နိုင်ရေးနှင့် အစုရှယ်ယာနှင့် အခြားသတ်မှတ်ဝင်ကြေးများ ထည့်ဝင်ရေးကိစ္စရပ်များ ဆောင်ရွက်ခွင့်ပြုရေးတို့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၀၈၊ ပုဒ်မခွဲ(က)နှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၁၊ ပုဒ်မခွဲ(က)၏ နောက်ဆက်တွဲဇယား ၁၊ စာပိုဒ် ၆ ပါ ပြဋ္ဌာန်းချက်များအရ ပြည်ထောင်စုလွှတ်တော်၏အတည်ပြုချက်ရယူပေးနိုင်ပါရန် နိုင်ငံတော်သမ္မတကလည်း ပြည်ထောင်စုလွှတ်တော်နာယကထံသို့ သဝဏ်လွှာပေးပို့ထားပါကြောင်း။

MIGA သည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လာစေရန် အာမခံဆောင်ရွက်ပေးသည့် အဖွဲ့အစည်းဖြစ်သောကြောင့် MIGA သို့ အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခြင်းဖြင့် ကမ္ဘာ့ဘဏ်အုပ်စုဝင်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်လာပြီး မြန်မာနိုင်ငံသို့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်စေရေးအတွက် အထောက်အကူပြုအကျိုးရှိစေနိုင်မှာဖြစ်သည့်အတွက် မြန်မာနိုင်ငံကို ကမ္ဘာ့ဘဏ်အုပ်စု၏ MIGA Convention တွင် အတည်ပြုလက်မှတ်ရေးထိုးဝင်ရောက်နိုင်ရေး၊ အစုရှယ်ယာနှင့်အခြားသတ်မှတ်ဝင်ကြေးများ ထည့်ဝင်ရေးတို့နှင့်စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါကြောင်းဖြင့် ရှင်းလင်းတင်ပြသည်။

ထို့နောက် အစည်းအဝေးကို ညနေပိုင်းတွင် ရပ်နားလိုက်သည်။

(သတင်းစဉ်)

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ၏ ရွေးကောက်တင်မြှောက်ပုံစနစ်ပြောင်းလဲရေးအတွက် ဆွေးနွေးဆုံးဖြတ်ပေးရန်တင်ပြစာနှင့် ယင်းနှင့်သက်ဆိုင်သောသတင်းထုတ်ပြန်ချက်ထုတ်ပြန်ခြင်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စုလွှတ်တော်နာယက၏ဆုံးဖြတ်ချက်ကို လွှတ်တော်သို့ တင်ပြအပြီးတွင် ဦးရဲထွန်း(သီပေါ)အား ၄င်း၏သဘောထားကို မေးမြန်းရာ ၄င်းက "နိုင်ငံတော်သမ္မတက မှတ်ချက်ပေးထားသလို ကျွန်တော်တို့ရဲ့ စနစ်တွေထဲက ခုမှဒီမိုကရေစီစပြီး ချိတက်စနိုင်ငံအနေနဲ့ ဒီလိုလွယ်တဲ့ စနစ်နဲ့ပဲ သင့်လျော်သေးတယ်။ ဒါပေမယ့် နောင်မှာတော့ မဲပေးတဲ့လူထုရဲ့ ရေချိန်မြင့်မားလာတဲ့အခါမှ အဲဒီ PR စနစ်တွေထဲက ကျွန်တော်တို့နဲ့ ကိုက်ညီတဲ့စနစ်တစ်ခုခုကိုတော့ နောက်ပိုင်းမှာ သုံးသွားသင့်တယ်လို့ယူဆတယ်။ နောင်မှာ PR စနစ်ကိုမသွားဘဲ ယခုစနစ်ကိုပဲ ရေရှည်သွားမယ်ဆိုရင် နိုင်ငံမှာအင်အားကြီးပါတီနှစ်ခုလောက်ပဲ ကျန်တော့မယ်။ ပြည်သူမှာ ရွေးချယ်စရာနည်းသွားမယ်။ PR စနစ်ကို ဥရောပနိုင်ငံတော်တော်များများမှာ ကျင့်သုံးနေပါတယ်။ ယခုအချိန်မှာတော့ ကျွန်တော်တို့နိုင်ငံအနေနဲ့ PR စနစ်နဲ့ မသင့်လျော်သေးပါဘူး"ဟု ဖြေကြားခဲ့သည်။

အလားတူ ဒေါက်တာအေးမောင်(ရခိုင်ပြည်နယ် မဲဆန္ဒနယ်-၁)က ပြောကြားရာတွင် "ကျွန်တော်တို့ကတော့ PR ကို တိုင်းရင်းသားညီနောင်မိတ်ဆွေဖက်ဒရေးရှင်းအနေနဲ့အကုန်လုံးက လက်မခံဘူးလို့ကြေညာထားပါတယ်။ အကြောင်းလေးတွေတော့ရှိတာပေါ့။ PR စနစ်ကို ကျွန်တော်တို့လူထုနဲ့လည်း ရင်းရင်းနှီးနှီးမရှိသေးဘူး။ ပြီးခဲ့တဲ့ နိုင်တဲ့လူအားလုံးယူတဲ့ မဲပေးပုံစနစ်က ကျေးလက်ထိမပီပြင်သေးဘူး။ မဲဘယ်လိုပေးကြမယ်ဆိုတာကို ကျွန်တော်တို့လူထုက မသိသေးဘူး။ ဒီမိုကရေစီအလေ့အကျင့်က မရှိသေးဘူး။ ပြီးခဲ့တဲ့မဲပေးတဲ့စနစ်ကို လွတ်လပ်ရေးရပြီး ၁၀ နှစ်လောက်မှာလုပ်ခဲ့တာရှိတယ်။ ၁၉၉၀ လောက်မှာ လုပ်ခဲ့တာရှိတယ်။ ခုဟာ ၂၀၁၀ ဆိုတော့ ပီပီပြင်ပြင် မရှိသေးဘူးလို့သုံးသပ်တယ်။ PRစနစ်က ဒီမိုကရေစီရင့်ကျက်ပြီးသားနိုင်ငံတွေမှာ ကျင့်သုံးနေတာရှိတယ်။ လူမျိုးစုလည်း သိပ်မများဘူး။ ကျွန်တော်တို့လို သိပ်များတဲ့နေရာမျိုးမှာ ကျွန်တော်တို့က စိုးရိမ်တာရှိတာပေါ့။

ပါတီအာဏာရှင်စနစ်ပေါ်လာမှာကြောက်တယ်။ အခုလက်ရှိက လွှတ်တော်ကိုယ်စားလှယ်ကို ကိုယ်စားပြုရွေးတာ။ နောက်ပိုင်းမှာ PR စနစ်ကိုယ်စားပြုရင် ပါတီကိုယ်စားပြုပုံစံနဲ့လာမယ်။ မဲပေးတဲ့ပုဂ္ဂိုလ်ကလည်း လူပုဂ္ဂိုလ်တစ်ဦးချင်းပေးတာထက် ပါတီကိုယ်စားပြုပြီးပေးရတာဆိုတော့ တိုက်ရိုက်လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းကို မဲဆန္ဒရှင်က မသိဘူးဖြစ်သွားမယ်။ အဲဒီလိုဆိုတော့ ကိုယ်စားပြုမှုမှာ အာဏာရှင်ဆန်သွားနိုင်တယ်။ ပါတီမှာ ဩဇာရှိတဲ့ ပုဂ္ဂိုလ်တွေက လွှတ်တော်အမတ်ဖြစ်သွားတာဖြစ်မယ်။ လူနည်းစုတွေကို ကိုယ်စားပြုပါတီတွေပေါ်လာပြီး အစွန်းရောက်ပါတီတွေပေါ်လာမှာကြောက်တယ်။ အစိုးရက ပါတီတွေတည်ထောင်ခွင့် မူဘောင်တွေချလာပြီးတဲ့အချိန်မှာတော့ ကျင့်သုံးသင့်ပါတယ်။ အခုတော့ မသုံးသင့်ပါဘူး"ဟု ပြောကြားခဲ့သည်။

ထို့ပြင် **ဒေါက်တာစိုးရင် (ကမာရွတ်)**က ၄င်း၏အမြင်ကို ပြောကြားရာ၌ "နာယကကြီးရဲ့ ရှင်းလင်းချက်က တိုင်းပြည်ရဲ့၊ လွှတ်တော်ရဲ့ရှေ့ရေးကိုမျှော်ကိုးပြီး စဉ်းစားဉာဏ်အပြည့်နဲ့ ဆင်ခြင်ဆုံးဖြတ်ခဲ့တဲ့အတွက် အထူးသင့်တော်တဲ့ ဆုံးဖြတ်ချက်ဖြစ်တယ်လို့ ထင်ပါတယ်"ဟု ဖြေကြားခဲ့သည်။

ထို့နောက်အင်တာနက်တွင်ဖော်ပြပါရှိသောAbove The Law ခေါင်းစဉ်ပါ ဝေဖန်ချက်နှင့်စပ်လျဉ်းသည့် စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာနှင့် လွှတ်တော်နာယကကြီးတို့၏ဆုံးဖြတ်ချက်တို့နှင့်ပတ်သက်၍ မေးမြန်းရာတွင် ဒုတိယနာယကကြီးပြောသလို ကျွန်တော်တို့က ခေါ်ယူတွေ့ဆုံဆွေးနွေးလိုက်တဲ့အခါမှာ နောက်ဆုံးပိတ် ဒေါက်တာဆိတ်ဖွားကလောင်အမည်ကို တာဝန်ခံတာကခင်မောင်ညို(ဘောဂဗေဒ)ပေါ့။ ခင်မောင်ညို(ဘောဂဗေဒ)က အင်တာနက် ကယူပြီးတော့ ဂျာနယ်တိုက်ကို မေးလ်ပို့လိုက်တယ်။

အဲဒီလိုဂျာနယ်မှာ Proof ဖတ်တဲ့ ဦးသိန်းတင်သာက ဒါဟာ မေးလ်နဲ့ပို့တာ ဘယ်သူပို့မှန်းမသိဘူးပြောတယ်။ အဲဒီတော့ အယ်ဒီတာချုပ်ကိုပဲမေးမယ်ဆိုပြီး အယ်ဒီတာချုပ်ကို မေးတာပေါ့။ အယ်ဒီတာချုပ်ကို အဲဒီဆောင်းပါး ဘယ်ကရလဲမေးတော့ ဆောင်းပါးပို့တာ ကျွန်တော်ပို့တာပါ။ ဒါပေမယ့် ဒါဟာအင်တာနက်က ယူသုံးတာတဲ့။ ဒါဆိုရင် စာမူခဘယ်လိုရှင်းလဲမေးတယ်။ စာမူခက ကျွန်တော့်ဘာသာ ကျွန်တော်ရှင်းလိုက်တယ်တဲ့။ ကျွန်တော်အကြီးဆုံးတဲ့။ အဲဒီစာမူကို ကျွန်တော်တာဝန်ယူပါတယ်တဲ့။

ကျွန်တော်တို့က တစ်စုံတစ်ရာကို ဖုံးကွယ်ထားသလား။ ဒါမှမဟုတ် သူကိုယ်တိုင်ပဲ ဒေါက်တာဆိတ်ဖွားလားလို့ စဉ်းစားသုံးသပ်ချက်ရေးပြီး နာယကကြီးကို တင်လိုက်တာပေါ့။ တကယ်တမ်းကျတော့ ခင်မောင်ညို(ဘောဂဗေဒ)ဟာ တာဝန်အရှိဆုံး။ သူ့ကို ခေါ်ပြီးတော့ ခင်ဗျားတာဝန်ရှိတဲ့အတွက်ကြောင့် ခင်ဗျားကို အရေးယူမယ်ဆိုပြီး ပြောပြန်ရင်လည်း ဗိုလ်ချုပ်အောင်ဆန်းလိုဖြစ်သွားမယ်တဲ့။ နာယကကြီးက ရှင်းပြတယ်။ ဒါကြောင့်မို့ သတိပေးတယ်ဆိုတာ ပြောလိုက်တာပါပဲ။ ဒါပါပဲ။ သူ့ကိုစပြီး စစ်နေကတည်းက အင်တာနက်ထဲမှာ ဆိတ်ဖွားဆိုတာ မရှိတော့ဘူး။ နည်းနည်းတော့ လန့်သွားတာပေါ့။

ကျွန်တော်တို့က ဘယ်သူလဲလို့ အတိအကျမပြောနိုင်တာကလွဲပြီး ကျန်တာသိသာပါတယ်။ ပြန်ကြားရေးက အကုန်ခေါ်မေးတယ်ဗျာ။ ဒုတိယဝန်ကြီး ဦးရဲထွဋ်၊ မြန်မာ့အသံ ညွှန်ချုပ်၊ ရုံးအဖွဲ့မှူး၊ ဆောင်းပါးရေးတဲ့ ဦးဇော်မင်းဦး အကုန်ခေါ်မေးတယ်။ ခေါ်မေးတဲ့အခါ သူတို့အားလုံးက ဆိတ်ဖွားကိုမသိဘူးလို့ ပြောတယ်။ ပိတောက်မြေနဲ့ မြန်မာ Express ဝက်ဘ်ဆိုက်နဲ့က ဆက်စပ်နေသလားလို့ ပိတောက်မြေကို သူတို့တင်တာမဟုတ်ဘူး။ ပိတောက်မြေအသံလွှင့်ဌာနဆိုတာ ရှိနေတယ်။ ပိတောက်မြေဝက်ဘ်ဆိုက်ကို တင်လားမေးတော့ မတင်ဘူးလို့လည်း ပြောတယ်။

နောက်ဆုံးအဖြေအတိအကျပြောနိုင်တာက Google ပေါ့။ Google ကွန်ပျူတာဥက္ကဋ္ဌ မြန်မာပြည်ကိုလာတော့ ကွန်ပျူတာပညာရှင်တွေနဲ့ ချဉ်းကပ်ပြီး မေးကြည့်တော့ အကြမ်းဖက်ဗုံးခွဲတိုက်ခိုက်ရင်တော့ပြောမယ်။ ဒါမျိုးတော့ လူတစ်ယောက်ရဲ့အခွင့်အရေးရှိလို့ ပြောလိုတဲ့ ဆန္ဒမရှိဘူး။ အစိုးရအချင်းချင်းမေးရင်တော့ တစ်မျိုးပေါ့။ လွှတ်တော်ဆိုတာ ဒေါက်တိုင်တစ်ခုပဲ။ အစိုးရမှုမဟုတ်တာ။

ပြည်တွင်းသတင်း

ဥတ္တရသီရိမြို့နယ်၌ စက်စက်ယိုဆည် တည်ဆောက်

နေပြည်တော် ဇူလိုင် ၁

နေပြည်တော် ဥတ္တရသီရိမြို့နယ် စက်စက်ယိုရေလှောင်ဆည် (အောက်ပုံ) တည်ဆောက်ရေးလုပ်ငန်းခွင်၌ ဆည်အတွင်းသို့ ရေများဝင်ရောက်မှု၊ ရေပေးမြောင်းမကြီးများ၊ ရေသွင်းတူးမြောင်းများ၊ မြောင်းလက်တံများ၊ ရေထိန်းတံခါးများ တည်ဆောက်ပြီးစီးမှု၊ ဖြစ်ထွန်းအောင်မြင်လျက်ရှိသော ကြံသီးနှံစိုက်ခင်းများနှင့် မိုးစပါးစိုက်ပျိုးရန် မြေပြုပြင် ထွန်ယက်နေမှုများ၊ ပျိုးပေါင်ဖော်ထုတ်နေမှုများ၊ ကျောက်ဖြည့်ရေလွှဲဆည် အမှတ်(၁)၌ ရေဂါလန် ၁၆ သန်း သိုလှောင်ထားရှိသော ရေစုကန်၊ ပင်မရေလွှဲဆည်နှင့် ရေတံခါးပေါက်မှ ရေများစီးဆင်းနေမှုနှင့် ရေပေးမြောင်းမကြီးမှ ရေများပေးဝေနေမှုများကို လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့နံနက် ၇ နာရီခွဲတွင် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်းလင်းဆောင်၌ တာဝန်ခံအင်ဂျင်နီယာက မိုးစပါး ဧက ၈၀၀ နှင့် ကုန်းမြင့်ယာမြေများတွင် အခြားသီးနှံစိုက်ပျိုးရန်အတွက် ရေများ စတင်ပေးဝေနေမှုနှင့် ထွန်ယက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ရေလွှဲဆည်ရေထိန်းတံခါးများ တည်ဆောက်နေမှုနှင့် ကိုးရွာအနီးရှိ မျိုးသန့်မျိုးပွား ကြံရှစ်ဧကစိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးပြီး စက်မှုလယ်ယာဖော်ထုတ်ပြီး လယ်ကွင်းများ၌ စက်ကိရိယာများ ရာနှုန်းပြည့် အသုံးပြုနိုင်ရေး၊ သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို အပြည့်အဝ အသုံးချနိုင်ရေးတို့ကို စိုက်ပျိုးရေးပညာရှင်များက ကွင်းဆင်း၍ တောင်သူလယ်သမားများ လိုအပ်ချက်ကို ဝန်ဆောင်မှုပေးရန် လိုအပ်ကြောင်း။

တောင်သူလယ်သမားများကလည်း စပါးအပြင် ဝင်ငွေတွက်ခြေကိုက်မည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးနိုင်ရေးအတွက် ဝန်ထမ်းများက စိုက်ပျိုးပြပြီး တောင်သူများ ယုံကြည်မှုရရှိအောင် စည်းရုံးဆောင်ရွက်ရန် လိုအပ်ကြောင်း၊ တောင်သူများလိုအပ်ချက်ကို ဖြည့်ဆည်းပေးခြင်းဖြင့် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

တရုတ်ဗုဒ္ဓစွယ်တော်တိုက်ဆရာတော် စာသင်သံဃာ သီတင်းသုံးဆောင်တစ်ဆောင် ဆောက်လုပ်လှူဒါန်းရေးကြည့်ရှု

နေပြည်တော် ဇူလိုင် ၁

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗုဒ္ဓစွယ်တော်တိုက် ဆရာတော်နှင့် သာသနာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်တို့သည် မန္တလေးမြို့ နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ်ဝင်း အတွင်း နှစ်ထပ်စာသင်သံဃာ သီတင်းသုံးဆောင် တည်ဆောက်မည့်နေရာကို ဇွန် ၂၉ ရက်တွင် သွားရောက် ကြည့်ရှုစစ်ဆေးကြသည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်ပရိယတ္တိ သာသနာ့တက္ကသိုလ် ပါမောက္ခချုပ် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဒေါက်တာ ပဏ္ဍိတဝရာဘိဝံသ အမှူးပြုသော စာချဆရာတော်ကြီးများနှင့် ပြည်ထောင်စုဝန်ကြီးတို့သည် မဟာဘွဲ့နှင်းသဘင်ခန်းမ၌ ဗုဒ္ဓစွယ်တော်တိုက်ဆရာတော်နှင့် အဖွဲ့အား တွေ့ဆုံကြပြီး ဓမ္မလက်ဆောင်များ ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဧရာဝတီတံတား(ရတနာသိင်္ယ) မကြာမီဖွင့်လှစ်တော့မည်

နေပြည်တော် ဇူလိုင် ၁

မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်း ပြုပြင်ထိန်းသိမ်းထားမှုနှင့် ရွှေဘို-ကျောက်မြောင်းလမ်း ကတ္တရာလမ်းအဆင့် တိုးချဲ့ဆောင်ရွက်နေမှုတို့ကို ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင်သည် ဇွန် ၂၉ ရက် နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတံတား(ရတနာသိင်္ယ)သို့ ရောက်ရှိကာ ကျောက်မြောင်းဘက်ကမ်း၌ ဖွင့်ပွဲမုခ်ဦးနှင့် မဏ္ဍပ်တည်ဆောက်မည့်နေရာ၊ တံတားအချောသပ်လုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် တံတားကြမ်းခင်းကတ္တရာ ကွန်ကရစ်ခင်းနေမှုတို့ကို ဆက်လက်စစ်ဆေးသည်။

ထို့နောက် စဉ့်ကူးဘက်ကမ်း ချဉ်းကပ်လမ်း လုပ်ငန်းပြီးစီးမှု၊ စဉ့်ကူး - လက်ပန်လှ - ဖော့တောလမ်းပိုင်းကတ္တရာလမ်း အဆင့်မြှင့်တင်ထားမှု၊ သပိတ်ကျင်းခုနစ်မိုင်လမ်းဆုံမှ မန္တလေး-တကောင်း-ဗန်းမော် မဟာဗျူဟာလမ်းအား ကတ္တရာလမ်းအဆင့် တိုးမြှင့်ဆောင်ရွက်နေမှု၊ သိုက်ချောင်းတံတား၊ ရွှေဥဒေါင်းတံတားနှင့် ဗျိုင်းသာတံတားတို့ကို ကွန်ကရစ်တံတား တိုးမြှင့်တည်ဆောက်နေမှု၊ မိုင်တိုင်(၄၁/၅)နှင့် (၄၁/၆)ကြား ကျောက်ခင်းနေမှုနှင့် နောင်လုံ(၁)တံတားတည်ဆောက်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ဧရာဝတီတံတား(ထီးချိုင့်) တည်ဆောက်မည့် လျာထားနေရာသို့ ရောက်ရှိရာ အင်ဂျင်နီယာမှူးကြီးက တံတားတည်ဆောက်မည့် လျာထားတံတားအကြောင်း သုံးနေရာ ရွေးချယ်ထားမှုကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် မြောင်ဘက်ကမ်းတွင်တံတားတည်ဆောက်မည့် အခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ထီးချိုင့်ဘက်ကမ်း၌ ဝန်ထမ်းများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ ထီးချိုင့်-ကျောင်းကုန်းလမ်းနှင့် ရွှေဘို-မြစ်ကြီးနားလမ်း (ကျောင်းကုန်း-ကျောက်တန်းလမ်းပိုင်း)ကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(သတင်းစဉ်)**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်လွင် ဧရာဝတီတံတား (ရတနာသိင်္ယ) တံတားကြမ်းခင်းကတ္တရာ ကွန်ကရစ်ခင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

■ ရွှေဖုံးမှ

အတွင်းရေးမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာ အသီးသီးအလိုက် သစ်ပင်ပျိုးပင်များကို တပျော်တပါးစိုက်ပျိုးကြရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒိုးပတ်ဝိုင်းက အိုးစည်၊ ဒိုးပတ်အကများဖြင့် ဖြေဖျော်ကြသည်။

ယနေ့ သစ်ပင်စိုက်ပျိုးပွဲတွင် ကျွန်း၊ မဟော်ဂနီ၊ ခရေ၊ စိန်ပန်းကြီး၊ ဆီသပြေ၊ ပိတောက်၊ ကံ့ကော်၊ ရေမနေ၊ ပန်းမဲဇလီ၊ ရင်းမာနှင့် ကုက္ကိုစသည့် အရိပ်ရလေကာပင်၊ သစ်ပင်ပျိုးပင် ၂၈၀ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

တိုင်းဒေသကြီး/ပြည်နယ်များအလိုက် ယာဉ်နံပါတ်များ ပြောင်းလဲသတ်မှတ်

တိုင်းဒေသကြီး/ပြည်နယ်များတွင် မှတ်ပုံတင်ထားသည့် ယာဉ်စာရင်းဇယားများ မှန်ကန်ရေး၊ ယာဉ်အရေအတွက်ထိန်းသိမ်းနိုင်ရေး၊ ဒေသအလိုက်ဖွံ့ဖြိုးတိုးတက်ရေး၊ စီးပွားရေး၊ လူမှုရေး လိုအပ်ချက်များ ထိရောက်စွာအကောင်အထည်ဖော် ဖြည့်ဆည်းဆောင်ရွက်နိုင်ရေးများ ရည်ရွယ်လျက် မော်တော်ယာဉ်နံပါတ်ပြားများပေါ်တွင် ဒေသသင်္ကေတ စတစ်ကာကပ်ခြင်းများအား ၂၀၁၃ ခုနှစ် ဇူလိုင်လ ၈ ရက် (တနင်္လာနေ့)မှစ၍ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် အင်္ဂလိပ်အက္ခရာ အတိုကောက်စတစ်ကာ (Sticker) များ ကပ်ပေးသွားပါမည်။

စတစ်ကာသင်္ကေတများအဖြစ် ကချင်ပြည်နယ် (KCN)၊ ကယားပြည်နယ် (KYH)၊ ကရင်ပြည်နယ် (KYN)၊ ချင်းပြည်နယ် (CHN)၊ စစ်ကိုင်းတိုင်းဒေသကြီး (SGG)၊ တနင်္သာရီတိုင်းဒေသကြီး (TNI)၊ ပဲခူးတိုင်းဒေသကြီး (BGO)၊ မကွေးတိုင်းဒေသကြီး (MGY)၊ မန္တလေးတိုင်းဒေသကြီး (MDY)၊ မွန်ပြည်နယ် (MON)၊ ရခိုင်ပြည်နယ် (RKE)၊ ရန်ကုန်တိုင်းဒေသကြီး (YGN)၊ ရှမ်းပြည်နယ် (SHN)၊ ဧရာဝတီတိုင်းဒေသကြီး (AYY)ဟူ၍ သတ်မှတ်ဆောင်ရွက်ပေးထားပါသည်။

မူသေအမှတ်၊ ၄စ/၈၀၀၀ မှစ၍ အင်္ဂလိပ်နံပါတ်များအဖြစ် (4F-8000 စသည်ဖြင့်)၊ အငှားယာဉ် (CC-2500) မှစတင်၍ ဒေသသင်္ကေတများ ရိုက်နှိပ်ဆောင်ရွက်ပေးသွားပါမည်။

ဆက်လက်၍ တိုင်းဒေသကြီး၊ ပြည်နယ်များအလိုက် မူသေအမှတ် ဖောင်းကြွနံပါတ်ပြားများအား ပြုလုပ်ပေးနိုင်သည့် အလုပ်ရုံများကို ပွင့်လင်းမြင်သာစွာ အိပ်ဖွင့်တင်ဒါခေါ်ယူ၍ ဆောင်ရွက်သွားစေပါမည်။

ကားများ နှစ်လဲသက်တမ်းတိုးချိန်နှင့် သတ်မှတ်ချိန်များတွင် ရုံးများအလိုက် အင်္ဂလိပ်အက္ခရာဂဏန်းပါ မူသေအမှတ်များ ပြောင်းလဲထုတ်ပေးသွားပါမည်။

လက်ရှိနံပါတ်ပြားပုံစံ

ပထမအဆင့်နံပါတ်ပြားပုံစံ

ဒုတိယအဆင့်နံပါတ်ပြားပုံစံ

၄စ/၈၀၀၀မှ စတင်ထုတ်ပေးမည်။

ဒုတိယအဆင့်နံပါတ်ပြားပုံစံ

CC-2500မှ စတင်ထုတ်ပေးမည်။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်

မူဆယ်တရားရုံးအချုပ်မှ ထွက်ပြေးလွတ်မြောက်သွားသူ နောက်တစ်ဦး ထပ်မံဖမ်းမိ

မူဆယ် ဇူလိုင် ၁

မူဆယ်ခရိုင်တရားရုံးအချုပ်ခန်းမှ ထွက်ပြေးလွတ်မြောက်သွားသူ သုံးဦးဖြစ်သည့် အိုက်ဆမ်၊ လောက်ရိုး၊ လောက်စန်းတို့အနက်မှ အိုက်ဆမ်ကို ဇွန် ၁၃ ရက်တွင် ဖမ်းမိပြီး ယခုတရားခံနောက်တစ်ဦးဖြစ်သည့် လောက်ရိုး(ခ) အားကျို(ခ) ရန်ကွယ်လုံ (၂၀နှစ်)၊ စာရေးတန်းရပ် နမ့်ခမ်းမြို့နေသူအား မူဆယ်ခရိုင်ရဲမှူး၏ အနီးကပ်ညွှန်ကြားမှုဖြင့် ဖမ်းဆီးရေးအဖွဲ့ခေါင်းဆောင် ရဲအုပ်အောင်စံကျော်နှင့်အဖွဲ့က တရုတ်နိုင်ငံ ရွှေလီမြို့ မှုခင်းရဲတပ်ဖွဲ့သို့ အကူအညီတောင်းခံခဲ့ရာ မုံးဟောက်ရဲစခန်းမှ ဒုရဲအုပ်လိုင်ရင်းလုန့်၊ ရွှေလီမြို့မှုခင်းတပ်ဖွဲ့မှ ရဲမေမုန်းရီလျန်း၊ ရင်ဟော်ရဲစခန်းမှ ရဲမေတောက်ရွှေစန်းတို့အဖွဲ့နှင့်အတူ တရုတ်နိုင်ငံ ရွှေလီမြို့ ရှမ်းရွာတွင် ဖမ်းဆီးရမိခဲ့သည်။

ကြိုးပမ်းဆောင်ရွက်

ကျန်ရှိနေသေးသော လောက်စန်း (၃၃နှစ်) (ဘ) ဦးလောက်ကျန်အား ပြန်လည်ဖမ်းမိရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အယ်လ်စိုး(iprd)

ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခများအား ကျပ်ငွေဖြင့်ပြောင်းလဲကောက်ခံ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခများအတွက် ပြည်သူလူထုငွေပေးသွင်းရာတွင် အဆင်ပြေစေရန် ရည်ရွယ်၍ မြန်မာ့စီးပွားရေးဘဏ်ခွဲ(သယ်န်းကျွန်း)၊ အပြင်အောက်ပါဘဏ်များ၌ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနသွင်းငွေသက်သက်စာရင်းများ (Deposit Only Account) ကို ၂၄ -၆-၂၀၁၃ ရက်မှစ၍ ဖွင့်လှစ်ပေးထားပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်-

(က) မြန်မာ့စီးပွားရေးဘဏ်ခွဲ (၅)၊ ရန်ကုန်မြို့။
(ခ) မြန်မာ့စီးပွားရေးဘဏ်၊ မြောက်ဒဂုံဘဏ်ခွဲ။
(ဂ) မြန်မာ့စီးပွားရေးဘဏ်၊ တောင်ဒဂုံဘဏ်ခွဲ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
၂၀၁၃ ခုနှစ်၊ ဇူလိုင်လ ၂ ရက်

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

မြန်မာအမျိုးသမီးများနေ့ ကြိုဆို၊ စုပေါင်းသွေးလှူ

နေပြည်တော် ဇူလိုင် ၁

၂၀၁၃ ခုနှစ် ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်အမျိုးသမီးရေးရာအဖွဲ့ ကကြီးမှူး၍ စုပေါင်းသွေးလှူဒါန်းပွဲကို ဇွန် ၂၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော် ခုတင် ၁၀၀၀ ဆေးရုံကြီး သွေးလှူဘဏ်၌ ကျင်းပခဲ့သည်။

သွေးလှူဒါန်းပွဲသို့ နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်မြတ်မိုး၊ အတွင်းရေးမှူးဒေါ်ဥမ္မာဆွေ၊ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များက သွေးလှူရှင်များအား အားပေးစကားပြောကြားခြင်း၊ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ပြီး **(ယာပုံ)** နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့မှ သွေးလှူရှင်များနှင့် ပါဝင်ကူညီဆောင်ရွက်ပေးကြသော စေတနာ့ဝန်ထမ်းများအား အာဟာရဖြည့်အစားအစာများဖြစ်သော ကြက်ဥ၊ ကွေကာအုပ်များနှင့် အချိုရည်များ လှူဒါန်းခဲ့ကြောင်း သိရသည်။

ယင်းနေ့ကကျင်းပသော မြန်မာ့အမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော် အမျိုးသမီးရေးရာအဖွဲ့ကို စုပေါင်းသွေးလှူဒါန်းပွဲတွင် နေပြည်တော် ပျဉ်းမနားမြို့နယ်၊ လယ်ဝေးမြို့နယ်၊ ဇမ္ဗူသီရိမြို့နယ်တို့မှ သွေးလှူရှင် ၂၆ ဦး စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **မင်းမင်းလတ်(မန်းတက္ကသိုလ်)**

မိတ္ထီလာတွင် လယ်ယာမြေ လုပ်ပိုင်ခွင့်ပြု မှတ်ပုံတင်လက်မှတ်များ ပေးအပ်

မိတ္ထီလာ ဇူလိုင် ၁

မိတ္ထီလာတွင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုမှတ်ပုံတင်လက်မှတ်များကို ဒေသခံလယ်ယာမြေလုပ်ကိုင်သူ တောင်သူများထံ ဆက်လက်ထုတ်ပေးလျက်ရှိရာ ဇွန် ၃၀ ရက် နံနက်ပိုင်းက ကန်သာကျေးရွာအုပ်စုတွင် ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေသစ်အရထုတ်ပေးသော လယ်ယာမြေလုပ်ပိုင်ခွင့်ပြုမှတ်ပုံတင်လက်မှတ်ပြုလုပ်ခြင်းဖြင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ဒေသခံတောင်သူများ သိနိုင်ရန် ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှု ကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတင်မောင်စိုးနှင့် အတွင်းရေးမှူး၊ ခရိုင်မြေစာရင်းဦးစီးမှူး ဦးဝင်းကိုကိုတို့က ရှင်းလင်းပြောကြားသည်။ ဇွန် ၃၀ ရက် နံနက်ပိုင်းအထိ မိတ္ထီလာမြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြုမှတ်ပုံတင်လက်မှတ် ၃၀၀၀ ကျော် ထုတ်ပေးပြီးဖြစ်သည်။ **ချမ်းသာ(မိတ္ထီလာ)**

နေ့စဉ်ထုတ်သတင်းစာများ နေ့ချင်းဖတ်ရ၍ မြို့သူမြို့သားများ ဝမ်းသာကြည်နူး

မန္တလေး ဇူလိုင် ၁

မြန်မာ့အလင်းနှင့် ကြေးမုံရောင်စုံသတင်းစာများကို ဇန်နဝါရီ ၁ ရက်မှစတင်ပြီး မန္တလေးကိုယ်ပွားသတင်းစာတိုက်၌ ရိုက်နှိပ်၍ အထက်မြန်မာနိုင်ငံရှိ မြို့နယ်ကျေးရွာများသို့ ဖြန့်ချိပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်သို့ ရွှေခြင်္သေ့မော်တော်ယာဉ်အသင်း၊ မန္တလာရွှေပြည်မော်တော်ယာဉ်အသင်း၊ ရတနာပုံမော်တော်ယာဉ်အသင်းများမှ အဆင့်မြင့် Hiace ယာဉ်ငယ်အသင်းများဖြင့် မန္တလေး-သပိတ်ကျင်းသို့ အသွားအပြန်ယာဉ် အစီး ၂၀ ခန့် ပြေးဆွဲလျက်ရှိရာ ၎င်းအသင်းများဖြင့် မြန်မာ့အလင်း၊ ကြေးမုံ၊ The New Light of Myanmar သတင်းစာများကို နေ့စဉ် ပို့ဆောင်သည့်အတွက် နံနက် ၁၀ နာရီခန့်တွင်ရောက်ရှိ၍ ကိုယ်စားလှယ်များမှတစ်ဆင့် ဖြန့်ဝေပေးခြင်းကြောင့် သတင်းစာများ နေ့ချင်းဖတ်ရခြင်းကြောင့် **(အောက်ပုံ)** သတင်းစာဖတ် ပရိသတ်များက သတင်းစာများကို ပိုမိုစိတ်ဝင်စားလျက်ရှိပြီး ဝမ်းမြောက်ဝမ်းသာဖြစ်နေကြောင်း သိရသည်။

ရတနာပုံဂိတ်မှူး ဦးဖိုးကျော်က "အရင်တုန်းက သတင်းစာဖတ်ရတာ လမ်းပန်းဆက်သွယ်ရေးက မကောင်းတော့ ယနေ့ထုတ်သတင်းစာများကို နောက်ရက်ကူးမှဖတ်ရတာ၊ အခုတော့ လမ်းပန်းဆက်သွယ်ရေးကောင်းပြီး ခေတ်မီကားလေးတွေနဲ့ လိုင်းကားတွေ တိုးချဲ့ပြေးလာတော့ စောစောလည်းဖတ်ရတယ်။ သတင်းစာအရည်အသွေးကောင်း၊ ရသစုံဖတ်ရပြီး စာမျက်နှာအရေအတွက်တွေလည်း တိုးလာတော့ အားရပါးရကြီး ကဏ္ဍအစုံ ဖတ်ရတာကို ပိုပြီးအားရကျေနပ်တယ်"ဟု ပြောပြသည်။

နိုင်ငံတော်၏ စေတနာဖြင့် နေ့စဉ်ထုတ်သတင်းစာများကို နေ့ချင်းရောက် ပို့သည့်စနစ်ဖြင့် ဖြန့်ဝေပေးပို့ခြင်းကြောင့် အများပြည်သူ ဝမ်းသာပီတိဖြစ်ကြကြောင်း သိရသည်။

စိုးနိုင်ဝင်း

မိုးမျှော်နေသည့် မင်းလှကန်ကြီး ရေခန်းလုနီး

မိတ္ထီလာ ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့ ပြည်သူများသောက်သုံးရေနှင့်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများအတွက် အဓိကအားထားရသည့် မင်းလှကန်ကြီးမှာ ရေခန်းခြောက်လုနီးပါးဖြစ်နေကြောင်း သိရသည်။

"မင်းလှကန်ကြီးမှ မြို့လူထုအတွက် သောက်သုံးရေနေ့စဉ်ဖြန့်ဝေပေးခြင်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများအတွက်လည်း စိုက်ပျိုးရေများကို နှစ်စဉ်ဖြန့်ဝေပေးလျက်ရှိပါတယ်။ ယခင်နှစ်က မိုးခေါင်ပြီး ကန်ရေဝင်အောင် မိုးမရွာခြင်းကြောင့် ယခုနှစ်နွေစပါးစိုက်ပျိုးရေပေးဝေနိုင်ခြင်းမရှိပါဘူး။ ယခုနှစ်မိုးဦးကျမှာလည်း ကန်ရေတင်အောင် မိုးမရွာသွန်းခြင်းကြောင့် မင်းလှကန်ကြီး ရေခန်းခြောက်လုနီးပါးဖြစ်နေပါပြီ။ မင်းလှကန်ကြီး ရေဝင်အောင် ရွာသွန်းမယ့်မိုးကိုပဲ မြို့နယ်အတွင်းရှိ ပြည်သူများမှ မျှော်နေရတာပါ။ မင်းလှကန်အတွင်း ရေဝင်အောင် မိုးမရွာပါက မြို့နေလူထု၏ သောက်သုံးရေနှင့် မြို့နယ်အတွင်းရှိကျေးလက်နေပြည်သူများ၏ စိုက်ပျိုးရေးတွင် အခက်အခဲဖြစ်နိုင်ပါတယ်"ဟု သာစည်မြို့နေ ဒေသခံတစ်ဦးက ပြောကြားသည်။ **မျိုးမင်း(သာစည်)**

ဘိန်းဖြူသုံးစွဲသူ ကောလင်းတွင် ဖမ်းမိ

ကောလင်း ဇူလိုင် ၁

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် အနောက် ၂၆ မိုင်ခန့်အကွာ မိုးနှံကျေးရွာမြောက်ဘက် လယ်တောတဲတွင် ဘိန်းဖြူမှုန့်ဟု ယူဆရသော အဖြူမှုန့်များကို လက်ဝယ်ဖမ်းဆီးရမိကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၂၅ ရက် နံနက် ၁၀ နာရီ ၅၅မိနစ်ခန့်က ကောလင်းမြို့နယ်ရဲစခန်းမှ တပ်ကြပ်ရွှေစင်အောင်၊ တပ်သားမိုးလင်း၊ တပ်သား ငြိမ်းချမ်းအောင်၊ အသိသက်သေဦးဆန်းဝင်းအောင်၊ဦးဘသိန်းတို့နှင့်အတူ မူးယစ်ဆေးဝါးသတင်းအရ မိုးနှံကျေးရွာမြောက်ဘက် လူမနေသော လယ်တောအဟောင်းအတွင်းသို့ ဝင်ရောက်ရှာဖွေရာ ဥက္ကံကျေးရွာနေ ချစ်စန်းအား ဖမ်းဆီးရမိသည်။

အဆိုပါတဲ၏ ရှေ့မျက်နှာစာအမိုက်ပုံးအတွင်း သိုဝှက်ထားသော စက္ကူထုပ်တစ်ထုပ် အလေးချိန် ချိန်တွယ်မရနှင့်တဲအောက်မှ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် အပ်တစ်ချောင်း၊ ဆေးထိုးပိုက် လေးချောင်းတို့ကို အသိသက်သေများနှင့်အတူ သိမ်းဆည်းရမိသည်။

ချစ်စန်း (၂၈နှစ်) ဥက္ကံကျေးရွာ ကောလင်းမြို့နယ်နေသူအား ကောလင်းမြို့နယ်ရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၀၆၂)

အခွန်ဝေစု လွှဲပြောင်းပေးအပ်

မန္တလေး ဇူလိုင် ၁

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ လိုင်စင်မဲ့ဆိုင်ကယ်များအား ယာဉ်မှတ်ပုံတင်ပြုလုပ်ပေးခဲ့သော လုပ်ငန်းစီမံချက်မှရရှိသော အခွန်ဝေစုကို တိုင်းဒေသကြီး အစိုးအဖွဲ့သို့ ပြည်တွင်းအခွန်များဦးစီးဌာနမှ လွှဲပြောင်းပေးအပ်သည့် အခမ်းအနားကို ဇွန် ၂၅ ရက် မွန်းလွဲ ၁ နာရီက အဆိုပါရုံးခန်းမ၌ ကျင်းပသည်။

ပြည်တွင်းအခွန်ဦးစီးဌာန တိုင်းဒေသကြီး အခွန်ဦးစီးဌာနဦးစီးမှူးက "၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွင်း ၂၀၁၂ ခုနှစ် ဇွန် ၅ ရက်မှ နိုဝင်ဘာ ၄ ရက်အထိ ငါးလကြာအချိန်ပေး၍ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များကို ယာဉ်လိုင်စင်ပြုလုပ်ခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်း စီမံချက်ရုံး ၁၀ ရုံးမှ ယာဉ်စီးရေ ၂၄၈၀၉၅ စီးအပေါ် ကောက်ခံရရှိသော ကုန်သွယ်လုပ်ငန်းခွန် စုစုပေါင်း ငွေကျပ် ၄၄၇၈ ဒသမ ၀၇၂ သန်း၏ ၂၅ ရာခိုင်နှုန်းဖြစ်သည်။ ငွေကျပ် ၁၁၁၉ ဒသမ ၅၁၈ သန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဘဏ္ဍာရန်ပုံငွေသို့ လွှဲပြောင်းပေးအပ်ခြင်းဖြစ်ကြောင်း" ရှင်းလင်းတင်ပြပြီး အခွန်ဝေစုကို လွှဲပြောင်းပေးအပ်ရာ တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင်မောင်ကြည်က လက်ခံယူကြောင်း သိရသည်။

တင်မောင်(မန္တလေးကိုယ်ပွား)

မေတ္တာစိတ္တနာရေးကူညီမှုအသင်းသို့ ကားလှူဒါန်း

တောင်သာ ဇူလိုင် ၁

တောင်သာမြို့နယ် မေတ္တာစိတ္တနာရေးကူညီမှုအသင်းသို့ သိန်း ၁၇၀ တန်ဖိုးရှိ တိုယိုဟိုက်အေ့ကားကို ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက အလှူရှင်များဖြစ်ကြသော ရန်ကုန်မြို့ ကောက်ရိုးနွယ်ကုမ္ပဏီလီမိတက်မှ ဦးသူရကျော်-ဒေါက်တာမိုးသူဇာလွင်၊ သားအောင်ပြည့်စုံဦး၊ ဦးဟိုက်တင်မိသားစု၊ ကိုအောင်ကျော်၊ လုံးလုံး၊ ဗိုလ်ထွန်းညီအစ်ကိုများ၊ ဦးမောင်လုံး ရွှေနဒီမိသားစု ဒေါက်တာလှထွန်းနှင့်ညီအစ်ကိုများ၊ ဦးခင်မော်၊ ဦးခင်ဇော်တို့က နာရေးကူညီမှုအသင်းဥက္ကဋ္ဌ ဦးသာဒင်ထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းခဲ့သည်။ **(အပေါ်ယာပုံ)**

အဆိုပါ တောင်သာမြို့နယ် နာရေးကူညီမှုအသင်းသို့ ဆက်သွယ်လှူဒါန်းလိုပါက ဖုန်း ၀၆၆-၇၀၇၀၁ သို့ လှူဒါန်းနိုင်ကြောင်း သိရသည်။

လင်းလက်ကြယ်(တောင်သာ)

အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကျင်းပ

မန္တလေး ဇူလိုင် ၁

၂၀၁၂-၂၀၁၃ ခုနှစ် ဘဏ္ဍာရေးနှစ်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၆ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် ပုလဲငွေရောင်ရပ်ကွက် ရွှေကြယ်သတင်းစာဝန်ဆောင်မှု သမဝါယမအသင်း၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိအသင်းဥက္ကဋ္ဌ ဦးကိုလေး၊ မြို့နယ်သမဝါယမ ဦးစီးအရာရှိ ဦးကျော်ဆန်းလင်းတို့က အမှာစကားပြောကြားသည်။ ထို့နောက် အမှုဆောင်အစီရင်ခံစာကို အတွင်းရေးမှူး ဦးကျော်ကျော်ကလည်းကောင်း၊ ဘဏ္ဍာရေးရှင်းတမ်းနှင့်ရန်ပုံငွေခွဲဝေမှုကို ဝန်ထမ်းဒေါ်ဝင်းမာကလည်းကောင်းဖတ်ကြားပြီး တက်ရောက်လာသူများထံမှ အတည်ပြုချက်ရယူသည်။

ဆက်လက်၍ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အတွက် ရွေးချယ်တင်မြှောက်ပွဲကျင်းပရာ ကော်မရှင်ဥက္ကဋ္ဌ ဦးစီးအရာရှိ ဦးကျော်ဆန်းလင်းက အမှာစကားပြောကြားပြီး ဦးစီးမှူး ဦးညွန့်ဆွေက ရွေးချယ်ပုံနည်းစနစ်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက်တက်ရောက်လာသူများက ဥက္ကဋ္ဌ ဦးစိန်လှပါဝင်သော အဖွဲ့ဝင်နှစ်ဦး၊ အသင်းသား စာရင်းစစ်ခေါင်းဆောင် ဦးဝင်းဆင့် ပါဝင်သော အဖွဲ့ဝင်တစ်ဦးတို့ကို ရွေးချယ်ကြသည်။ ရွေးချယ်ခြင်းခံရသော အမှုဆောင်များက သဘာပတိရှေ့မှောက်တွင် ကတိသစ္စာခံယူကြကြောင်း သိရသည်။ (၀၆၂)

ဇွန် ၃၀ ရက်က နေပြည်တော် ဇေယျာသီရိမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းအဟောင်းအတိုင်း သိုက်ချောင်းလမ်းဆုံမှ ပျဉ်းမနားဘက်သို့ မောင်းနှင်လာသော သစ်လုံးတင်ယာဉ် ၆ခ/----- သည် ဆာဖာရီဥယျာဉ် မရောက်မီ၌ လမ်းချော်၍ ဘေးသို့ထိုးဆင်းသွားစဉ်။

ကျော်သူရ(နေပြည်တော်)

အခြေခံပညာ အလယ်တန်းကျောင်းခွဲများဖွင့်လှစ်

နတ်မောက် ဇူလိုင် ၁

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ထန်းပင်ကုန်းကြီးကျေးရွာ၊ ကျောက်ခွက်ကျေးရွာ၊ ဒန့်ဒလွန်ပင်ကျေးရွာများတွင် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် အခြေခံပညာအလယ်တန်းကျောင်းခွဲများ ဖွင့်ပွဲအခမ်းအနားကို သက်ဆိုင်ရာနေရာများ၌ ဇွန် ၃၀ ရက် နံနက်ပိုင်းက ကျင်းပရာ မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဦးအောင်ကျော်မင်း၊ မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးဖေတင်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်စိုး၊ တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးနေဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းကို၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်ငြိမ်းယုနှင့် တာဝန်ရှိသူများက အခြေခံပညာအလယ်တန်းကျောင်းခွဲများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကြောင်း သိရသည်။

နေလင်း

ဗလငါးတန် ဖွံ့ဖြိုးဖို့ တာအုပ်တာပေလေ့လာစို့

ပြည်တွင်းသတင်း

တက္ကသိုလ်ဝင်စာမေးပွဲတွင်ဂုဏ်ထူးရရှိသူများအား မူဆယ်မြို့တွင် ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်

မူဆယ် ဇူလိုင် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း)မူဆယ်မြို့ မြို့တော်ခန်းမ၌ ဇွန် ၂၉ ရက် မွန်းလွဲ ၂ နာရီက မူဆယ်မြို့နယ်တွင် ၂၀၁၂-၂၀၁၃ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် မြန်မာစာဂုဏ်ထူးရရှိကြသူများအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကျင်းပသည်။

ရှေးဦးစွာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးကောင်းစံဦးက အမှာစကားပြောကြားကာ မော(ဝ်)နေခြည်စာကြည့်တိုက်ရှင်သန်ထိန်းသိမ်းရေးကော်မတီအတွင်းရေးမှူးဒေါ်ဝင်းဝင်းမြင့်၊ စာရေးဆရာမ မကျည်းတန်(လွိုင်ကော်)နှင့် ဦးမြင့်ရွှေ(ကဗျာဆရာထက်ဦးလူ-မူဆယ်)တို့က မြန်မာစာပေအကြောင်းနှင့် မြန်မာစာဂုဏ်ထူးရှင်များ ဆုပေးရခြင်းအကြောင်း ဆွေးနွေးတင်ပြကာ ဦးထင်ကျော်(နိုင်မျိုးသစ္စာ-နမ္မတူ)က ငွေစာရင်းရှင်းတမ်းများ ဖတ်ကြားပြီး ဆုပေးပွဲကိုကျင်းပရာ ခြောက်ဘာသာဂုဏ်ထူးရှင် မောင်အားသစ်နှင့် မရွှယ်ဆိုင်းဒင်၊ မြန်မာစာဂုဏ်ထူးရှင်များဖြစ်ကြသော မောင်အေးချမ်းကို၊ မဇွန်ပွင့်ဖြူ၊ မခင်ယမင်းသူနှင့် အင်္ဂလိပ်စာဂုဏ်ထူးရှင် မညိုမီလှိုင်တို့အား ဂုဏ်ပြုသူများကိုယ်စား၊ မူဆယ်မြို့အဝေးပြေးကားကွင်း တည်ဆောက်ရေးသိန်းသန်းချီကုမ္ပဏီမှ မန်နေဂျင်းဒါရိုက်တာ ဦးကျော်ဝင်းကိုယ်စား အင်ဂျင်နီယာ ဦးတင်မောင်လှ၊ နယူးစတားလိုက်ဆောက်လုပ်ရေးကုမ္ပဏီမှ မန်နေဂျာ ဦးငွေစိုး၊ ဂရိတ်ဟော်ခမ်းကုမ္ပဏီမှဦးစိုင်းသိန်းကျော်၊ ကရုဏာအသင်းဥက္ကဋ္ဌ ဦးသောင်းထွန်း၊ ခရိုင်ပညာရေးမှူး ဦးစိုးမြင့်အောင်၊ MIEC ကျောင်းအုပ် ဦးဆောင်းဝင်းလတ်နှင့် ICTC ကျောင်းအုပ် ဦးခင်မောင်အေးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဝမ်းမြောက်

မော(ဝ်)နေခြည် စာကြည့်တိုက်ရှင်သန်ထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော် (ကျော်မျိုးနွယ်)က ကျေးဇူးတင်စကားပြောကြားခဲ့ကြောင်းနှင့် မူဆယ်မြို့တွင် မြန်မာစာဂုဏ်ထူးရှင်များ ဆက်တိုက်ပေါ်ထွက်ခဲ့သည်မှာ ငါးနှစ်ရှိပြီဖြစ်ကြောင်းနှင့် နယ်စပ်ဒေသဖြစ်သော မူဆယ်မြို့တွင် မြန်မာစာဂုဏ်ထူးရှင်များ ထွက်ပေါ်လာရခြင်းအပေါ် ဂုဏ်ယူဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

သိန်းဇော်(ရွှေလီဦး)

အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအတွက် ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်က ပံ့ပိုးကူညီမည်

ရန်ကုန် ဇူလိုင် ၁

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် Official Main Sponsor အဖြစ် ဆောင်ရွက်နိုင်ရန်အတွက် ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်နှင့် Organizer အဖြစ်ရရှိထားသော Dentsu Sports Asia &JK Consultant & Management ကုမ္ပဏီလီမိတက်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ဇွန် ၃၀ ရက် မွန်းလွဲ ၂ နာရီက ရန်ကုန်မြို့ Park Royal Hotel ၌ ကျင်းပရာ အခမ်းအနားသို့ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းတက်ရောက်၍အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် ၂၀၁၃ ခုနှစ် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ Organizer JK Consultant & Management ကုမ္ပဏီလီမိတက်၏ CEO Mr. Chaiyos Rung Charoenchai က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဆက်လက်၍ ကမ္ဘောဇအုပ်စုကုမ္ပဏီလီမိတက်ကိုယ်စား ကမ္ဘောဇဘဏ်လီမိတက် အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းချိုက ၂၀၁၃ ခုနှစ် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ကမ္ဘောဇအုပ်စု ကုမ္ပဏီလီမိတက်အနေဖြင့် Official Main Sponsor အဖြစ် ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကမ္ဘောဇဘဏ်လီမိတက် အကြီးတန်းအုပ်ချုပ်မှု ဒါရိုက်တာ ဦးသန်းချိုနှင့် JK Consultant &Management ကုမ္ပဏီလီမိတက်၏ CEO Mr.Chaiyos Rung Charoenchai တို့သည် နားလည်မှုစာချွန်လွှာကို လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ကြသည်။

အားကစားပြိုင်ပွဲများ ကျင်းပမည့် ရန်ကုန်၊ မန္တလေး၊ နေပြည်တော်၊ ငွေဆောင်စသည့်နေရာများရှိ Social Zone များတွင် Platinum Sponsor များဖြစ်ကြသော KBZ Bank,MAI, AIR KBZ တို့နှင့် IKBZ (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇအာမခံလုပ်ငန်း) တို့သည် အားကစားပြိုင်ပွဲ၏ အထိမ်းအမှတ်ဖြစ်သော Logo နှင့် Mascot များ သုံးစွဲခွင့်ကို မူပိုင်ရရှိမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ကမ္ဘောဇဘဏ်လီမိတက်သည် နိုင်ငံတကာအားကစားသမားများ အဆင်ပြေစေနိုင်ရန် VISA ကတ်၊ Master ကတ်၊ MPU ကတ်များဖြင့် သုံးစွဲ၍ရနိုင်သည့် ATM စက်များကို Social Zone များ၏ အကျယ်အဝန်းအခြေအနေအရ လိုအပ်သလိုထားရှိဆောင်ရွက်သွားမည်ဖြစ်သည်။ Exchange Counter များကိုလည်း ထားရှိသွားမည်ဖြစ်သည်။ ကျန်ရှိသော အချို့နေရာများတွင်မူ Mobile ကားများ သုံးစွဲသွားမည်ဖြစ်ပြီး အားကစားပွဲတော်ကာလအတွင်း လာရောက်ကြမည့် ဧည့်သည်တော်များအတွက် SEA Games Logo ပါရှိသောKBZ Prepaid ကတ်များ ပြုလုပ်ပေးသွားမည်ဖြစ်သည်။ အားကစားပြိုင်ပွဲကာလအတွင်း ပြေးဆွဲမည့် MAI နှင့် AIR KBZ တို့၏ Charter Flight များတွင်လည်း အထူးဝန်ဆောင်မှုများ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

အောင်သူရ

နံနက်မိုးမလင်းခင် ၂၂ ဘီးကားကြီး အိမ်ထဲအထိထိုးဝင်

လားရှိုး ဇူလိုင် ၁

လားရှိုးမြို့ ရပ်ကွက်(၁၂) နယ်မြေ(၃) ၅/၃ ဟိုဝမ်လမ်းထောင့်ရှိနေအိမ်တစ်ခုအတွင်းသို့ ၂၂ ဘီးကားကြီးတစ်စီး ဇွန် ၃၀ ရက် နံနက် ၄ နာရီခန့်က ထိုးဝင်သွားသော ယာဉ်တိုက်မှုတစ်ခုဖြစ်ပွားခဲ့ကြောင်း ယာဉ်ထိန်းရဲတပ်ဖွဲ့ထံမှ သိရသည်။ **(ယာပုံ)**

ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲအုပ်စောဝင်း၏ပြောပြချက်အရ ယာဉ်မောင်းအိပ်ငိုက်သွားသဖြင့် ၂၂ ဘီးမော်တော်ယာဉ်ကြီးသည် နေအိမ်အတွင်းဝင်ရောက်သွားခြင်းဖြစ်ကြောင်း၊ နေအိမ်အတွင်းမဝင်မီ လားရှိုးကြီးဆီပန့်ကြီးအရှေ့မှဝင်ပြီး ဆီပန့်ဘေးနံရံအုတ်တံတိုင်းကို တိုက်ခဲ့ကြောင်း၊ ၅/၃ ဟိုဝမ်လမ်းကြားလေးကိုဖြတ်ကာ နေအိမ်အုတ်တံတိုင်းကို ထပ်မံတိုက်ပြီး နေအိမ်အတွင်း ဝင်ရောက်သွားခြင်းဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကြောင့် လူသေဆုံးခြင်းမရှိသော်လည်း အိမ်အတွင်းရှိ ဒေါ်ရွှေအိမ် (၅၁ နှစ်) ဒဏ်ရာရရှိခဲ့ကြောင်း ပြောပြသည်။

နေအိမ်အတွင်း တိုးဝင်ခဲ့သော ယာဉ်အမှတ် ၇င/. . . အဖြူရောင် ၂၂ ဘီးတွဲကားကြီးသည် ပြောင်းအိတ် ၆၀၀ ကို တင်ဆောင်လာပြီး မူဆယ်သို့ သွားရန်ဖြစ်ကြောင်း၊ ယာဉ်မောင်းသူသည် အောင်မျိုးခိုင်(၂၀ နှစ်) နမ္မတူ သတလ(၇) ရပ်ကွက် နေသူဖြစ်ကြောင်း၊ ယာဉ်တိုက်မှုကို နယ်မြေအပိုင်အမှတ် (၂) ရဲစခန်းက အမှုဖွင့်ထားကြောင်း ဒုရဲအုပ်စောဝင်းက ပြောပြသည်။

ဆက်လက်၍ ယာဉ်ထိန်းရဲအရာရှိ ဒုရဲအုပ်စောဝင်းက အခင်းဖြစ်စဉ် ယာဉ်မောင်းလာသူသည်(င)လိုင်စင်မရှိဘဲ (ခ)လိုင်စင်သာကိုင်ဆောင်ထားသူဖြစ်ကြောင်း၊ တောင်ပေါ်ဟိုင်းဝေးလမ်းတွင် ယာဉ်မောင်းနှင်သူသည် အတွေ့အကြုံရှိ(င)လိုင်စင်ကိုင်ဆောင်သူ ယာဉ်မောင်းကြီးဖြစ်ရန်လိုကြောင်း၊ ဟိုင်းဝေးလမ်းမောင်းနှင်သော ယာဉ်မောင်းများသည် အိပ်ငိုက်လာပါက ယာဉ်ကို ရပ်တန့်ထားရမည်ဖြစ်ကြောင်း၊ ယာဉ်နောက်လိုက်ကလည်း ယာဉ်မောင်းနှင်နေစဉ် အိပ်ငိုက်ခြင်းမပြုဘဲ ယာဉ်မောင်းကြီးကို ကူညီရန်အထူးလိုအပ်ကြောင်း ပြောကြားသည်။

မမ(လားရှိုး)

မှုခင်းသတင်းများ

ထန်းရည်သောက် စကားများရာမှ ဓားထိုးမှုဖြစ်ပွား

ထီးလင်း ဇူလိုင် ၁

ဂန့်ဂေါခရိုင် ထီးလင်းမြို့နယ် အထက်ကျော်ရွာ၌ ဇွန် ၂၈ ရက် ည ၉ နာရီခန့်က ဝိုင်းဖွဲ့၍ ထန်းရည်သောက်စကားများရာမှ ဓားထိုးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အထက်ကျော်ရွာ၏ အနောက်ဘက် နှစ်ဖာလုံခန့်အကွာ ဒေါ်ကြန်တော၏တဲ၌ အောင်ငြိမ်း (၄၁ နှစ်)နှင့် ၎င်း၏အစ်ကိုဝမ်းကွဲတော်စပ်သူ ဝင်းဦး (၄၄ နှစ်)၊ မင်းစိုး (၃၁ နှစ်)တို့သုံးဦးသည် ဝိုင်းဖွဲ့၍ ထန်းရည်သောက်ရာမှ အချင်းချင်းစကားများပြီး အောင်ငြိမ်း၏ လက်နှိပ်ဓာတ်မီးကို ဝင်းဦးကဆွဲယူရိုက်ခဲ့သဖြင့် အောင်ငြိမ်းက မခံချင်စိတ်ဖြစ်ကာ ဝင်းဦး၏ဘယ်ဘက်နံရိုးအောက်ပိုင်းသို့ ခါးတွင်ချိတ်ထားသော ထန်းလှီးဓားဖြင့် ရုတ်တရက် ထိုးသွင်းလိုက်ခြင်းဖြစ်သည်။ ထို့ကြောင့် နှစ်လက်မခန့်ထိုးသွင်းဒဏ်ရာတစ်ချက်ရရှိခဲ့သည်။ ကျန်ရှိသူမင်းစိုးက ကျေးရွာအုပ်ချုပ်ရေးမှူး ဦးညွှန့်ဝင်းနှင့် ဦးမြသိန်းတို့ထံ အကြောင်းကြားခဲ့သည်။

အဆိုပါ ဓားထိုးမှုနှင့်ပတ်သက်၍ အထက်ကျော်ရွာမှ ဦးမြင့်သိန်းက တရားလိုပြုလုပ်၍တိုင်ကြားသဖြင့် ခေတ္တစခန်းမှူးမျိုးဇေမြင့်က အောင်ငြိမ်းကို သက်သေခံပစ္စည်းနှင့်အတူ ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

ဖိုးသားလေး(ယောမြေ)

ကံစမ်းမဲကတ်အတုများ လာရောက်လဲလှယ်သူ ဖမ်းဆီးအရေးယူ

နေပြည်တော် ဇူလိုင် ၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်တွင် UPG အိမ်သုတ်ဆေးကံစမ်းမဲလက်မှတ်အတုများ ကိုင်ဆောင်၍ လာရောက်လဲလှယ်သော အမှုတစ်ခုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဇွန် ၃၀ ရက် နံနက် ၇ နာရီက "ခေတ်သစ်" အိမ်ဆောက်ပစ္စည်းအရောင်းဆိုင်သို့ အမည်မသိ လူတစ်ဦးရောက်လာပြီး UPG ကံထူးဆု ငွေကျပ် ၂၀၀၀ တန် ပလတ်စတစ်လောင်းထားသော ကံစမ်းမဲကတ်များကို ငွေသားနှင့် လာရောက်လဲလှယ်သဖြင့် ကံစမ်းမဲကတ်များကို ရေတွက်ရာကတ် ၂၀၀ ရှိကြောင်း သိရသည်။ ယင်းကတ်များအားလုံး၏ နံပါတ်သည် ၁၉၀၈၉၀ ဖြစ်နေ၍ အတုများဖြစ်ကြောင်းသိရသဖြင့် အမည်ကိုမေးမြန်းရာ ၎င်းသည် မျိုးအောင်(၂၈ နှစ်)ဆေးသုတ်လုပ်ငန်း ရွှေပြည်အေးကျေးရွာ ငှက်ပျောတောအုပ်စု လယ်ဝေးမြို့နယ်နေသူဖြစ်ကြောင်းနှင့် ဆိုင်အပြင်တွင် သူငယ်ချင်းတစ်ဦးပါရှိပြီး ဆိုင်ကယ်စောင့်၍ကျန်ခဲ့ကြောင်းသိရသဖြင့် သွားရောက်မေးမြန်းရာ ၎င်းမှာ အောင်စိုးဝင်း (၃၀ နှစ်) ဆေးသုတ်လုပ်ငန်း (လိပ်စာတူ)ဖြစ်ကြောင်း ထပ်မံသိရှိရသည်။၎င်းတို့စီးနင်းလာသော လော့ဂျာ ၁၁၀ အနက်ရောင်ဆိုင်ကယ်တူးဘောက်အတွင်း ကံစမ်းမဲကတ်များပါရှိကြောင်း ပြောပြသိရသဖြင့် ငွေဖြင့်လဲလှယ်ပေးရန်ပြောဆိုသောကြောင့် ရေတွက်ကြည့်ရာ ငွေကျပ် ၂၀၀၀ တန် ၁၆၈ ကတ်ဖြစ်ကြောင်းသိရပြီး နံပါတ်များမှာ ၁၉၀၈၉၀ များသာဖြစ်ပြီး ၎င်းတို့နှစ်ဦးမှာ ဇွန် ၃၀ ရက် နံနက် ၁၀ နာရီက ဆိုင်သို့ရောက်လာပြီး ၃၃၄ ကတ်ကိုလည်းကောင်း ဇွန် ၂၈ ရက် နံနက် ၁၀ နာရီက ဆိုင်သို့ရောက်လာပြီး ကတ် ၃၀၀ ကိုလည်းကောင်း ကံစမ်းမဲကတ်အတုများ လာရောက်လဲလှယ်ထားသဖြင့် မျိုးအောင်နှင့် အောင်နိုင်ဝင်းတို့ကို အရေးယူပေးပါရန် ဆိုင်မန်နေဂျာ မစုမြတ်နန္ဒာဦးကတိုင်တန်းသောကြောင့် ပျဉ်းမနားရဲစခန်းက အမှုဖွင့်ပြီး ဒုရဲအုပ် မိုးဆွေက စစ်ဆေးလျက်ရှိကြောင်း သိရသည်။

မင်းမင်းလတ်(မန်းတက္ကသိုလ်)

မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

မြိတ် ဇူလိုင် ၁

မြိတ်မြို့ ကလွင်ကျေးရွာအုပ်စု ကလွင်ရေပုန်းတက္ကသိုလ်ရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းတွင် ဘိန်းစာမှုန့်များ၊ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းကိရိယာများကို ဇွန် ၂၁ ရက် မွန်းလွဲ ၂ နာရီခန့်က သိမ်းဆည်းရမိခဲ့သည်။

အောင်ခန့်(ခ)အောင်အောင် (၄၃ နှစ်)သည် ဘွဲ့နှင်းသဘင်အဆောင်၏ အနောက်ဘက် ၎င်း၏နေအိမ်၌ မူးယစ်ဆေးဝါးများ လက်ခံထားရှိရောင်းချသုံးစွဲလျက်ရှိကြောင်းသတင်းအရ ယင်းနေ့မွန်းလွဲ ၂ နာရီခန့်က မြို့မရဲစခန်းမှူး ဒုတိယရဲမှူးနေလင်း၊ အထူးမှုခင်းနှိမ်နင်းရေးအဖွဲ့ ရဲအုပ်ချိုလွင်နှင့်အဖွဲ့၊ နယ်ထိန်းအဖွဲ့မှ ဒုရဲအုပ်အောင်မြင့်စိုးနှင့်အဖွဲ့၊ အမှတ်(၁)နယ်မြေရဲကင်းမှ ရဲတပ်ကြပ်ကြီး အေးမင်းဇော်တို့အဖွဲ့သည် ကလွင်ကျေးရွာအုပ်ချုပ်ရေးမှူးအဖွဲ့နှင့် ပူးပေါင်း၍ ဝင်ရောက်ရှာဖွေရာ အိမ်ရှင် အောင်ခန့်(ခ)အောင်အောင်နှင့်အတူ မျိုးဇော်လတ်(၂၅ နှစ်) မြို့မရပ် အလယ်ကျွန်းနယ်မြေ၊ ဖြိုးအောင် (၁၈ နှစ်) ထားဝယ်ကမ်း(၂)ရပ်ကွက် မြိတ်တောင်နယ်မြေ၊လောင်ကီး(ခ)သက်နိုင်ထွန်း (၃၁ နှစ်)တပ်ပြင်ရပ် ကန်ဖျားနယ်မြေ၊ အောင်ကျော်နိုင်(ခ)အောင်သူ(၂၉ နှစ်) ရမ်းဖိုကျေးရွာ တနင်္သာရီမြို့နယ်နှင့်မောင်ထွေး(၁၈နှစ်) ကွမ်းသီးချောင်းကျေးရွာ စန္ဒဝတ်ကျေးရွာအုပ်စုတို့ကို ဓား၊ လှံ၊ လက်နက်များကိုင်ဆောင်လျက် ဖမ်းဆီးရမိခဲ့ရပြီး နေအိမ်နှင့် ခြံစည်းရိုးအတွင်း ဆက်လက်ရှာဖွေရာ သက်သေခံပစ္စည်း ဘိန်းစာမှုန့်တစ်ထုပ်လျှင် အလေးချိန် ၃၀ ဂရမ်ခန့်စီပါ သုံးစွဲလက်စ ဘိန်းစာမှုန့် နှစ်ထုပ်တစ်ထုပ်လျှင် အလေးချိန် ၇၀ ဂရမ်ခန့်စီပါ ဘိန်းစာမှုန့် ၇၀ ထုပ်ကို သံပုံး၊ စက္ကူပုံး၊ ပလတ်စတစ်ပုံးများဖြင့် ချုံပုတ်များအတွင်း ဝှက်ထားရာ လိုက်လံပြသချက်အရ ဘိန်းစာမှုန့်အထုပ် စုစုပေါင်း ၇၂ ထုပ်ကို သိမ်းဆည်းရရှိခဲ့ပြီး အောင်ခန့်(ခ)အောင်အောင်အပါအဝင် ခြောက်ဦးတို့အား မြို့မရဲစခန်းမှူး ဒုတိယရဲမှူးနေလင်းက တရားလိုပြုလုပ်၍ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ

ပြည်တွင်းသတင်း

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ပဲခူးတွင်ကျင်းပ

ပဲခူး ဇူလိုင် ၁

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန ပဲခူးတိုင်းဒေသကြီး၏ ၂၀၁၃-၂၀၁၄ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ အခမ်းအနားကို ဇူလိုင် ၁ ရက် နံနက် ၇ နာရီခွဲက ပဲခူးမြို့ မဟာစေတီဘုရားဝင်းအတွင်း မြေနေရာ၌ ကျင်းပခဲ့သည်။

အခမ်းအနားသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်၊ စာရင်းစစ်ချုပ်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အသင်းအဖွဲ့ဝင်အသီးသီးမှ ပုဂ္ဂိုလ်များ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၀၀ ခန့် စိုက်ပျိုးခဲ့ကြသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သစ်တောဦးစီးဌာနညွှန်ကြားရေးမှူး ဦးကျော်မိုးခိုင်က ရှင်းလင်းတင်ပြပြီး ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ် ဝင်းဦးဆောင်ပြီး ကျွန်း၊ ပိတောက်၊ ခရေ၊ မဟော်ဂနီ၊ စိန်ပန်းအပါအဝင် စုစုပေါင်းအပင် ၇၂၀ တို့ကို တစ်ပြိုင်တည်းစိုက်ပျိုးခဲ့ပြီး ဝန်ကြီးချုပ်က သစ်ပင်စိုက်ပျိုးနေမှုများကို လိုက်လံကြည့်ရှုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ) သန့်စင်**

ကံထူးရှင်များ ထွက်ပေါ်

ရန်ကုန် ဇူလိုင် ၁

(၂၉၄)ကြိမ်မြောက် အောင်ဘာလေသိန်းဆုဖွင့်ပွဲမှ ယနေ့ထွက်ပေါ်လာသော ဆုကြီးများစာရင်းမှာ-

ကျပ်သိန်း ၁၅၀၀
ယ-၉၉၇၄၂

ကျပ်သိန်း ၁၀၀၀
ဆ-၅၅၂၀၆၆

ကျပ်သိန်း ၅၀၀
ခ-၅၁၉၆၇၀

ကျပ်သိန်း ၃၀၀ ဆုများ
ည-၂၂၆၈၃၈၊ န-၆၁၀၃၁၉

ကျပ်သိန်း ၂၀၀ ဆုများ
ခ-၅၉၆၄၉၈၊ ဟ-၄၀၄၅၇၀

ကျပ်သိန်း ၁၀၀ ဆု(မင်္ဂလာစုံတွဲ)
ဒု-၃၉၈၂၇၃၊ ဆ-၃၉၆၈၇၉
ဗ-၄၈၀၆၇၃၊ ယ-၄၈၉၉၃၅
ခ-၆၉၈၆၃၉၊ ယ-၂၆၃၀၁၃
ဌ-၈၂၀၂၂၃၊ စ-၇၄၁၇၁၄
ဏ-၂၇၂၆၇၅၊ ဝ-၉၂၁၈၉၄
ဒု-၉၁၆၉၀၀၊ ဋ-၈၀၄၂၆၀
န-၇၅၇၀၅၅၊ ဋ-၄၀၁၁၂၅

ငှက်ပျောကောင်းမြို့နယ်ခွဲရုပ်/သံ ထုတ်လွှင့်နိုင်မှု အခြေအနေတင်ပြ

နေပြည်တော် ဇူလိုင် ၁

မြန်မာအသံနှင့်ရုပ်မြင်သံကြား၊ ရန်ကုန်ပြုပြင်ရေး ထိန်းသိမ်းရေးဇုန် လက်အောက်ခံ စက်ရုံတစ်ရုံဖြစ်သော ငှက်ပျောကောင်းမြို့နယ်ခွဲ ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံ၏ 50 w လွှင့်စက်သည် ဇွန် ၈ ရက် နံနက်ပိုင်းအစီအစဉ်များ ထုတ်လွှင့်နေစဉ် လွှင့်စက်ချွတ်ယွင်းမှုကြောင့် ထုတ်လွှင့်မှုပြတ်တောက်ခဲ့သည်။

ယခုအခါ လွှင့်စက်ကို ပြုပြင်ပြီးစီးပြီ ဖြစ်ပါသဖြင့် ဇွန် ၂၅ ရက် ညနေပိုင်းအစီအစဉ်မှစ၍ ပုံမှန်အတိုင်း ပြန်လည်ထုတ်လွှင့်နေပြီ ဖြစ်ပါကြောင်း မိဘပြည်သူများအား အသိပေးအပ်ပါသည်။ **(သတင်းစဉ်)**

ဦးတင်ဦး ၃/ကဆက(နိုင်)၀၀၁၀၈၀ နှင့် အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေ မသန်းသန်းလှ ၁၀/မလမ(နိုင်)၂၄၁၈၈၈၊ အမှတ် ၅၉၊ သုံးလွှာ-ဘီ၊ ၉၄လမ်း၊ ကန်တော်ကလေးရပ်ကွက်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့နေသူ၏ တရားဝင်လွှဲအပ်ချက်အရ အောက်ပါအတိုင်းကြေညာပါသည်။

ကျွန်ုပ်တို့၏မိတ်ဆွေ မသန်းသန်းလှနှင့် ဦးတင်ဦး ၃/ကဆက(နိုင်)၀၀၁၀၈၀တို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ရာမှ ဦးတင်ဦးမှာ နိုင်ငံခြားသို့ ထွက်သွားရာတွင် ရိုးသားစွာထွက်သွားခြင်းမဟုတ်ဘဲ အခြားအမျိုးသမီးတစ်ဦးအား နိုင်ငံရပ်ခြားအထိ ခေါ်ယူသွားပြီး ပေါင်းသင်းကာ ကလေးတစ်ဦးရရှိသည့်အချိန်မှ ကျွန်ုပ်တို့၏ မိတ်ဆွေက အထက်ပါလုပ်ရပ်ကိုသိရှိခဲ့ပါသည်။ ကျွန်ုပ်တို့၏မိတ်ဆွေမှာ ကလေးနှစ်ဦးနှင့်အတူ မြန်မာနိုင်ငံတွင် အားကိုးရာမဲ့ရှိနေပြီး ခြောက်လကျော် မည်သည့်စရိတ်မှ ထောက်ပံ့ခြင်းမရှိသဖြင့် ဦးတင်ဦးနှင့် အကြင်လင်မယားအဖြစ်မှ အစ္စလာမ်ဓလေ့ထုံးတမ်းနှင့်အညီ တစ်ဦးနှင့်တစ်ဦး သက်ဆိုင်ခြင်းမရှိဘဲ ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ ခင်ပွန်းအဖြစ် စွန့်လွှတ်လိုက်ပြီဖြစ်ပါသည်။

အစ္စလာမ်တရားတော်နှင့်အညီ အမုန်အတိုင်းတင်ပြကာ ဓမ္မသတ်ဖြေကြားချက် တရားဝင်တောင်းခံ၍ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ခြင်းကြောင့် ဤကြေညာသည့်ရက်မှစ၍ ကျွန်ုပ်တို့၏မိတ်ဆွေနှင့် ဦးတင်ဦးတို့မှာ သက်ဆိုင်ခြင်းမရှိတော့ဘဲ ခင်ပွန်းအဖြစ်မှ စွန့်လွှတ်လိုက်ပြီဖြစ်ကြောင်း ကြေညာပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသော်တာစိုး	ဒေါ်အေးအေးလှ	ဒေါ်အိအိမြင့်
စဉ်-၄၁၁၆	စဉ်-၃၅၉၇၉	စဉ်-၃၇၈၅၈

တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေများ
အမှတ် ၂၀၃၊ သုံးလွှာ၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၁-၇-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၆၈၂၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၄၁၉၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ပြင်ပငွေလဲပေါက်ဈေး)

အမေရိကန်	တစ်ဒေါ်လာ	၉၉၄ - ၉၉၆	ကျပ်
ဥရောပ	တစ်ယူရို	၁၂၅၄ - ၁၂၇၂	ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၉ - ၇၇၁	ကျပ်
ထိုင်း	တစ်ဘတ်	၃၁. ၁ - ၃၂. ၃	ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၃ - ၁၆. ၆၅	ကျပ်
တရုတ်	တစ်ယွမ်	၁၅၅ - ၁၅၈	ကျပ်
မလေးရှား	တစ်ရင်းဂစ်	၃၀၆ - ၃၁၁	ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄	ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀	ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၇၀	ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၁၇၀	ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၉၁၀	ကျပ်

သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း (သား/ငါးဒိုင်များ)

၁။ ငါးကြင်း	တစ်ပိဿာ	၃၀၀၀ - ၆၈၀၀	ကျပ်
၂။ ငါးမြစ်ချင်း	တစ်ပိဿာ	၁၀၀၀ - ၂၉၀၀	ကျပ်
၃။ ငါးရံ့	တစ်ပိဿာ	၅၀၀၀ - ၇၅၀၀	ကျပ်
၄။ ငါးဖယ်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၅။ ပုစွန်(ကျော့)	တစ်ပိဿာ	၃၀၀၀ - ၇၀၀၀	ကျပ်
၆။ ပုစွန်တုပ်	တစ်ပိဿာ	၁၁၀၀၀ - ၂၃၀၀၀	ကျပ်
၇။ ငါးသလောက်	တစ်ပိဿာ	၉၅၀၀ - ၁၇၅၀၀	ကျပ်
၈။ ကြက်	တစ်ပိဿာ	၄၅၀၀ - ၁၂၀၀၀	ကျပ်
၉။ ဝက်	တစ်ပိဿာ	၄၀၀၀ - ၈၀၀၀	ကျပ်
၁၀။ အမဲ	တစ်ပိဿာ	၃၀၀၀ - ၇၀၀၀	ကျပ်
၁၁။ ဆိတ်	တစ်ပိဿာ	၁၀၀၀၀ - ၁၂၀၀၀	ကျပ်

ခင်ရတနာ-စုစည်းသည်။

ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း

၁။	နွေဆန်	တစ်အိတ်	၁၇၀၀၀
၂။	ပေါ်ကျွဲ	တစ်အိတ်	၂၁၅၀၀
၃။	ပေါ်ဆန်း	တစ်အိတ်	၂၃၀၀၀-၂၉၀၀၀
၄။	မြေပဲဆီ	တစ်ပိဿာ	၃၉၀၀
၅။	စားအုန်းဆီ	တစ်ပိဿာ	၁၅၆၅
၆။	ဆိပ်ဖြူကြက်သွန်နီ	တစ်ပိဿာ	၃၉၀-၄၄၅
၇။	ရှမ်းကြက်သွန်ဖြူ	တစ်ပိဿာ	၁၀၂၅-၁၇၀၀
၈။	ကြူကုတ်ကြက်သွန်ဖြူ	တစ်ပိဿာ	၁၁၂၅-၁၁၅၀
၉။	အာလူး(ဟဲဟိုး)	တစ်ပိဿာ	၇၃၀-၉၀၀
၁၀။	ဝါးခယ်မငရုတ်ရှည်	တစ်ပိဿာ	၁၈၀၀-၁၈၅၀
၁၁။	ဆင်ဖြူကျွန်းငရုတ်ပွ	တစ်ပိဿာ	၄၀၀၀-၄၃၀၀
၁၂။	သကြား	တစ်ပိဿာ	၉၂၀-၁၀၅၀

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်သည်။

ခင်ဆိုင်-စေ့ငုတင်ပြသည်။

လက်မောင်းအရေပြားအောက် သားဆက်ခြားပစ္စည်းအကြောင်း ပညာပေး

ကျိုင်းတုံ ဇူလိုင် ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ တွဲဖက်ပြည်နယ်ကျန်းမာရေးဦးစီးဌာနရုံးတွင် အများပြည်သူအကျိုးပြုရန်အတွက် လက်မောင်းအရေပြားအောက် သားဆက်ခြားပစ္စည်းအကြောင်း ပညာပေးသင်တန်းကို သားဖွားမီးယပ်အထူးကုဆရာဝန်ဒေါက်တာတင်နွဲ့ခိုင်က ရှင်းလင်းသင်ပြပေးသည်။ သင်တန်းကို ဇူလိုင် ၁ ရက်မှ ၂ ရက်အထိ ဖွင့်လှစ်မည်ဖြစ်ပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ခရိုင် / မြို့နယ်များမှ သားဖွားမီးယပ်အထူးကုဆရာဝန်များ၊ ကျန်းမာရေးဦးစီးမှူးများ စုစုပေါင်း ၁၅ ဦးတက်ရောက်၍ စာတွေ့လက်တွေ့ပို့ချမည်ဖြစ်ကြောင်း သိရသည်။

ယင်းပစ္စည်းထည့်ခြင်းဖြင့် သာမန်အမျိုးသမီးများက ငါးနှစ်နှင့် ဝသော အမျိုးသမီးများအတွက် လေးနှစ်ခန့်ခံနိုင်ရည်ရှိကြောင်းနှင့် ပစ္စည်း၏တန်ဖိုးမှာ ငွေကျပ် ၃၀၀၀၀ခန့်ရှိကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

အမည်ဖြည့်စွက်ခေါ်ပါရန်

မန္တလေးမြို့၊ အောင်မြေသာဇံမြို့နယ်နေ ဦးသန်းထွဏ်း၏သား မျိုးမျိုး ၉/မတရ(နိုင်) ၀၈၈၉၀၂အား မျိုးမျိုး(ခ)သက်နိုင်ထွဏ်းဟု အမည်ဖြည့်စွက်ခေါ်ပါရန်။

မျိုးမျိုး(ခ)သက်နိုင်ထွဏ်း

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၅/သမိုင်း၊ မြေကွက်အမှတ် ၁/ခ၂၇၉၊ ဧရိယာ ၀ ဒသမ ၀၉၂၈ဧကရှိ နှစ် ၆၀ဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးတို့ကို မြို့မြေစာရင်းတွင် တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ (၁)ဦးမောင်မောင်မြင့်(ခ)အွန်ချိန်တီ ၁၂/လသန(နိုင်)၀၁၃၅၈၂၊ ဒေါ်တင်တင်စိန် ၁၂/လသန(နိုင်) ၀၁၃၅၇၀ တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုမှတ်ပုံတင်စာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L၊ အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃၊ Fax-၉၆၆၉၀၀၄

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်း အခြေခံပန်းအလှပြုပြင်မှုသင်တန်းနှင့် အဆင့်မြင့် ပန်းအလှပြုပြင်မှုသင်တန်းဖွင့်မည်

	အခြေခံ	အဆင့်မြင့်
သင်တန်းနေ့ရက်	- ၈-၇-၂၀၁၃ ရက်မှ ၁၅-၇-၂၀၁၃ ရက်အထိ	၂၃-၇-၂၀၁၃ ရက်မှ ၂-၈-၂၀၁၃ ရက်အထိ
သင်တန်းအချိန်	- မွန်းလွဲ ၁ နာရီမှ ညနေ ၃ နာရီအထိ	မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ
သင်တန်းကြေး	- ၂၀၀၀၀ိ/-	၃၀၀၀၀ိ/-
သင်တန်းနေရာ	- ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း	
ဖုန်း	- ၀၁-၃၇၉၃၆၁	

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ နေသိဒ္ဓိလမ်း၊ တိုက်အမှတ်-၉ဟုခေါ်တွင်သော(ခြောက်ထပ်တိုက်)အဆောက်အအုံ၏ ပထမထပ်(ခြေရင်းခန်း)၊ အကျယ်အဝန်းပေ (၂၀× ၆၀)ရှိတိုက်ခန်းကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပါသည်ဟု အဆိုပြုသူ ဦးမောင်ရွှေ ၁၂/ မဂတ(နိုင်)၀၅၆၀၀၄ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်း မပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးထွန်းလင်းအောင်	ဒေါ်ဖြူဖြူခိုင်
LL.B,D.B.L,D.M.L	LL.B,D.B.L,D.M.L

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၂၇-ဘီ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ကျော်လွင်ဖြိုး ၁၂/ဗဟန(နိုင်)၁၀၄၃၇၁သည် မိဘတို့အား အကြိမ်ကြိမ်အခါခါ စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး ၁၃-၆-၂၀၁၃ရက်တွင် မိမိသဘောဆန္ဒအတိုင်းပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်သည်။

၎င်းနှင့်ပတ်သက်သမျှ မည်သည့်ကိစ္စကိုမှ လုံးဝလုံးဝ တာဝန်ယူဖြေရှင်းပေးတော့မည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

ဖခင်-ဦးမြင့်စိန် ၁၂/ဥကမ(နိုင်)၁၄၂၅၆၉
မိခင်-ဒေါ်နီနီအုန်း ၁၂/ဗဟန(နိုင်)၀၂၂၆၈၉
အမှတ် ၂၄/ရေတာရှည်လမ်းသစ်၊ ရေတာရှည်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

[illegible]

ပြည်တွင်းသတင်း

တောင်ပေါ်ဒေသကျောင်းများသို့ စိုးဖောင်ဒေးရှင်းမှ စာရေးကိရိယာများထောက်ပံ့

ပျဉ်းမနား ဇူလိုင် ၁

နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ရှိ စိုးလျှပ်စစ်ဖောင်ဒေးရှင်းက ဦးစီးကျင်းပသည့် ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း(တောင်ပေါ်ဒေသ)ရှိ မူလတန်းကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ပရဟိတကျောင်းများအား ကျောင်းသုံးဗလာစာအုပ်များ၊ ကျောင်းဝတ်စုံများ ထောက်ပံ့ခြင်းနှင့် ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် သုံးဘာသာနှင့်အထက် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးပွဲကို ဇွန် ၂၃ ရက် ညနေ ၃ နာရီက ပျဉ်းမနားမြို့ မင်္ဂလာကန်တော်ခန်းမ၌ ကျင်းပခဲ့သည်။

ဈေးဦးစွာ နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမှတ်ကြီးတို့က အမှာစကားပြောကြားခဲ့ကြသည်။ ထို့နောက် စိုးလျှပ်စစ်ဖောင်ဒေးရှင်းနာယကကြီး ဦးစိုးတင့်က ထောက်ပံ့ကြေးနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကာ စိုးလျှပ်စစ်ဖောင်ဒေးရှင်းနာယက တိုင်းဒေသကြီး ပညာရေးမှူး(ငြိမ်း) ဦးသိန်းလွင်က ဆောင်ရွက်လျက်ရှိသည့် စိုးလျှပ်စစ်ဖောင်ဒေးရှင်း၏ လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ဆက်လက်၍ စိုးလျှပ်စစ်ဖောင်ဒေးရှင်းမှ ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း (တောင်ပေါ်ဒေသ)ရှိ မူလတန်းကျောင်းများ၊ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများနှင့် ပရဟိတကျောင်းများ၏ ကျောင်းသား ကျောင်းသူများအတွက် ကျောင်းသုံးဗလာစာအုပ် ၂၉၂၄ ဒါဇင်၊ ကျောင်းဝတ်စုံ ၂၉၂၄ စုံတို့ကို နေပြည်တော်ကောင်စီဝင် ဒေါက်တာသန်းအောင်ကလည်းကောင်း၊ ပျဉ်းမနားမြို့နယ်အရှေ့ခြမ်း (တောင်ပေါ်ဒေသ)မူလတန်းကျောင်းများမှ ဆရာ ဆရာမများအား စိုးလျှပ်စစ်ဖောင်ဒေးရှင်းနာယက ဦးစိုးတင့်က ကျောင်းဝတ်စုံများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ပြီး ၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်စာမေးပွဲတွင် ပျဉ်းမနားမြို့နယ်မှ သုံးဘာသာနှင့်အထက်ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူ ၂၀ တို့အား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **(၁၄၅)**

လမ်းပြုပြင်ပေးသည့်အတွက် ယာဉ်မောင်းဆရာတို့ဝမ်းသာ

တာချီလိတ် ဇူလိုင် ၁

တာချီလိတ်-ကျိုင်းတုံ ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ တာချီလိတ်မြို့အဝင် မယ်ယန်းကျေးရွာရွာလယ်တွင် အလျား နှစ်ဖာလုံခန့်ရှိ လမ်းပိုင်းဆိုးရွားစွာ ပျက်စီးနေမှုသတင်းကို ဇွန် ၁၈ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏ ထင်သာမြင်သာ ပြုပြင်စရာ ကဏ္ဍတွင် ထည့်သွင်းဖော်ပြပြီးနောက် သက်ဆိုင်ရာ တာဝန်ရှိသူများက ပျက်စီးနေသော လမ်းပိုင်းကို စက်ယန္တရားများ၊ လုပ်သား အင်အားများဖြင့် အင်တိုက်အားတိုက် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၈ ရက်တွင် သတင်းအဖွဲ့က ကွင်းဆင်းမှတ်တမ်းတင်နိုင်ခဲ့သည်။

"ကျွန်တော်တို့ မြေပြုပြင်ခြင်းလုပ်ငန်းကို ဇွန် ၂၀ ရက်က စတင်ဆောင်ရွက်ခဲ့ပါတယ်။ ရာသီဥတုအခြေအနေအရ မိုးအလွန်ရွာတဲ့နေ့တွေမှအပ နေ့စဉ်လိုလိုပြုပြင်မှုတွေကို ဆောင်ရွက်ပေးနေပါတယ်။ လမ်းမကြီးကို ပျက်စီးစေတဲ့ အဓိကအကြောင်းရင်းက ရေနုတ်မြောင်းတွေ မရှိတဲ့အတွက် လမ်းပေါ်ရေဝပ်ရာကနေ စတင်ပျက်စီးခဲ့တာဖြစ်တဲ့အတွက် ဒေသအာဏာပိုင်အဖွဲ့အစည်းတွေ၊ လမ်းပိုင်းဆိုင်ရာ တာဝန်ရှိသူတွေနဲ့ ကျေးရွာနေပြည်သူတွေ ညှိနှိုင်းတိုင်ပင်ပြီး အကျယ် သုံးပေ၊ အနက်သုံးပေရှိတဲ့ ရေနုတ်မြောင်းတွေကို စနစ်တကျတူးဖော်ပေးလျက်ရှိပြီး လမ်းကြံ့ခိုင်မှု ရေရှည်တည်တံ့ရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲထူးက ရှင်းလင်းပြောပြသည်။

ပြောကြား

"လမ်းကဆိုးဆိုးရွားရွားပျက်စီးနေတာ တော်တော်ကြာပါပြီ။ မော်တော်ဆိုင်ကယ် မတော်တဆဖြစ်မှုတွေလည်းရှိခဲ့ပါတယ်။ ဒဏ်ရာပြင်းပြင်းထန်ထန်ရရှိသူတွေတောင် ရှိခဲ့ပါတယ်။ သတင်းစာမှာ ဒီလမ်းအကြောင်းပါလာပြီး ရက်ပိုင်းအတွင်းမှာပဲ တာဝန်ရှိသူတွေက ချက်ချင်းဆိုသလို ပြုပြင်ပေးတဲ့အတွက် မြန်မာ့အလင်း သတင်းစာကိုရော၊ တာဝန်ရှိသူတွေကိုပါ ကျေးဇူးအထူးတင်ရှိပါတယ်။ ကျွန်တော်တို့ ကားသမားတွေအတွက်တော့ ဝမ်းသာစရာပေါ့ဗျာ"ဟု ယာဉ်မောင်းတစ်ဦးက ပြောကြားသည်။ **မောင်ယဉ်ကျေး**

နယ်သတင်းအတိုအထွာ

ညောင်ရွှေယဉ်ကျေးမှုပြတိုက် ပြည်နယ်အစိုးရတာဝန်ယူ

တောင်ကြီး ဇူလိုင် ၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့တွင်ရှိသည့် ယဉ်ကျေးမှုပြတိုက် ညောင်ရွှေ၏ စီမံခန့်ခွဲမှုများကို မေ ၂၉ ရက်က ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနက ရှမ်းပြည်နယ်အစိုးရထံလွှဲပြောင်းပေးအပ်ခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောပြသည်။ အဆိုပါ ပြတိုက်သည် ယခင်က ညောင်ရွှေစော်ဘွားများ နေထိုင်ခဲ့သည့် အဆောက်အအုံဖြစ်ပြီး ၁၉၆၀ ပြည့်လွန်နှစ်များ နောက်ပိုင်းတွင် စော်ဘွားကြီးများပြတိုက်၊ ယဉ်ကျေးမှုပြတိုက်၊ ဗုဒ္ဓပြတိုက်စသည့် အမည်များဖြင့် ယဉ်ကျေးမှုဝန်ကြီးဌာနက ထိန်းသိမ်းစောင့်ရှောက်ခဲ့ရာမှ ယခုအခါတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့သို့လွှဲပြောင်းပေးခဲ့ခြင်းဖြစ်ပြီး ဇွန်လမှ နိုဝင်ဘာလကုန်အထိ လက်ရှိ ဌာနဝန်ထမ်းများနှင့် ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ပေးသူများပူးတွဲတာဝန်ထမ်းဆောင်စေမည်ဖြစ်ပြီး ပြတိုက်တွင် စော်ဘွားမှတ်တမ်းဓာတ်ပုံ ၉၁ ပုံ၊ အဝတ်အထည် ၁၃၈ မျိုး၊ ပစ္စည်းအမယ်ပေါင်း ၃၃၈ မျိုးကို ပြသထားကြောင်းနှင့် နိုင်ငံခြားသား ဧည့်သည်တစ်ဦးလျှင် နှစ်ဒေါ်လာ၊ ပြည်တွင်းဧည့်သည့်တစ်ဦး ၂၀၀ ကျပ်နှင့် ကျောင်းသား ကျောင်းသူများ အခမဲ့ လေ့လာကြည့်ရှုနိုင်ကြောင်း သိရသည်။ **နိုင်ထွန်း(TGI)**

ဖြူးမြို့နယ်တွင် ကျေးလက်မီးလင်းရေးဆောင်ရွက်

ဖြူး ဇူလိုင် ၁

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီဒေသ လင်းယောခင်ကျေးရွာနှင့် ပတ္တာကျေးရွာတို့တွင် ကျေးလက်ဒေသ မီးလင်းရေး အစီအစဉ်အရ ဒေသခံပြည်သူများနှင့် KN ကုမ္ပဏီတို့ ပူးပေါင်း၍ ဇွန် ၂၈ ရက် ညမှစ၍ မီးစက်ဖြင့် လျှပ်စစ်မီးများကို လမ်းနှင့် နေအိမ်များတွင် ဈေးနှုန်းသက်သာစွာဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။ **ဖြူးမြင့်ဦး**

သာစည်တွင် ယာဉ်စည်းကမ်းမလိုက်နာသူများကို အရေးယူ

သာစည် ဇူလိုင် ၁

မြို့နယ်အတွင်း ဖြတ်သန်းသွားလာနေကြသည့် ဆိုင်ကယ်များ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုရှိစေရေးအတွက် သာစည်မြို့နယ် ယာဉ်စည်းကမ်း ထိန်းသိမ်းရေးအဖွဲ့က ဇွန် ၂၈ ရက်တွင် သာစည်-တောင်ကြီး အဝေးပြေးလမ်းမကြီးဘေးရှိ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးရှေ့တွင် စောင့်ဆိုင်းပြီး ဆိုင်ကယ်များကို စစ်ဆေးအရေးယူလျက်ရှိသည်။ ယင်းသို့စစ်ဆေးရာတွင် ဆိုင်ကယ်စီးဦးထုပ်မဆောင်းသူများ၊ မေးသိုင်းကြိုးမတပ်ဆင်သူများ၊ သုံးဦးစီးသူများ၊ သတ်မှတ်နံပါတ်ပြားမတပ်ဆင်သူများ၊ အမောင်းလိုင်စင်မရှိသူများကို အရေးယူဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

ပညာရေးဝန်ကြီးဌာနခွင့်ပြုချက်လိုင်စင်အမှတ်(ကက-၀၅/၀၅/၀၀၃)

ဦးထင်လင်းဦး+ဒေါ်ဝင်းဝင်းမြင့် တာဝန်ယူစီမံအုပ်ချုပ်သော

မော်ကွန်းသစ် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း ၊ ရေဦးမြို့

၂၀၁၂-၂၀၁၃ တက္ကသိုလ်ဝင်တန်းဘာသာစုံဂုဏ်ထူးရှင်များ

ဝရ-၇၈ မအေးအေးခိုင်
(ရွာမိသဘာ/ရေဦး)

ဝရ-၃၃၂ မစုမြတ်နိုး
(ရေဦး)

ဝရ-၇၀၆ မထက်ထက်အောင်
(မြင်းစီး/ရွှေဘို)

၂၀၁၂-၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲကြီးတွင် ဘာသာစုံဂုဏ်ထူးရှင် (၃)ဦးနှင့်အတူ ဂုဏ်ထူးရှင်စုစုပေါင်း (၂၉)ဦး ပေါ်ထွန်းစေခဲ့သော မော်ကွန်းသစ် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်းမှ ကြီးကြပ်အုပ်ချုပ်သူနှင့်ဆရာ၊ဆရာမများ၊ပညာရေး ဝန်ထမ်းများ အားလုံးကိုအထူးပင် ဂုဏ်ယူဝမ်းမြောက်ကျေးဇူးတင်ရှိပါသည်။ ဆက်လက်၍ ကျောင်းသား ၊ မိဘ ၊ ဆရာ ပူးပေါင်းပြီး ကောင်းသော မျိုးဆက်သစ်များပန်တီးဖော်ထုတ်နိုင်ပါစေကြောင်းဆုမွန်ကောင်းတောင်းလိုက်ပါသည်။

ကျောင်းသားမိဘများ

မော်ကွန်းသစ် ကိုယ်ပိုင်အထက်တန်းဆင့်သင်ကျောင်း၊ ကလေးလမ်း၊ ဗိုလ်အောင်ဇေယျရပ်၊ ရေဦးမြို့။ ဖုန်း - ၀၇၅-၄၀၀၆၀၊ ၀၉-၆၄၇၀၀၅၆၊ ၀၉-၄၀၀၄၆၃၅၃၅

နိုင်ငံတကာအားကစားသတင်း

ဆမ်ဘာစည်းတိုးသံတွေ ဖုံးလွှမ်းခဲ့တဲ့ ကွန်ဖက်ဒရေးရှင်းဖလားပွဲ

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁ ရက်နံနက်က ဘရာဇီးနဲ့စပိန်တို့ ယှဉ်ပြိုင်ကစားတဲ့အခါ အိမ်ရှင်ဘရာဇီးတို့ သုံးဂိုးပြတ်နဲ့ အနိုင်ရရှိခဲ့ပြီး ဘရာဇီးတို့ရဲ့ဆမ်ဘာစည်းတိုးသံတွေဖုံးလွှမ်းကာ ဘရာဇီးဟာ ဘရာဇီးပါပဲဆိုတာကို ထုတ်ဖော်ပြသနိုင်ခဲ့ပါတယ်။

ဖရက်ဒ်ကို တိုက်စစ်မှာတင်ထားခဲ့ပြီး နေမာကို နောက်ချန်ခံစစ်မှူးအဖြစ် လွတ်လပ်စွာလှုပ်ရှားစေခဲ့တဲ့ နည်းပြစကိုလာရီရဲ့ ဘရာဇီးအသင်းဟာ ပွဲစတင်ကတည်းက တိုက်စစ်ဖွင့်ကစားခဲ့တာမို့ ပွဲချိန်နှစ်မိနစ်မှာပဲ တိုက်စစ်မှူး ဖရက်ဒ်က အဖွင့်ဂိုး စောစီးစွာ သွင်းယူနိုင်ခဲ့ပါတယ်။

ဘရာဇီးနည်းပြ စကိုလာရီဟာ တိုက်စစ်မှာ ဟော့ခ်ကို စပိန်နောက်ခံလူတွေ တည်ငြိမ်မှုကင်းမဲ့အောင် လှုပ်ရှားစေခဲ့ပြီး နေမာ၊ ဖရက်ဒ်တို့က ရသမျှအခွင့်အရေးတွေကို အကောင်အထည်ဖော်နိုင်ခဲ့လို့ အခုလိုနိုင်ပွဲရရှိခဲ့တာဖြစ်ပါတယ်။

ဘရာဇီးအသင်းဟာ အော်စကာ၊ ဒီအက်စ်၊ ပေါလင်ဟိုတို့ရဲ့ အားတွေနဲ့ စုစည်းပြီး စပိန်အသင်း တိုက်စစ်ကို ဟန့်တားရင်း နေရာစုံက ထိုးဖောက်ကစားခဲ့တာမို့ ပွဲချိန် ၄၄ မိနစ်မှာ နေမာက ဂိုးထပ်မံသွင်းယူခဲ့လို့ ဘရာဇီးတို့ နှစ်ဂိုးရရှိခဲ့ပါတယ်။

စပိန်အသင်းဟာ ကွင်းလယ်ကစားအားကို အပြည့်အဝ အသုံးမချနိုင်တာမို့ ပွဲချိန် ၄၇ မိနစ်မှာ ဘရာဇီးအတွက် တိုက်စစ်မှူး ဖရက်ဒ်က တစ်ဂိုး ထပ်မံသွင်းယူခဲ့ပြန်တာမို့ ဘရာဇီးတို့ သုံးဂိုးရရှိခဲ့ခြင်းဖြစ်ပါတယ်။ စပိန်အသင်းဟာ ပွဲချိန် ၄၆ မိနစ်မှာ အာဘီလိုအာအစား အက်ဇ်ပီလီကူတာ၊ ၅၉ မိနစ်မှာ တိုက်စစ်မှူး တောရက်စ်အစား ဗီလာ၊ မာတာအစား နာဗက်စ်တို့ကို အစားထိုးပြီး ချေပဂိုးရရှိရေး ကြိုးစားခဲ့ပေမယ့် ဂိုးရလဒ် မပြောင်းနိုင်ဘဲ ပွဲချိန်ပြည့်တဲ့အထိ ချေပဂိုး မသွင်းနိုင်တာကြောင့် ဘရာဇီးက သုံးဂိုးပြတ်နဲ့ နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပါတယ်။

ကွန်ဖက်ဒရေးရှင်းဖလား ဘောလုံးပြိုင်ပွဲတစ်လျှောက် အကောင်းဆုံးဘောလုံးသမားဆုကို ဘရာဇီးတိုက်စစ်မှူး နေမာက ရရှိခဲ့ပြီး ရွှေဖိနပ်ဆုကို တိုက်စစ်မှူး တောရက်စ်က ရရှိသွားခဲ့ပါတယ်။

ကွန်ဖက်ဒရေးရှင်းဖလားဘောလုံးပြိုင်ပွဲမှာ တတိယနေရာကို အီတလီက ဆွတ်ခူးရရှိသွားခဲ့ပါတယ်။ ဥရုဂွေးနဲ့ အီတလီတို့ နှစ်ဂိုးစီ သရေပွဲဖြစ်နေလို့ ပယ်နယ်တီအဆုံးအဖြတ် ကန်သွင်းတဲ့အခါ အီတလီက သုံးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ခြင်းဖြစ်ပါတယ်။ ။

မိုးမြင့်လင်းလက်- ရေးသားသည်

ပြည်သူ့လူထုအခြေပြု ရွေ့လျားကျန်းမာရေးဆေးခန်းဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မေတ္တာစမ်းရေ ဆေးခန်းတာဝန်ခံဆရာဝန်ကြီးနှင့် ဆရာဝန်၊ ဆရာမများ ခုတင် ၁၀၀၀ နေပြည်တော် ပြည်သူ့ဆေးရုံကြီးမှ သွားဘက်ဆိုင်ရာ အထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ ပျဉ်းမနားမြို့နယ် ခုတင် ၂၀၀ ပြည်သူ့ဆေးရုံကြီးမှ မျက်စိအထူးကုဆရာဝန်ကြီးနှင့်အဖွဲ့၊ ဒက္ခိဏသီရိမြို့နယ် ပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်နှင့် ဆရာဝန်၊ ဆရာမများသည် ဇွန် ၂၂ ရက်တွင် နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ရွာမကျေးရွာသို့ ကွင်းဆင်း၍ ရွေ့လျားကျန်းမာရေး ဆေးခန်း ဖွင့်လှစ်ဆောင်ရွက်ခဲ့သည်။

ပြောကြား

ရှေးဦးစွာ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း တွဲဖက်အတွင်းရေးမှူး(၁)ဒေါ်တင်တင်ဝင်းမှ အဖွင့်အမှာစကားပြောကြားပြီး မေတ္တာစမ်းရေဆေးခန်း တာဝန်ခံဆရာဝန်ကြီး ဒေါက်တာစမ်းစမ်းလှိုင်မှ ရွေ့လျားကျန်းမာရေးဆေးခန်းဖွင့်လှစ်ရခြင်းအကြောင်းကို လည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာလင်းလင်းခက်မှ အန္တရာယ်ကင်းသော မိခင်ဘဝအကြောင်းကို လည်းကောင်း၊ စီမံချက်မန်နေဂျာ ဒေါက်တာချမ်းမြေ့အောင်မှ သွေးလွန်တုပ်ကွေးဖြစ်ရခြင်းအကြောင်းနှင့် ယခုနှစ်အတွက် (၇) ချက် စီမံချက်အကြောင်းကိုလည်းကောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံမိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များသည် အဘိုးအဘွားများကို အားဆေးနှင့်အာဟာရများကို လည်းကောင်း၊ ကိုယ်ဝန်ဆောင်မိခင်များကို အနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် အာဟာရဖြစ်စေသော အစားအစာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ဆရာဝန်ကြီးများက လူနာများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ☆ ရွှန်းနေကို အသင်း၌ဆက်လက်ကစားနိုင်ရေးအတွက် နည်းပြဒေးဗစ်မိုယက်စ် ဆွေးနွေးလျက်ရှိသည်။
- ☆ အေစီမီလန်အသင်းသည် အသက် ၃၁နှစ်အရွယ်ရှိ မန်ယူနောက်ခံလူ ဗီဒစ်ကို ခေါ်ယူတော့မည်ဖြစ်သည်။
- ☆ အသက် ၂၄နှစ်အရွယ်ရှိ ဘရာဇီးနှင့်ကိုရင်သီယန် ကွင်းလယ်ကစားသမား ပေါလင်ဟိုကို စပါးအသင်းက ခေါ်ယူရေးကမ်းလှမ်းထားသည်။
- ☆ အာဆင်နယ်သည် ကျူဗီအာ ဂိုးသမား ဂျူလီယိုဆီဆာကို စာချုပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။
- ☆ အသက် ၂၅နှစ်အရွယ်ရှိ အဲဗာတန်ကွင်းလယ်ကစားသမား ဖယ်လိုင်နီကို အာဆင်နယ်က ခေါ်ယူမည်ဖြစ်သည်။
- ☆ မန်စီးတီးအသင်းသည် လာမည့်ဘောလုံးရာသီအတွက် ကစားသမားအသစ်ခြောက်ဦးအထိ ခေါ်ယူရန်စီစဉ်ထားသည်။
- ☆ ဆန်းဒါးလန်းက အာဆင်နယ်ဂိုးသမား မန်နိုနီကို စာချုပ်ချုပ်ဆိုခေါ်ယူတော့မည်ဖြစ်သည်။
- ☆ မန်ယူနောက်ခံလူ အီဘရာအသင်းမှ ထွက်ခွာပါက အဲဗာတန်ဝဲဘက်နောက်ခံကစားသမား ဘိုင်းနက်စ်ကို အစားထိုးခေါ်ယူမည်ဖြစ်သည်။
- ☆ စပါးအသင်းသည် ရှက်တာဒိုးနက်စ် ကွင်းလယ်ကစားသမား မိုက်တာယန် ကို ခေါ်ယူစာချုပ်နိုင်ရေး ကြိုးစားလျက်ရှိသည်။

အားကစားမြှင့်တင်စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

ဈေးပြိုင်(အိတ်ဖွင့်)တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာ ဦးစီးဌာနပိုင်အောက်ဖော်ပြပါ အဆောက်အအုံ၊ အခန်း၊ မြေကွက်လပ်များအား ဈေးပြိုင်(အိတ်ဖွင့်)တင်ဒါစနစ်ဖြင့် ငှားရမ်းမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်-

(က) ရန်ကုန်တိုင်းဒေသကြီး

(၁) ပဆ ၇၈၄၁/၇၈၄၃ အမှတ် ၅၅/၆၅ ရွှေတိဂုံဘုရားလမ်း၊ လသာမြို့နယ် - ၆၀'×၂၀' (၂)ခန်း

(၂) အမှတ် ၁၃၆/၁၃၈၊ ၃၅ လမ်း ကျောက်တံတားမြို့နယ် - ၁၂.၅'×၄၅'

(၃) အမှတ် ၁၃၆/၁၃၈၊ ၃၅ လမ်း ကျောက်တံတားမြို့နယ် - ၁၂.၅'×၄၅'

(၄) အမှတ် ၁၃၆/၁၃၈၊ ၃၅ လမ်း ကျောက်တံတားမြို့နယ် - ၁၅'×၄၈'

(၅) P3 မော်တော်ယာဉ်ဝင်း ပုဇွန်တောင်မြို့နယ်(မြေကွက်လပ်) - ၂၀'×၃၀'

(ခ) မွန်ပြည်နယ်

(၁) အမှတ် ၄၊ မင်းကြီးတံတားလမ်း စစ်ကဲကုန်းရပ်၊ မော်လမြိုင်မြို့ - ၈၆'×၈၈'(၂)ထပ်၊ ၅၅'×၄၀'၊၃၁'×၂၆' - ၆၀'×၂၀'

(၂) ပဆ-၁၁၆၉၊ အမှတ် ၁၀၂ အောက်လမ်းမကြီး၊ မော်လမြိုင်မြို့ - ၅၅'×၁၈'×၁၃'

(ဂ) ရှမ်းပြည်နယ်

(၁) အခန်းအမှတ် ၄၇၊ မြို့မဈေး ကံ့ကော်ရုံ၊ လားရှိုးမြို့ - ၉'×၈'(ဆိုင်ခန်း)

(၂) အခန်းအမှတ် (၄၈)၊ မြို့မဈေး ကံ့ကော်ရုံ၊ လားရှိုးမြို့ - ၉'×၈'(ဆိုင်ခန်း)

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်၊ အချိန်** - ၁-၇-၂၀၁၃ ရက်မှ ၇-၇-၂၀၁၃ ရက်အထိ ၉း၀၀ နာရီမှ၁၆း၀၀ နာရီထိ

၃။ **တင်ဒါပိတ်မည့်ရက်၊ အချိန်** - ၇-၇-၂၀၁၃ ရက် ၁၆း၀၀ နာရီ

၄။ **တင်ဒါစည်းကမ်းချက်များရှင်းလင်းမည့်ရက်၊ အချိန်** - ၈-၇-၂၀၁၃ ရက် ၁၀း၀၀ နာရီ

၅။ **တင်ဒါပုံစံရောင်းချမည့်နေရာ** - စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော်

၆။ **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေကျပ်ငါးသိန်းကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်တွင် ပေးသွင်းရမည်။

၇။ **တင်ဒါဖွင့်ဖောက်မည့်နေရာ၊ ရက်နှင့်အချိန်** - ကူးသန်းရောင်းဝယ်ရေးနှင့် စားသုံးသူရေးရာဦးစီးဌာန၊ ရုံးအမှတ်(၃)၊ နေပြည်တော် ၈-၇-၂၀၁၃ ရက် ၁၀း၀၀ နာရီ

၈။ အဆိုပါ အဆောက်အအုံ၊ အခန်း၊ မြေကွက်လပ်များအား သက်ဆိုင်ရာ မြို့နယ်များတွင် သွားရောက်ကြည့်ရှုနိုင်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက တင်ဒါပုံစံရောင်းချမည့်နေရာတွင် လူကိုယ်တိုင်ဖြစ်စေ၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၇၁ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့

ဂုဏ်ယူဝမ်းမြောက်ခြင်း

ဒုတိယဗိုလ်မှူးကြီး တင်မောင်ကြည်(ငြိမ်း)-ဇနီး ဒေါ်အေးကေခိုင်တို့၏သားလတ် မောင်ပိုင်ဟိဏ်းကျော် အထက(၁)ဒဂုံသည် ၂၀၁၂- ၂၀၁၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ဂုဏ်ထူးခြောက်ဘာသာ ရမှတ်ပေါင်း ၅၄၄မှတ်ဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်း။

ဒုတိယဗိုလ်မှူးကြီး မိုးဇော်-ဒေါ်သူဇာသန်း
ညီမလေး ဆုပြည့်မိုးသူ

ပျောက်ဆုံးကြောင်း

မောင်ရဲနိုင်ထွန်း ၁၂/မရက(နိုင်) ၁၄၈၃၈၉ သည် Passport No.MA 687139 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၄၂၀၁၂၇၀၁၅

ပျောက်ဆုံးကြောင်း

ဦးကျော်သန်း၏သား ကျော်စိုးလွင် ၁၄/ပသန(နိုင်)၁၅၉၄၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပါရန်။

ဖုန်း-၀၉-၄၉၇၄၀၆၉၀

ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အထက(၁) တက္ကသိုလ်ဝင်တန်း (Eco-S-1) တွင် ပညာသင်ကြားနေသော မခင်သူဇာမော်၏ ဖခင်အမည်မှန်မှာ ဦးနိုင်ဝင်း ၁၂/တတန(နိုင်)၀၅၆၀၃၄ ဖြစ်ပါသည်။

ဖခင်အမည်မှန်

နေပြည်တော်၊ ဇေယျာသီရိမြို့နယ်၊ ရေဆင်းအထက၊ သတ္တမတန်း (A) တွင် ပညာသင်ကြားနေသော မောင်ကိုကိုမောင်၏ ဖခင်အမည်မှန်မှာ ဦးကျော်တင့်၉/ပမန(နိုင်) ၀၉၇၅၁၃ ဖြစ်ပါကြောင်း။ **ဦးကျော်တင့်**

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မေခအိမ်ရာ၊ မြေတိုင်းရပ်ကွက်အမှတ် ၂၉/က+ခ၊ ၃၃က+ခ၊ မြေကွက်အမှတ် ၁၂၃၊ ဧရိယာ ၀ဒသမ၀၄၉ဧကရှိ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ လေးထပ်တိုက်အဆောက်အအုံ(အမှတ်၃၁၊ လေးထောင့်ကန်လမ်းမကြီး၊ ဆ/ခရပ်ကွက်၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး) အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ဂရန်အမည်ပေါက်ဖြင့် တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေများက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ငါးရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးအောင်ကျော်
တရားလွှတ်တော်ရှေ့နေ
စဉ်-၃၁၈၅
ဖုန်း-၀၉-၅၁၂၄၅၇၀

ဒေါ်နီနီလှိုင် (LL.B,D.B.L, D.I.R)
တရားလွှတ်တော်ရှေ့နေ
စဉ်-၈၇၁၂
ဖုန်း-၀၉-၄၉၃၃၆၆၀၂

အမှားပြင်ဆင်ကြောင်း ကြေညာခြင်း

၂၁-၆-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ၏စာမျက်နှာ (၁၁)နှင့် ၂၅-၆-၂၀၁၃ ရက်ထုတ် ကြေးမုံသတင်းစာ၏ စာမျက်နှာ(ခ) **ကန့်ကွက်နိုင်ပါသည်** ကြော်ငြာပါ လှည်းကူးမြို့နယ်၊ ရေတလဘောင်(တံခွန်တိုင်)ကျေးရွာအုပ်စု၊ ကွင်းအမှတ်နှင့်အမည်- ၅၀၅၊ အထက်တံခွန်တိုင်အရှေ့၏ ဦးပိုင်အမှတ် -၂၀/၂+၂၁/၁+ ၂၂/၁ အစား ဦးပိုင်အမှတ်- ၂၀/၂+၂၁/၃+ ၂၂/၁ ဟု အမှားပြင်ဆင်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးသက်ထွန်း(စဉ်-၃၅၅၇)
B.A(Law),LL.B

ဒေါ်ကြည်ကြည်ဌေး(စဉ်-၂၃၆၇)
B.A(Law),LL.B

တရားလွှတ်တော်ရှေ့နေများ
အမှတ်(၆စီ-၂)၊ ရန်ကင်းစင်တာကွန်ဒို၊ ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၅၅၆၈၁၂၊ ၀၉-၅၀၁၅၂၃၄၊၀၉-၅၀၃၁၂၃၄

ဒေသခံများပူးပေါင်းအင်အားဖြင့် ကျေးလက်တံတားများ ဆောက်လုပ်ပြီးစီး

နေပြည်တော် ဇူလိုင် ၁

နယ်စပ်ရေးရာ ဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ခွင့်ပြု ရန်ပုံငွေဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ ဒေသခံပြည်သူများအတွက် ဆောင်ရွက်သော ကျေးလက်လမ်း၊ တံတား၊ ရေပေးရေးလုပ်ငန်းများ အားလုံး ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်က ငွေလုံးငွေရင်း မတည်ပြီး ပြည်သူများ ပူးပေါင်းပါဝင်မှုဖြင့်ညောင်ရွှေမြို့နယ် သာယာကုန်း-တီကာလမ်းပေါ် ကွန်ကရစ်တံတားတစ်စင်းကို ဆောက်လုပ်လျက်ရှိရာ အဆိုပါလုပ်ငန်းခွင်မှ တာဝန်ရှိသူတစ်ဦးအား တွေ့ဆုံမေးမြန်းခဲ့သည်။

မေး။ ဆရာတို့တာဝန်ယူပြီး ရှမ်းပြည်နယ်(တောင်ပိုင်း)မှာရှိတဲ့ ကျေးလက် တံတားတွေ တည်ဆောက်ပြီးစီးပြီလို့ သိရတယ်။ တံတားဘယ်နှစ်စင်းတည်ဆောက်ခဲ့ပြီး နိုင်ငံတော်က ခွင့်ပြုငွေ ဘယ်လောက်ထည့်ဝင်ခဲ့ပါသလဲခင်ဗျာ။

ဖြေ။ ဟုတ်ကဲ့ပါ။ ကျွန်တော်တို့ တာဝန်ယူထားတဲ့ တံတား ၁၃ စင်းနဲ့ ရေပြွန်တစ်ခုဖြစ်ပြီး နိုင်ငံတော်က ခွင့်ပြုငွေ ၈၈ ဒသမ ၂ သန်းဖြစ်ပါတယ်။

မေး။ ကျေးလက်တံတား အမျိုးအစားနဲ့လုပ်ငန်းအတွေ့အကြုံတွေကို သိပါရစေ။

ဖြေ။ ၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်အတွင်း ခွင့်ပြုထားတဲ့ သစ်သားတံတားတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ညောင်ရွှေမြို့နယ်အတွင်း သာယာကုန်း - တီကာတံတားက အရင်ကလည်း သစ်သားနဲ့ဆောက်လုပ်ခဲ့ဖူးပြီး မိုးတွင်းကာလမှာ မိုးသည်းထန်စွာရွာလို့ ချောင်းရေစီးအားကြောင့် မျောပါပျက်စီးမှုနဲ့ ကြုံတွေ့ရတယ်လို့ ဒေသခံတွေက ပြောကြတယ်။ အခုနိုင်ငံတော်က တည်ဆောက်ပေးမယ်ဆိုရင် သစ်သားတံတားအစား သံကူကွန်ကရစ်တံတားဆောက်လုပ်လိုတဲ့ ဆန္ဒရှိတယ်လို့ဒေသခံတွေက တံတားတည်ဆောက်ရေးလုပ်ငန်း ကုမ္ပဏီကို တင်ပြ ဆွေးနွေးလာတဲ့အတွက် ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေး သဘောတူညီမှုကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှာ တံတားပုံစံပြောင်း တင်ပြခွင့်ပြုချက်ရယူပြီး ခွင့်ပြုငွေနဲ့ပဲ ပေ၅၀အကျယ် သစ်သားတံတားအစား ၅၄ ပေ အကျယ်ရှိတဲ့ သံကူကွန်ကရစ်တံတားကို ၂၀၁၃ မတ် ၂၆ ရက်က စတင်တည်ဆောက်ခဲ့ပြီး မေ ၃၁ ရက်မှာ ပြီးစီးခဲ့ပါတယ်။

တံတား ဆောက်လုပ်ရာမှာ အဓိက ကမကထပြုဦးဆောင်သူက ညောင်ရွှေမြို့နယ် ကျောက်တန်း

ကျေးရွာမှာရှိတဲ့ မွေတော်ကျောင်း ဆရာတော် ဘဒ္ဒန္တ မာဃိတ ဖြစ်ပါတယ်။ ဆရာတော်နဲ့အတူ ဒေသခံပြည်သူတွေ စုပေါင်းပြီး အင်တန်းအုပ်စု အုပ်ချုပ်ရေးမှူးက ကြီးကြပ်ဆောင်ရွက်ခဲ့ပါတယ်။ သာယာကုန်းကျေးရွာ၊ နွယ်လောင်း ကျေးရွာနဲ့ ကျောက်တန်းကျေးရွာမှ ဒေသခံပြည်သူတွေက မွေတော် ကျောင်းဆရာတော်ရဲ့ဦးဆောင်မှုနဲ့ တံတားဆောက်လုပ်ရာမှာ အင်တိုက် အားတိုက် လုပ်အားဒါနနဲ့ ကုသိုလ်ယူ အလှူပါဝင်ခဲ့ကြတဲ့ မြင်ကွင်းဟာ ပီတိဖြစ်ရပါတယ်ဟု တံတားတည်ဆောက်ရေး တာဝန်ရှိသူတစ်ဦးက စာရေးသူကို ပြန်လည်ပြောပြသည်။

အဆိုပါ တံတားတည်ဆောက်ပြီးပါက ရေချို၊ ကျောက်တန်း၊ မြို့ဟောင်း၊ တီကာ၊ လုံကန်၊ သာယာကုန်း၊ နွယ်လောင်း၊ နန်းဖူး၊ သီးပင်ကောက်၊ မိန်းဘူးကျေးရွာများမှဒေသခံပြည်သူများ မော်တော်ယာဉ်များဖြင့် လွယ်ကူစွာသွားလာနိုင်ကြပြီး ဒေသထွက်ကုန်များဖြစ်သည့် ခရမ်းချဉ်နှင့် ဆန်၊ ပြောင်းများကို ဖယ်ခုံမြို့သို့ သယ်ယူပို့ဆောင်နိုင်မည် ဖြစ်ကြောင်း သိရသည်။

ထို့အပြင်K.Z.E.Nကုမ္ပဏီသည် ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ ဖယ်ခုံမြို့နယ်အတွင်းရှိ ကန့်ကလိုရွာ၊ စက်တော်၊ လွယ်လုံ တံတားများနှင့် တောင်ကြီးမြို့နယ်အတွင်း ဟိုနား၊ ညောင်စင်၊ ရေပုတ်တံတားများ၊ မိုင်းရှူးမြို့နယ်ရှိ မိုင်းရှူး-မော်မေ့ တံတားတို့ကိုလည်း မူလခွင့်ပြုငွေဖြင့် ပင်သစ်သားတံတားမှ ကျောက်ရိုးစီ အုတ်ခုံတံတားများအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ဦးမောင်(သဲကုန်း)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကွတ်ခိုင်မြို့၌ မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် သစ်ပင်စိုက်

မူဆယ် ဇူလိုင် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် ကွတ်ခိုင်မြို့နယ်၌ ဇူလိုင် ၃ ရက်တွင် ကျရောက်မည့် မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမျိုးသမီးများနေ့အထိမ်းအမှတ်သစ်ပင်စိုက်ပျိုးပွဲတော်ကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက သစ်တောဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ၂၀၁၃ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်ကို အေးရှားဝေါလ်ဂိတ်အနီး၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဆန်းဆင့်၊ သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းဝင်းနှင့်ဝန်ထမ်းများ၊ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း ၁၂၀ ခန့်က (ဆူးထင်းရှူးနှင့်ယူကလစ်)သစ်မျိုး ပျိုးပင် ၇၀၀ ကို စနစ်တကျစိုက်ပျိုးခဲ့ကြောင်း သိရသည်။

အယ်လ်စိုး(Iprd)

အကျိုးဆောင်များ ကဏ္ဍမြင့်မားရေး ဟောပြောဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁

မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းက ကြီးမှူး၍ မြန်မာနိုင်ငံတစ်ဝန်းရှိ အကျိုးဆောင်များအခန်းကဏ္ဍမြင့်မားရေးအတွက် ဟောပြောဆွေးနွေးပွဲကို ဇူလိုင် ၇ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ UMFCCI Office Tower ပထမထပ်ခန်းမကြီး၌ ကျင်းပမည်ဖြစ်သည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံ၌ လက်ရှိအိမ်ခြံမြေဈေးကွက်နှင့်အနာဂတ် အလားအလာ အိမ်ခြံမြေလုပ်ငန်းဆိုင်ရာ တရားဥပဒေစိုးမိုးရေးအကြောင်းအရာတို့ကို ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် ဦးကျော်ဇေယျ(တရားလွှတ်တော်ရှေ့နေ)တို့က ဟောပြောဆွေးနွေးမည်ဖြစ်၍ မြန်မာနိုင်ငံ အိမ်ခြံမြေဝန်ဆောင်မှုအသင်းဝင်များတက်ရောက်ကြပါရန် ဖိတ်ကြားထားကြောင်း သိရသည်။

အောင်သူရ

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းအတွက် အသုံးပြုရန် လိုအပ်လျက်ရှိသည့် လုပ်ငန်းသုံးပုံနှိပ်စက်နှင့် စက်အရန်ပစ္စည်းများကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) **Web Offset Printing Machine (4 Colour)** ၁ လုံး
(ခ) **Spare Parts for Orient Web Offset** ၂၈ မျိုး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါတင်သွင်းရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန**
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	**ရုံးအမှတ်(၇)၊ နေပြည်တော်**
	ဖုန်း-၀၆၇-၄၁၂၃၂၇

အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းအထူးအဖွဲ့(၆)မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်မည့် ခန္တီး-ဆင်သေ-လဟယ်လမ်းလုပ်ငန်းများ၌ အသုံးပြုရန်လိုအပ်သော လမ်းခင်းကျောက်မျိုးစုံအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ပစ္စည်းပေးသွင်းလိုသူများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

အိတ်ဖွင့်တင်ဒါအမှတ် **အမှတ်(၁)**

၁။ (က) ၆"-၉" ကျောက် (၁၀၆၈)ကျင်း
(ခ) ကျောက်စရစ် (၂၀၇)ကျင်း
(ဂ) ချောင်းသဲ (၃၄၇)ကျင်း

၂။ တင်ဒါပိတ်မည့်ရက်/အချိန် - ၁၁-၇-၂၀၁၃ ရက်၊ ညနေ ၅း၃၀ နာရီ

၃။ တင်ဒါဖွင့်မည့်ရက်/အချိန် - ၁၂-၇-၂၀၁၃ ရက်၊ နံနက် ၉း၀၀ နာရီ

၄။ တင်ဒါတင်သွင်း/စိစစ် ရွေးချယ်မည့်နေရာ - လမ်းအထူးအဖွဲ့(၆)ရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ ဆင်သေကျေးရွာ၊ ခန္တီးမြို့နယ်

၅။ အသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်းစုံစမ်းမေးမြန်းနိုင်ပါသည်။ ဖုန်း-၀၁၀-၄၃၂၀၁၉၀၊ ၀၉-၄၀၂၇၆၅၄၆၉

တင်ဒါရွေးချယ်စိစစ်ရေးကော်မတီ

ပြန်ကြားရေးဝန်ကြီးဌာန
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်
လုပ်ငန်းသုံးစက်ပစ္စည်းများဝယ်ယူရန်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအတွက်လိုအပ်သော လုပ်ငန်းသုံး စက်ပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

(က) Desktop Computer ၆ လုံး
(ခ) Laptop Computer ၂၀ လုံး
(ဂ) Copier A3 ၁ လုံး
(ဃ) D-800 Nikkon Camera ၁၀ လုံး
(င) Lens ၃ လုံး
(စ) Air Conditioner(5.0 HP) ၄ လုံး
(ဆ) D-7100 Nikkon Camera ၅ လုံး
(ဇ) Lens ၂ လုံး
(ဈ) Computer Core i7 Dell Optiplex 990 DT ၁ လုံး

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ၁-၇-၂၀၁၃ရက်မှ ၃၁-၇-၂၀၁၃ရက်အထိ နေ့စဉ် ၉း၀၀ နာရီမှ ၁၆း၃၀နာရီအတွင်း အောက်ပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၁-၈-၂၀၁၃ရက် နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သော တင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ	**တင်ဒါပုံစံများတင်သွင်းရန်လိပ်စာ**
သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း	**ပြည်တွင်း/ပြည်ပ ပစ္စည်းများဝယ်ယူရေးနှင့်**
ပြန်ကြားရေးဝန်ကြီးဌာန	**ထုခွဲရောင်းချရေးကော်မတီ**
ရုံးအမှတ်(၇)၊ နေပြည်တော်	**ပြန်ကြားရေးဝန်ကြီးဌာန၊**
ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၁၂၈	**ရုံးအမှတ်(၇)၊ နေပြည်တော်**
	ဖုန်း-၀၆၇-၄၁၂၃၂၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပြည်နယ်အစိုးရအဖွဲ့
ကယားပြည်နယ်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကယားပြည်နယ်၊ လျှပ်စစ်တက္ကသိုလ်တွင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းဖြင့်တည်ဆောက်မည့် အောက်ဖော်ပြပါလုပ်ငန်းများအားဆောင်ရွက်ရန် စိတ်ပါဝင်စားသူ မြန်မာနိုင်ငံသား လုပ်ငန်းရှင်များ/ကုမ္ပဏီများထံမှ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) နှစ်ထပ်စာသင်ဆောင် (၂၈၀ပေ×၃၈ပေ×၂၄ပေ) (ရေ၊ မီးအပြည့်အစုံ) (၃)လုံး
(ခ) Chain Link ကာရံခြင်း (ပေ၂၀၀၀၊ ၅ပေ၆လက်မ)

၂။ တင်ဒါလျှောက်လွှာပုံစံအား ၄-၇-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း ကယားပြည်နယ်အစိုးရအဖွဲ့ရုံးတွင် လာရောက်ဝယ်ယူနိုင်ပြီး ၂၄-၇-၂၀၁၃ရက် ညနေ ၁၆း၃၀နာရီနောက်ဆုံးထား၍ ပေးသွင်းရမည်ဖြစ်သည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံဝယ်ယူရန်နှင့် တင်ဒါစည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဗမာတိုင်းရင်းသားရေးရာဝန်ကြီးရုံး၊ ကယားပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၉-၅၆၀၁၅၂၆
တာဝန်ခံပါမောက္ခချုပ်၊ လျှပ်စစ်တက္ကသိုလ် ဖုန်း-၀၉-၅၆၀၀၂၆၄
ဒုတိယညွှန်ကြားရေးမှူး၊ ကယားပြည်နယ်အစိုးရအဖွဲ့ ဖုန်း-၀၉-၅၀၃၀၁၄၁

အိတ်ဖွင့်တင်ဒါခေါ်ယူရေးနှင့် စိစစ်ရွေးချယ်ရေးကော်မတီ
ကယားပြည်နယ်အစိုးရအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
ကျောက်ဆည်အထွေထွေရောဂါကုဆေးရုံကြီး
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ ကျောက်ဆည်မြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် တက်ရောက်ကုသလျက်ရှိသော လူနာများအတွက် လိုအပ်သည့်ဆေးဝါးများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများပေးသွင်းကြရန် ခေါ်ယူအပ်ပါသည်။

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများစတင်ရောင်းချမည့်ရက်** - ၄-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၅-၈-၂၀၁၃ ရက် ညနေ ၄း၀၀ နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များနှင့် ပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက နေ့စဉ် ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
အထွေထွေရောဂါကုဆေးရုံကြီး
ကျောက်ဆည်မြို့၊ မန္တလေးတိုင်းဒေသကြီး
ဖုန်း-၀၆၆-၅၀၃၄၅၊ ၀၉-၃၃၀၂၆၄၁၁

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
ပစ္စည်းများဝယ်ယူရန်လုပ်ငန်းများအတွက်
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ပစ္စည်းအမည်	မှတ်ချက်
၁။	ပရိဘောဂ ပစ္စည်းများ	
၂။	ဓာတ်ခွဲခန်းသုံးပစ္စည်းများ	
၃။	ရုံးသုံးကွန်ပျူတာ၊ ပရင်တာ၊ မိတ္တူကူးစက်များ	
၄။	မော်တော်ဆိုင်ကယ်	
၅။	ထွန်စက်	
၆။	မြက်ဖြတ်စက်(ဂျိုင်းလွယ်)	
၇။	မြက်ဖြတ်စက်(4 Stroke)	
၈။	လေအေးပေးစက်	
၉။	ခေါက်လှေကား	
၁၀။	မီးဆိုင်း	
၁၁။	Compact Rice Mill	

၂။ တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၉-၇-၂၀၁၃ရက် ၁၆း၀၀နာရီဖြစ်ပါသည်။

၃။ တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၁၆၅၁၂သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ဖော်လမြိုင်နှင့် ပတ်ဝန်းကျင်သတင်းများ

အင်ဒိုနီးရှားနိုင်ငံသားများက သံဃာတော်များကို ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်း

မော်လမြိုင် ဇူလိုင် ၁

မွန်ပြည်နယ်ဘီးလင်းမြို့နယ် ကန်သာယာ ရပ်ကွက်ရှိ သာသနဝ္ဇဗိမာန်၌ အင်ဒိုနီးရှားနိုင်ငံသားများက မြို့နယ်အတွင်းရှိ ဘုန်းကြီးကျောင်းများက သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၆ ရက် မွန်းလွဲ ၁ နာရီကကျင်းပရာ အခမ်းအနားသို့ ကျိုက်ထီးဆောင်းဆရာတော် အဘိဇဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဓဇ ဘဒ္ဒန္တပညာဒီပ အမှူးပြုသည့် သံဃာတော် အပါး ၃၀၀၊ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် သစ်တောနှင့်သတ္တုဝန်ကြီး ဦးဝင်းမော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အင်ဒိုနီးရှားနိုင်ငံသား Mr.Jong Pek Pong ပါ ၁၇ဦး၊ လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း ၈၀၀ ခန့် တက်ရောက်ခဲ့သည်။

ဆက်ကပ်လှူဒါန်း

အခမ်းအနားတွင် ဆရာတော် ဘဒ္ဒန္တပညာဒီပက သြဝါဒစကားပြောကြားပြီး မဟာသဒ္ဓမ္မဇောတိကဓဇ ဦးဝင်းဖေက အင်ဒိုနီးရှားနိုင်ငံသားများကိုယ်စား ငွေကျပ်သိန်း ၁၅၀ ခန့် တန်ဖိုးရှိ ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများကို ဆရာတော် ဘဒ္ဒန္တပညာဒီပထံ ဆက်ကပ်လှူဒါန်းခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီး ဦးဝင်းမော်ဦးက သာသနာရေးဆိုင်ရာကိစ္စများလျှောက်ထားပြီး အင်ဒိုနီးရှားနိုင်ငံသားများနှင့် အခမ်းအနားသို့တက်ရောက်လာသူများက သံဃာတော်များကို ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ပစ္စည်းများလောင်းလှူကာ လှူဒါန်းမှုအစုစုအတွက် ရေစက်ချ အမျှပေးဝေခဲ့ကြောင်း သိရသည်။

(လ/၀၁၂)

မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေး ပညာပေးဟောပြော

မော်လမြိုင် ဇူလိုင် ၁

မွန်ပြည်နယ် မော်လမြိုင် တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းက ကြီးမှူးကျင်းပသည့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးပညာပေးဟောပြောပွဲကို ဇွန် ၂၈ ရက် နံနက် ၉ နာရီက ကျင်းပခဲ့ရာ အခမ်းအနားသို့ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် လူမှုရေးဝန်ကြီး ဒေါက်တာလှဦးနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မွန်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးခင်မောင်ကြီး၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)မှ အကြံပြု / အထောက်အကူပြုအဖွဲ့ တာဝန်ခံ သုမဓမ္မသိင်္ဂီ ဒေါက်တာမြသီတာဆွေတင်၊ မွန်ပြည်နယ် ဒုတိယ ရဲတပ်ဖွဲ့မှူးနှင့် ဒုတိယရဲမှူးကြီး ဝင်းဗိုလ်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် လူမင်း၊ လူထုဆက်သွယ်ရေးတာဝန်ခံ တေးသံရှင် ဒေါက်တာဖြူဖြူကျော်သိန်းနှင့် အနုပညာရှင်များ၊ ရန်ကုန်ဆေးရုံကြီးမှ ဦးနှောက်နှင့်အာရုံကြော ဆေးကုသမှုဌာနမှ ပါမောက္ခ/ ဌာနမှူး ဒေါက်တာဝင်းမင်းသစ်၊ မွန်ပြည်နယ် မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းမှ ဥက္ကဋ္ဌ ဦးနေဝင်းနှင့်အဖွဲ့ဝင်များ၊ မော်လမြိုင်တက္ကသိုလ်မှ ပါမောက္ခချုပ် ဒေါက်တာဌေးအောင်၊ ဒုတိယ ပါမောက္ခချုပ် ဒေါက်တာအောင်မြတ်ကျော်စိန်၊ ပါမောက္ခ /ဌာနမှူးများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၂၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် ဒေါက်တာမြသီတာဆွေတင်က မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ခေါင်းစဉ်ကို ဟောပြောဆွေးနွေးပြီး မွန်ပြည်နယ် ဒုတိယရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီးဝင်းဗိုလ်က မြန်မာနိုင်ငံ မူးယစ်ဆေးဝါးသမိုင်းနှင့် မြန်မာနိုင်ငံတွင် မူးယစ်ဆေးဝါးဖမ်းဆီးရမှုကို ရှင်းလင်းခဲ့သည်။ ဆက်လက်၍ ပါမောက္ခ/ဌာနမှူး ဒေါက်တာဝင်းမင်းသစ်က လူနှင့်အားမာန် ဗလငါးတန် ခေါင်းစဉ်ဖြင့် ဟောပြောပြီး နေပြည်တော် ကာယဗလစွမ်းရည်ပြိုင်ပွဲမှ ဆရာကြီး ဦးငြိမ်းချမ်းအောင်က ကာယဗလစွမ်းရည်ဖြင့် သရုပ်ပြကာ တေးသံရှင် ဖြူဖြူကျော်သိန်းက မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ကျန်းမာရေးဆိုင်ရာဆိုးကျိုးများ ခေါင်းစဉ်ဖြင့် ဟောပြောခဲ့သည်။ ထို့နောက် ရုပ်ရှင်နှင့်ဗီဒီယိုသရုပ်ဆောင် နိုင်းနိုင်း၊ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် ရာဇာနေဝင်း၊ တေးသံရှင် ကျော်ကျော်ပိုင်မှူးက တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေခဲ့ပြီးနောက် အကယ်ဒမီလူမင်းက မူးယစ်ဆေးဝါးနှင့် ဆက်နွယ်သည့် ဆိုးကျိုးများ အကြောင်း ဟောပြောခဲ့ကြောင်း သိရသည်။ **တင်ထွန်း (မော်လမြိုင်)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြော

မော်လမြိုင် ဇူလိုင် ၁

မွန်ပြည်နယ် မော်လမြိုင်မြို့ ကော့ခမယ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း စမ်းသော်တာခန်းမ၌ သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေး ဟောပြောပွဲကျင်းပရာ ဟောပြောပွဲကို ဇွန် ၂၇ ရက် နံနက် ၁၁ နာရီက ဖားအောက်တိုက်နယ်ဆေးရုံ ဆေးရုံအုပ် ဒေါက်တာဒွေးနန္ဒနှင့် သူနာပြုဆရာမများ၊ ကော့ခမယ်အထက ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းအေးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၄၀၀ ခန့် တက်ရောက်ခဲ့သည်။ ဟောပြောပွဲတွင် ဒေါက်တာဒွေးနန္ဒက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရေး အသိပညာပေး ဟောပြောခဲ့ကြောင်းသိရသည်။

(လ/၀၁၂)

လိုင်စင်မဲ့ယာဉ် ဖမ်းဆီး

မော်လမြိုင် ဇူလိုင် ၁

မွန်ပြည်နယ် မော်လမြိုင်မြို့ သံလွင်တံတားလုံခြုံရေးဂိတ်မှ ရဲတပ်ဖွဲ့ဝင်များသည် မော်လမြိုင်မြို့မှ ပေါင်မြို့နယ်မုတ္တမဘက်သို့ယာဉ်မောင်းသန်းဟန် (၂၁ နှစ်) မောင်းနှင်သည့် ယာဉ်အမှတ် ၉င/. . . တပ်ဆင်ထားသော TOYOA WISH မော်တော်ယာဉ်ကို စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် အထောက်အထားပြသနိုင်ခြင်းမရှိသဖြင့် သိမ်းဆည်းခဲ့ပြီး ပို့ကုန်/သွင်းကုန် ဥပဒေ ပုဒ်မ ၈ အရ အမှုဖွင့်ထားကြောင်း သိရသည်။

(လ/၀၁၂)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေး စီမံကိန်းများဌာနမှ အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) ဗန်းမော်ဓာတ်အားခွဲရုံတွင် 66kV Switch Bay (1)No Extension
(၂) 66/11kV, 2MVA မြို့သစ်ဓာတ်အားခွဲရုံ
(၃) 66/11kV, 2MVA ဒေါဖုန်းယန် ဓာတ်အားခွဲရုံ

တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ပစ္စည်းစီမံရေးဌာန
ရုံးအမှတ် ၂၇၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ ရေအားလျှပ်စစ်စီမံကိန်းများအတွက် အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက်တန်ဖိုး D.D.P (Paung Laung/ Hlaw Gar)၊ မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	H-Beam (ဆိုဒ်စုံ)	382 Tons
2.	Pipe Clip	5000 Pcs
3.	Steel Fiber	2 Tons
4.	GI Pipe & Socket	508 Sets
5.	Water Stop (500mm)	600 Meter
6.	Quick Harderning Agent (powder)	30 Ton
7.	Four Core, Two Core, Single Core Cable (ဆိုဒ်စုံ)	2550 Meter

၂။ ပစ္စည်းများ၏ (Technical Specification) များအား ၁၈-၇-၂၀၁၃ရက် မွန်းတည့် ၁၂:၀၀နာရီတွင် နောက်ဆုံးထား၍ ကြိုတင်တင်သွင်းရမည်။
၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဩဂုတ် ၅ရက် မွန်းတည့် ၁၂:၀၀ဖြစ်ပြီး ၁၃:၀၀နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။
၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၄၁၅၊ ဖက်စ် -၄၁၁၀၈၁

အိတ်ဖွင့်တင်ဒါပြင်ဆင်ချက်

၁။ ၁၆-၆-၂၀၁၃ရက်က မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ကြော်ငြာခဲ့သော ကျန်းမာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဦးစီးဌာန၊ ရေနံ့သာ အနာကြီးရောဂါကုဆေးရုံ၏ အိတ်ဖွင့်တင်ဒါပိတ်ရက်ကို အောက်ပါအတိုင်း ပြင်ဆင်သတ်မှတ်လိုက်ပါသည်။
၂။ ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက် - ၂၆-၆-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၂၆-၇-၂၀၁၃ ရက်၊ ညနေ ၄ နာရီ
၃။ အသေးစိတ်ကိုသိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်ကြီးရုံး
ရေနံ့သာအနာကြီးရောဂါကုဆေးရုံကြီး
မတ္တရာမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊
ဖုန်း-၀၉-၆၅၀၂၅၈၃

စက်မှုဝန်ကြီးဌာန
စက်မှုညွှန်ကြားရေးဦးစီးဌာန
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ သုသေတနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန(ရန်ကုန်မြို့)တွင် အောက်ပါလုပ်ငန်းများ တည်ဆောက်ရန် ခွင့်ပြုထားပြီးဖြစ်ပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်-
(က) ပင်မအဆောက်အအုံရှိ မူလထုပ်ပိုးခန်း ပေ(၄၅×၃၀)ကို အခန်း လေးခန်းကန့်ခြင်း
(ခ) ပင်မအဆောက်အအုံရှိ ဆေးပြားဌာနတွင် ကုန်ကြမ်းပစ္စည်းများ အခန်း (၂၂.၅×၉)ပေ အခန်းကာခြင်း
(ဂ) ပင်မအဆောက်အအုံရှိQC ဌာနတွင် အရာထမ်းများအတွက် အခန်းကန့်ခြင်း (၁၂×၉)ပေ
(ဃ) အသစ်ကာရံသော ဓာတ်ခွဲခန်းများတွင် မီး၊ ရေသွယ်တန်းခြင်း၊ ရေဆိုးလိုင်းပြုပြင်ခြင်း
(င) ပင်မအဆောက်အအုံနှင့်ဖာမင်တေးရှင်းအဆောက်အအုံမှ အမိုး(Corrugated: Iron Sheet)ပေါက်ပြဲနေမှုအား ဖြတ်ဆက်ဖာခြင်း၊ ဆေးသုတ်ခြင်း(1650 sq ft)
(စ) ဓာတ်ခွဲခန်းအသစ်များတွင် ၁.၅အကောင်အား Split type Air Cond; (၅)လုံးတပ်ဆင်ခြင်း
၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁-၇-၂၀၁၃ရက်မှစ၍ အောက်ဖော်ပြပါဌာနများ၌ ရုံးချိန်အတွင်း လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်-
(က) စက်မှုညွှန်ကြားရေးဦးစီးဌာန၊ ရုံးအမှတ်(၃၇)၊ စက်မှုဝန်ကြီးဌာန၊ နေပြည်တော် ဖုန်း-၀၆၇-၄၀၈၀၈၁၊ ၀၆၇-၄၀၈၁၂၈၊ ၀၆၇-၄၀၈၁၉၆
(ခ) သုတေသနနှင့် ဖွံ့ဖြိုးရေးဗဟိုဌာန၊ အင်းစိန်လမ်းမကြီး၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၂၂၆၃၁၊ ၀၁-၅၂၂၆၃၂၊ ၀၁-၆၄၀၃၈၃
၃။ တင်ဒါတင်သွင်းလိုသူသည် အဆိုပါလုပ်ငန်းများအတွက် သတ်မှတ်ထားသည့် တင်ဒါအာမခံကြေးပေးသွင်းပြီးမှ သတ်မှတ်အိတ်ဖွင့်တင်ဒါပုံစံပါအတိုင်းဖြည့်စွက်၍ စက်မှုညွှန်ကြားရေးဦးစီးဌာန၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၃၇)၊ နေပြည်တော်လိပ်မူ၍ ၁၅-၇-၂၀၁၃ရက် ညနေ ၄:၀၀နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါစိစစ်ရေးအဖွဲ့

ပျောက်ဆုံးခြင်း

ကိုခင်မောင်ဇင် ၇/မဝန(နိုင်)၁၀၈၇၄၁၏ နိုင်ငံကူးလက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါ။

ကျန်းမာရေးဝန်ကြီးဌာန
ကျန်းမာရေးဦးစီးဌာန
အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)၊ အထူးကုဆေးရုံ(သာကေတ)
အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဦးစီးဌာန၊ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)နှင့် အထူးကုဆေးရုံ(သာကေတ)တွင် တက်ရောက်ဆေးကုသမှုခံယူသော လူနာများအတွက် အသုံးပြုရန်လိုအပ်သော ဆေးဝါးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။
၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံရောင်းချမည့်ရက်** - ၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက် - ၁၀-၇-၂၀၁၃ ရက်
၃။ တင်ဒါစည်းမျဉ်းစည်းကမ်းများနှင့် ဆေးပစ္စည်းများစာရင်းအသေးစိတ်ကို သိရှိလိုပါက ဆေးရုံအုပ်ရုံး၊ အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)နှင့် ဆေးရုံအုပ်ရုံး၊ အထူးကုဆေးရုံ(သာကေတ)တို့တွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

ဆေးရုံအုပ်	ဆေးရုံအုပ်
အထူးကုဆေးရုံကြီး(မင်္ဂလာဒုံ)	အထူးကုဆေးရုံကြီး(သာကေတ)
ရန်ကုန်၊ ပြည်လမ်း၊ ကျိုက္ကလို့ဘုရားအနီး၊	ရှုခင်းသာလမ်း၊(၁၀၈)တောင်ဘုရားအနီး၊
မင်္ဂလာဒုံမြို့နယ်၊	သာကေတမြို့နယ်၊
ဖုန်း-၀၁-၆၃၅၂၉၉၊ ၀၁-၆၃၇၅၄၁	ဖုန်း-၀၁-၄၅၀၇၉၁

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော ပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်-

(၁) 132/66/11kV,60MVA တောင်ကြီးဓာတ်အားခွဲရုံ
(၂) တောင်တွင်းကြီးဓာတ်အားခွဲရုံတွင် 230kV Switch Bay(2)Nos တိုးချဲ့ခြင်း
(၃) ရွှေတောင်ဓာတ်အားခွဲရုံတွင် 230kV Switch Bay(2)Nos တိုးချဲ့ခြင်း
(၄) ရွာမဓာတ်အားခွဲရုံတွင် 230kV Switch Bay(2)Nos တိုးချဲ့ခြင်း
(၅) လှိုင်သာယာဓာတ်အားခွဲရုံတွင်230kV Switch Bay(2)Nos တိုးချဲ့ခြင်း

တင်ဒါပုံစံရောင်းချမည့်ရက် - ၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၃၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄:၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁ဃ/၂၅၂၃၇ Honda C90 Custom cms ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းနိုင် ၉/မနမ(နိုင်)၀၇၄၅၈၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

စစ်တွေမြို့နယ်တွင် ကျောင်းကျန်းမာရေးလုပ်ငန်းများ အဆင့်မြှင့်တင်မည်

စစ်တွေ ဇူလိုင် ၁

၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွင်း စစ်တွေမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် အထူးစီမံချက် (၃) ရပ်ချမှတ်ကာ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အဆင့်မြှင့်တင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ စစ်တွေမြို့နယ်ရှိကျောင်းများ ခြင်ကင်းစင်ကျောင်းဖြစ်လာစေရေး၊ လက်များကို စနစ်တကျ ဆေးကြောတတ်ရန်နှင့် လက်ဆေးခြင်းအလေ့အထရှိစေရေး၊ သွားရောဂါကင်းစင်ရေးနှင့် သွားကို စနစ်တကျ တိုက်တတ်စေရေးတို့ဖြစ်သည်။

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို စစ်တွေမြို့ မြို့နယ်ပညာရေးမှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၂၈ ရက် နံနက် ၁၁ နာရီက ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာကျော့သာစိန်၊ မြို့နယ်ပညာရေးမှူး ဦးကြာလှထွန်း၊ ကျောင်းကျန်းမာရေးဌာန တာဝန်ခံဆရာဝန် ဒေါက်တာအောင်သူရ(သွား)၊ စစ်တွေမြို့နယ်ရှိ ထက်၊ လယ်၊ မူကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။ အစည်းအဝေးတွင် မြို့နယ်ဆရာဝန်ကြီး ဒေါက်တာကျော့သာစိန်က ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသူများက မိမိတို့၏သဘောထားအမြင်များဖြင့် ပေါင်းစပ်ညှိနှိုင်းကြသည်။

ဆုများချီးမြှင့်

ခြင်ကင်းစင်ရေးအတွက် ထက်၊ လယ်၊ မူ ကျောင်းများတွင် အပတ်စဉ် တနင်္လာနေ့တိုင်း ကျန်းမာရေးဝန်ထမ်းများ၊ ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများကNGOများနှင့်လက်တွဲကာဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ပြီး အခါအားလျော်စွာ ခြင်ဆေးမှုတ်ခြင်းများကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။ လက်ဆေးခြင်း၊ စနစ်တကျနှင့် အလေ့အထဖြစ်စေရေးအတွက် ထက်၊ လယ်၊ မူ ကျောင်းများတွင် သရုပ်ပြပွဲများ ပြုလုပ်ပြီး လေ့ကျင့်ပေးသွားမည် ဖြစ်သည်။ သွားရောဂါကင်းစင်ရေးနှင့် သွားကို စနစ်တကျ တိုက်တတ်ရေးအတွက် မူလတန်းကျောင်းများတွင် သရုပ်ပြလေ့ကျင့်ပေးကာ သွားပွတ်တံများ လှူဒါန်းပေးသွားမည်ဖြစ်ပြီး နှစ်ကုန်ခါနီးတွင် ပြိုင်ပွဲများကျင်းပကာ ဆုများချီးမြှင့်ပေးမည် ဖြစ်သည်။

လေးဝတီထွန်းစောခိုင်

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စု အခြေခံပညာ မူလတန်းလွန်ကျောင်းမှ အလယ်တန်းကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲကို ဇွန် ၂၃ ရက် နံနက်က ယင်းကျောင်းဆောင်ရှေ့၌ကျင်းပရာ မြို့နယ်ပညာရေးမှူးဒေါ်မြင့်မြင့်၊ ကျေးရွာအုပ်ချုပ်ရေးမှူးဦးစိုင်းသိန်းဝင်းနှင့် တာဝန်ရှိသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ စိုင်း(သီပေါ)

ဖလမ်းမြို့၌ကျောင်းသားကျောင်းသူများအား နွားနို့တိုက်ကျွေး

ဖလမ်း ဇူလိုင် ၁

ကျောင်းနေအရွယ် ကလေးများ ကျန်းမာသန်စွမ်းရေးနှင့်ခန္ဓာကိုယ်ဖွံ့ဖြိုး ဉာဏ်ပညာထက်မြက်စေရန် နို့တိုက်ကျွေးရေးအခမ်းအနားကို ဇွန် ၂၅ ရက် နံနက်က ဖလမ်းမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ဖလမ်းခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးတင့်နှင့် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာစိန်လှိုင်တို့က နွားနို့သောက်သုံးခြင်းကြောင့် ရရှိလာသော အကျိုးကျေးဇူးများကို ပြောကြားခဲ့ပြီး အခြေခံပညာမူလတန်း ကျောင်းသားကျောင်းသူ ၂၉၅ ဦးအား နွားနို့တိုက်ကျွေးပေးခဲ့ကြကြောင်း သိရသည်။ **(အပေါ်ပုံ)**

(ခရိုင် ပြန်/ဆက်)

မူးယစ်တိုက်ဖျက်ရေးနေ့ ကျင်းပ

မြိတ် ဇူလိုင် ၁

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် မြိတ်မြို့နယ် အထက(၁)ပညာ့ဗိမာန်ခန်းမ၌အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးသုံးစွဲမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားကို ဇွန် ၂၆ ရက် နံနက် ၁၀နာရီက ကျင်းပရာခရိုင်/မြို့နယ်ဌာနဆိုင်ရာများ၊ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျောင်းသား ကျောင်းသူများ အင်အား ၂၅၀ တက်ရောက်ခဲ့ကြသည်။

မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှပေးပို့သော သဝဏ်လွှာကို မြိတ်ခရိုင် မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီးကာကွယ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလွင်ကိုဦးက ဖတ်ကြားပြီး ခရိုင်မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဒုရဲမှူးကြီး ရွှေညာမောင်က မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအကြောင်း သိကောင်းစရာများကိုလည်းကောင်း၊ စိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာခင်ဇော်က မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်လာသည့် ဆိုးကျိုးများအပေါ် ကျန်းမာရေးရှုထောင့်မှရှုမြင်သည့်သိကောင်းစရာများကိုလည်းကောင်း၊ မြိတ်ခရိုင်ဥပဒေအရာရှိ ဦးလှထွန်းက မူးယစ်ဆေးဝါးနှင့်စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေ၏သိကောင်းစရာ အချက်အလက်များကို ဥပဒေရှုထောင့်မှ လည်းကောင်း ဟောပြောခဲ့သည်။ မူးယစ်ဆေးဝါးသုံးစွဲမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ် (၁၆)ကြိမ်မြောက် ပန်းချီ၊ကာတွန်း၊ ပိုစတာနှင့်ကွန်ပျူတာပန်းချီပြိုင်ပွဲများတွင် ခရိုင်အဆင့်ဆုရရှိသူများအား ဆုတံဆိပ်ချီးမြှင့်ခဲ့ပြီး ပြိုင်ပွဲလက်ရာများကို အကဲဖြတ်ပေးသည့် ပန်းပညာရှင်များ အစည်းအရုံးအဖွဲ့ကို ဂုဏ်ပြုလက်ဆောင်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

မိုးဟိန်း(မြိတ်)

စွမ်းအင်ဝန်ကြီးဌာန
မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ (အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

စဉ်	တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်	မှတ်ချက်
(၁)	IFB-001(2013-2014)	9 5/8" Seamless Casing	(1) Lot	US $
(၂)	IFB-002(2013-2014)	5 1/2" Seamless Casing	(1)Lot	US $
(၃)	IFB-003(2013-2014)	20"& 13 3/8" Seamless Casing	(1)Lot	US $
(၄)	IFB-004(2013-2014)	Skit Mounted Three 1 Phase Separator	(1)Lot	US $
(၅)	IFB-005(2013-2014)	Steel Wire Rope	(1)Lot	US $
(၆)	IFB-006(2013-2014)	2 7/8"& 2 3/8" Tubings	(1)Lot	US $
(၇)	IFB-007(2013-2014)	HPZ 820 Work Station	(1)Lot	US $
(၈)	IFB-008(2013-2014)	Land Sat 7 Images	(1)Lot	US $
(၉)	IFB-009(2013-2014)	Windows CE GPS With ARCPAD	(1)Lot	US $
(၁၀)	IFB-010(2013-2014)	2900 Series Well Head	(1)Lot	US $
(၁၁)	DMP/L-001(2013-2014)	Spares For CAT-D 3406 B Truck Engine	(2) Items	Kyat
(၁၂)	DMP/L-002(2013-2014)	1 1/4" Pitch Quardruble Chain & Offset Link	(2) Items	Kyat
(၁၃)	DMP/L-003(2013-2014)	Foam Liquid Solution (မီးသတ်ဆေးရည်)	(650) Gals	Kyat
(၁၄)	DMP/L-004 (2013-2014)	(a) Caustic Soda (Flake)	(650)M/T	Kyat
		(b) Caustic Soda (Solid)	(8)M/T	
(၁၅)	DMP/L-005 (2013-2014)	(a) 12V 13 Plate Battery	(150) Nos	Kyat
		(b)12V 17 Plate Battery	(100)Nos	

၂။ အိတ်ဖွင့်တင်ဒါများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်တွင် လာရောက်ဝယ်ယူနိုင်ပါသည်။
၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၃၁-၇-၂၀၁၃ရက် ၁၃:၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ် ၄၄၊ နေပြည်တော်သို့ လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
ဖုန်း-၀၆၇-၄၁၁၀၉၇၊ ၄၁၁၂၀၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
မြန်မာ့အာမခံလုပ်ငန်း
ရန်ကုန်မြို့
အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်တွင် ငွေလုံးငွေရင်းအသုံးစရိတ်ဖြင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်း၏ အောက်ပါရုံးခွဲများတွင်တည်ဆောက်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့်အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-
(က) အမှတ် ၁၉၈၊ ကမ်းနားလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊ ရန်ကုန်တိုင်းဒေသကြီးရှိ တစ်ထပ်လျှင် (အလျားပေ ၁၄၀×အနံပေ ၇၀×အမြင့် ၁၇ပေ)လေးထပ်အဆောက်အအုံ ပြင်ပဆေးသုတ်ခြင်း၊
(ခ) အမှတ် ၄၊ အောင်မင်္ဂလာလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့၊ ရန်ကုန်တိုင်းဒေသကြီးရှိ (အလျားပေ ၃၀×အနံပေ ၅၀×အမြင့်ပေ ၂၀)တစ်ထပ်ခွဲအဆောက်အအုံ ပြန်လည်ဆောက်လုပ်ခြင်း၊
(ဂ) ၆၃လမ်း၊ ၃၄×၃၅လမ်းကြား၊ ပြည်ကြီးမျက်ရှင်ရပ်၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့၊ မန္တလေးတိုင်းဒေသကြီးရှိ (အလျား ၁၃၅ပေ×အနံပေ ၁၅၀×အမြင့် ၇ပေ)ခြံစည်းရိုးအား အုတ်တံတိုင်းဖြင့်ကာရံခြင်း၊
(ဃ) ကန်ပတ်လမ်း၊ ပေါက်ချောင်းရိပ်သာရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီးရှိ တစ်ခန်းလျှင် (အလျား ၁၀ပေ×အနံ ၆ပေ×အမြင့် ၉ပေ)အကျယ် RC-နှစ်ခန်းတွဲ၊ ရေချိုးခန်း၊ အိမ်သာ၊ မိလ္လာကန် ပြန်လည်ဆောက်လုပ်ခြင်း၊
၂။ တင်ဒါပိတ်မည့်ရက်/အချိန်- ၉-၈-၂၀၁၃ရက် (သောကြာနေ့) မွန်းတည့် ၁၂:၀၀နာရီ
၃။ တင်ဒါပုံစံစည်းကမ်းချက်များနှင့် တင်ဒါခေါ်ယူသည့်လုပ်ငန်း၏ အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ၂-၇-၂၀၁၃ရက်မှစ၍ ရုံးချိန်အတွင်း လာရောက်ထုတ်ယူနိုင်ပါသည်။

တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ
မြန်မာ့အာမခံလုပ်ငန်း
အမှတ် ၆၂၇/၆၃၅၊ ကုန်သည်လမ်း၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၃၈၄၈၈၂၊ ၂၅၂၃၇၂၊ ၃၇၉၆၇၇

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၈၆/က)နှင့် စပ်လျဉ်းပြီး
အများသိစေရန်

ဦးဇော်လွင် ၁၂/ဒဂတ(နိုင်)၀၁၆၅၁၆ ၏ လွှဲအပ်ညွှန်ကြားချက်အရ-

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (ဆ/က)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ အမှတ်(၈၆/က)မြေအိမ်ကို အဘိုးအဘွားများနှင့် မိဘများဖြစ်ကြသော **ဦးဒရားရန်း-ဒေါ်ဘာဘူနီး**နှင့် **ဦးဘိုလား-ဒေါ်ဘူကျနီး**တို့ သက်ရှိထင်ရှားစဉ် လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်မှ တရားဝင်ပိုင်ဆိုင်နေထိုင်လာခဲ့ပါသည်။

အဘိုးအဘွားများနှင့် မိဘများကွယ်လွန်ပြီးနောက်ပိုင်းတွင် **ဦးဇော်လွင်**နှင့် ညီမဖြစ်သူ **ဒေါ်သီတာဒေဝီ**မှ အိမ်ထောင်စုလူဦးရေစာရင်းဖြင့် နေထိုင်လျက်ရှိပါသည်။

ဦးဇော်လွင်တို့ ဘိုးဘွားများနှင့် မိဘများလက်ထက် လွန်ခဲ့သောနှစ်ပေါင်း ၆၀ ကျော်မှ နေထိုင်ခဲ့သော မြေ/အိမ်ကို အိမ်ဟောင်းဖျက်သိမ်းခြင်း၊ ကန်ထရိုက်တာနှင့် အဆောက်အအုံဆောက်လုပ်ရန် စာချုပ်ချုပ်ဆိုခြင်း၊ မြေဂရန်သစ်လျှောက်ထားခြင်း၊ မြေ/အိမ်အမည်ပြောင်းခြင်း၊ တစ်နည်းနည်းလွှဲပြောင်းခြင်းတို့ကိုမပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဘော် (လိုင်စင်-၄၀၃၅)
LL.B, DBL, DML,DIL,DLP, WIPO (Switzerland)
ဒေါ်အေးအေးစိုး (လိုင်စင်-၅၈၂၇)
B.Sc, Hon (IC), HGP, R.L, D.B.L
တရားလွှတ်တော်ရှေ့နေများ
အမှတ် ၂၇၊ ၁၂ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၈၆၆၊ ၂၉၄၇၆၆၊ ၀၉-၅၀၁၇၀၄၄၊ ၀၉-၇၃၁၀၇၀၉၄

ဖခင်အမည်မှန်

နန်းသက်သက်လှိုင် စစ်ကိုင်းဖွံ့ဖြိုးရေးတက္ကသိုလ် B.Ed ဒုတိယနှစ်၊ စောသူရိန်ထက် တက္ကသိုလ်ဝင်တန်းအောင်၊ စောမျိုးသူရိန် န၀မတန်း(B) အထက-၃၊ ဘားအံမြို့တို့၏ ဖခင်အမည်မှန်မှာ ဦးစောရွှေရီ ဖြစ်ပါကြောင်း။

ဦးစောရွှေရီ ၃/ဘအန(နိုင်)၀၁၇၃၄၂

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၁၁ ခ)၊ အောင်ချင်းကံမြောက်ကွင်း၊ မြေကွက်ကြီးအမှတ်(စံပြမြေကွက်)၊ အကျယ်အဝန်း ၃ဒသမ ၃၆ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လက်ဝယ်ထားရှိ၍ ရောင်းချပိုင်ခွင့်ရှိသူ ဦးလှမြင့် ၃/ဘအန(နိုင်)၀၁၀၀၃၃ထံမှ အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသည်။ တိုင်းဒေသကြီးအစိုးရရုံးတွင်အမည်လွှဲပြောင်းခြင်းကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ ကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသောအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်မထံသို့လည်းကောင်း၊ စီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဦးကျော်သန်း ဖုန်း-၀၉-၅၀၂၄၂၇၅သို့လည်းကောင်း လာရောက်ကန့်ကွက်နိုင်ပါသည်။

သတ်မှတ်ရက်ကျော်လွန်ပါက အမည်ပြောင်းကိစ္စများအား ပြီးစီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မြမြသန်း
အမှတ် ၆၂၊ အုတ်ကျင်း၊ ဘူတာရုံလမ်း၊
မြေညီထပ်၊ လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၅၁၆၀၀၉၇

မှုခင်းသတင်းများ

စိတ်ကြွရူးသွပ်ဆေး သယ်ဆောင်လာသူ ထောင်ဒဏ်၁၅နှစ်ကျော် ချမှတ်

လွိုင်ကော် ဇူလိုင် ၁

ကယားပြည်နယ် လွိုင်ကော်မြို့နယ်တွင် လိုင်စင်မဲ့မော်တော်ဆိုင်ကယ်၏ဒူးကာအတွင်း စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကျော် သို၀ှက်သယ်ဆောင်လာသော အမျိုးသားတစ်ဦးကို လွိုင်ကော်ခရိုင်တရားရုံးက ဇွန် ၁၈ ရက်တွင် အလုပ်နှင့်ထောင်ဒဏ်၁၅နှစ်နှင့် ခြောက်လကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

အမှုမှာ ဇန်နဝါရီ ၁၅ ရက်ညနေ ၄ နာရီ ငါးမိနစ်က လွိုင်ကော်မြို့နယ် လွိုင်လင်လေးရဲတပ်ဖွဲ့စခန်း ထီစဲခါးရဲကင်းမှူးဒုရဲအုပ်တင်အောင်စိုး၊ ဦးစီး ရဲတပ်ကြပ်ကြီးမောင်ချို၊ ရဲတပ်ကြပ်ကျော်စိန်၊ ရဲတပ်သား ဟိန်းထက်နှင့်ကျော်မျိုးတင့်တို့သည် သက်သေများနှင့်အတူ လွိုင်ကော်-ဆီဆိုင်-တောင်ကြီးလမ်းအတိုင်း တောင်ကြီးမှ လွိုင်ကော်သို့ ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်ဆန်မြို့နယ် မိုင်းဆိတ်ကျေးရွာနေ အောင်စိန်(၃၀နှစ်) မောင်းနှင်လာသော အန်ဘိုအမျိုးအစား မော်တော်ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေစစ်ဆေးရာ ဒူးကာအတွင်း သို၀ှက်သယ်ဆောင်လာသော ပန်းရောင်နှင့်အစိမ်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၀၁၃၃ပြားရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

လွိုင်ကော်ရဲစခန်းက အမှုဖွင့်လက်ခံကြားနာ စစ်ဆေးခဲ့သည်။ လက်ခံကြားနာစစ်ဆေးရာတွင် ပြစ်မှုထင်ရှားသဖြင့်ပို့ကုန်သွင်းကုန် ဥပဒေပုဒ်မ ၈ အရ ထောင်ဒဏ် ခြောက်လနှင့်မူးယစ်ပုဒ်မ ၁၉(က) အရ အလုပ်နှင့်ထောင်ဒဏ် ၁၅ နှစ် ကျခံစေရန် အမိန့်ချမှတ်ခဲ့ကြောင်း သိရသည်။

ကြီးမြင့်နိုင်(လွိုင်ကော်)

အန်ဖတ်ဆို့သေဆုံး

သာစည် ဇူလိုင် ၁

မိတ္ထီလာခရိုင် သာစည်မြို့နယ် လှိုင်းတက်ကျေးရွာမမို့မို့၏နေအိမ်တွင် အိမ်ငှားနေသူဦးတင်ကိုကို (၅၄နှစ်)သည်ဇွန်၂၅ရက်ကအရက်များသောက်စားမူးယစ်ပြီးပါးစပ်တွင် အန်ဖတ်ဆို့ပြီး ကျင်ငယ်များထွက်ကာသေဆုံးနေသည်ဟုဆိုသည်။ ထိုကဲ့သို့ သေဆုံးမှုကို သာစည်ရဲစခန်းမှ ဒုရဲအုပ်မြင့်သိန်း၊ လှိုင်းတက်ကျေးရွာအုပ်ချုပ်ရေးမှူးဦးမင်းသောင်းနှင့်အဖွဲ့က သွားရောက်စစ်ဆေးပြီး သာစည်မြို့နယ်ရဲစခန်းက သေမှု သေခင်း၂/၂၀၁၃ ဖြင့် အမှုဖွင့်အရေးယူ စစ်ဆေးနေသည်။

တင်လှိုင်

လိုင်စင်မဲ့ ကားနှစ်စီး မိတ္ထီလာ၌ဖမ်းမိ

မိတ္ထီလာ ဇူလိုင် ၁

မိတ္ထီလာ-တောင်ကြီးသွားကားလမ်း မိုင်တိုင် အမှတ် ၄/၇၊ ဥယျာဉ်ရွာအနီး လမ်းနံဘေးတွင် ဇွန် ၂၇ ရက်က ကရီနာမတ်တူးနီ့နှစ်ရောင် နံပါတ်မပါ ၁ဂ/. . . ကညန ဖောင်းကြွမပါ၊ လူမရှိ သော့ပိတ်ရပ်ထားသော ကားတစ်စီးကို မသင်္ကာဖွယ်တွေ့ရှိရသဖြင့် မိတ္ထီလာမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်ရွှေ ခေါင်းဆောင်၍ အမှတ်(၂) ရဲစခန်းမှူး ရဲအုပ်မြင့်သန်းနှင့် ပူးပေါင်းအဖွဲ့က စောင့်ကြည့်နေစဉ်ကားပိုင်ရှင်၉ဂ/. . ဆပ်ကားအမျိုးအစား အပြာရောင်ဖြင့် လူသုံးဦးရောက်ရှိလာပြီး ၁ဂ/. . မတ်တူးအမျိုးအစား ပိုင်ရှင်ဖြစ်သူ မောင်စည်သူထွန်းတို့ လိုက်ပါလာပြီး ၄င်းတို့မောင်းနှင်လာသော ၉ဂ/. . . ဆပ်အမျိုးအစားအပြာရောင် မော်တော်ယာဉ်သည်လည်း မော်တော်ယာဉ်နှင့်ပတ်သက်သည့် ယာဉ်မှတ်ပုံတင်ထားခြင်းမရှိကြောင်း၊ လိုင်စင်မဲ့ဖြစ်ကြောင်း တွေ့ရှိရသဖြင့် ယာဉ်ပေါ်ပါလာသူ လင်းထက် (၂၈နှစ်) မြို့ပတ်လမ်း ချမ်းမြသာစည် တောင်ကြီးမြို့နှင့် စည်သူထွန်း(၃၂နှစ်) ရွှေညောင်ရပ်နေသူတို့အား အမှတ်(၂) ရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

တင်လှိုင်

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ဆေးခြောက်များ ဖမ်းဆီးရမိ

ရန်ကုန် ဇူလိုင် ၁

ရန်ကုန် အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ်ရဲတပ်ဖွဲ့စခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ဝင်းကို၊ တပ်ကြပ်တင်ဆန်းနှင့် တပ်ဖွဲ့ဝင်များ နယ်မြေလုံခြုံရေးအတွက် ဇွန် ၂၅ ရက်က ညကင်းလှည့်လည် တာဝန်ဆောင်ရွက်စဉ် ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ၈၈ ရပ်ကွက် စက်မှုဇုန်(၁) ဦးဖိုးလှိုင်လမ်းနှင့် ကွမ်းအပ်သား မင်းသားလမ်းအနီး နံနက် ၄ နာရီက မသင်္ကာဖွယ်ရာ ဆိုက်ကားနင်းလာသူ သော်ဇင်(ခ) ဇော်နိုင်မင်း(၃၁နှစ်)ကို သက်သေများရှေ့တွင် ရပ်တန့်ရှာဖွေရာ သော်ဇင်၏ ခါးကြားတွင် ထိုးထားသော ပိုက်ဆံအိတ်အတွင်းမှ သတင်းစာစက္ကူအပိုင်းဖြင့် ထုပ်ထားသော ဆေးခြောက် အရွက်ခြောက် ၅ ဒသမ ၇၁ ဂရမ်၊ ၀ ဒသမ ၃၃ ကျပ်သားကို သက်သေများရှေ့တွင် ရှာဖွေတွေ့ရှိ၍ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် ရဲတပ်ဖွဲ့စခန်းမှ အမှုဖွင့်ပြီး ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကျင်မောင်

ကျိုင်းတုံမြို့၌ WY စာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

ကျိုင်းတုံ ဇူလိုင် ၁

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ် ဝမ်တာပင်းကျေးရွာအုပ်စု ပန်ဟုတ်ကျေးရွာအနီး ကျိုင်းတုံ-မိုင်းလားကားလမ်း မိုင်တိုင်အမှတ် ၂၆/၄ နေရာ၌ ဇွန် ၂၂ ရက် မွန်းလွဲ ၂ နာရီခန့်က ကျိုင်းတုံ မူးယစ်(အထူး)အဖွဲ့မှ ရဲအုပ်အောင်ဆွေသိန်း ဦးစီးသည့်အဖွဲ့သည် သတင်းအရစောင့်ဆိုင်းနေကြစဉ် ပန်ဟုတ်ရွာဘက်မှ ပန်ယောင်းရွာဘက်သို့ လမ်းလျှောက်လာသော အားညို (၁၆နှစ်)ကို စစ်ဆေးရှာဖွေခဲ့ရာ ၄င်းဝတ်ဆင်ထားသည့် ဂျင်းဘောင်းဘီ၏ ညာဘက်အိတ်ကပ်အတွင်းမှ ပလတ်စတစ်အိတ်အဖြူရောင်ဖြင့် ထုပ်ထားသော WYစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၄၆ပြားငွေကျပ် ၉၂၀၀၀ ဖိုးခန့်ကို သိမ်းဆည်းရမိပြီး ဝမ်လုံကျေးရွာနေ ဒေါ်နန်းအမ်းထံမှ ဝယ်ယူခဲ့ကြောင်း စစ်ဆေးသိရှိရသဖြင့် ဒေါ်နန်းအမ်း၏နေအိမ်အတွင်း ရှာဖွေခဲ့ရာ နေအိမ်အောက်ဘက် ထင်းပုံအတွင်းမှ ခြေအိတ် အနက်ရောင်ဖြင့် ထုပ်ထားသည့် WYစာတန်းပါ ပန်းရောင်စိတ်ကြွရူးသွပ်ဆေးပြား ၁၁၄ ပြား ၂၂၈၀၀၀ ဖိုးခန့်နှင့် မူးယစ်ဆေးဝါးများရောင်းရငွေကျပ် နှစ်သိန်းကို ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကျိုင်းတုံရဲစခန်းက မူးယစ်ဆေးဝါးနှင့်အတူ ဖမ်းဆီးရမိသည့် ဒေါ်နန်းအမ်း ဝမ်လုံကျေးရွာနေသူနှင့် အားညို ပန်ယောင်းကျေးရွာနေသူတို့ကို အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

နိုင်နိုင်အောင်ဝေ

ဒဂုံမြို့သစ်(မြောက်ပိုင်း)၌ ကြိုးဆွဲချသေဆုံး

ရန်ကုန် ဇူလိုင် ၁

ဇွန် ၂၄ ရက် နံနက် ၅ နာရီခွဲက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၃၁ ရပ်ကွက် မဟာဗန္ဓုလလမ်းနေ ဒေါ်စန်း (၆၂နှစ်)သည် နေအိမ်အနောက်ဘက်ရှိ ကုက္ကိုပင်၌ နိုင်လွန်ကြိုးဖြင့် ကြိုးဆွဲချသေဆုံးနေကြောင်းသတင်းရရှိသဖြင့်အခင်းဖြစ်ပွားရာသို့ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ရဲစခန်းမှ ဒုတိယရဲမှူး စိုးပိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့ပြီး အလောင်းကို မြောက်ဥက္ကလာပ ဆေးရုံသို့ပို့ဆောင်ပေးခဲ့ပြီး သေဆုံးမှုနှင့်စပ်လျဉ်း၍ ဓမ္မတာအတိုင်း သေဆုံးခြင်း ဟုတ်မဟုတ် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

စိုးနီ(ဒဂုံတောင်)

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်၊ နေပြည်တော်
တည်ဆောက်ရေးလုပ်ငန်းများအတွက်အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ရန် ရှိပါသဖြင့် လုပ်ငန်းရှင်များ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	လုပ်ငန်းတည်နေရာ	လုပ်ငန်းအမည်	အရေအတွက်
	(က)တည်ဆောက်ရေးလုပ်ငန်းများ		
၁။	ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊နေပြည်တော်	(၁) လေးခန်းတွဲဝန်ထမ်းအိမ်ယာ ၃ထပ် (ရေမီးအပါအဝင်) (RCC) (၈၈' x ၅၆')	(၂)လုံး
၂။	။	(၂) စိုက်ကွင်းစပါးမျိုးစေ့အအေးခန်း သိုလှောင်ရုံ(၄၀'x ၃၀' x ၂၀') (RCC) (အအေးခန်း၊လျှပ်စစ်လုပ်ငန်းအပါအဝင်)	(၁)လုံး
၃။	။	(၃) စိုက်ကွင်းနှင့်ဥယျာဉ်ခြံ ၂ခန်းတွဲ အိမ်သာ (ရေမီးအပါအဝင်) (၁၀'x၅'x၇') (RCC)	(၄)လုံး
၄။	(ခ)လျှပ်စစ်မီးရရှိရေးလုပ်ငန်း		
	ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၊နေပြည်တော်	(၁)11/0.4 KV 200 KVATransformer နှင့် 11 K V လိုင်းတည်ဆောက်ခြင်း	(၁)လုံး
၅။	။	(၂) 33 /11 KV 1000 KVA Transformer နှင့် Protection တည်ဆောက်ခြင်း	(၁)လုံး

၂။တင်ဒါပိတ်မည့်ရက်နှင့်အချိန်မှာ ၂၉-၇-၂၀၁၃ ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။တင်ဒါကိစ္စနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါကရုံးချိန်အတွင်း ဖုန်း၀၆၇ ၄၁၆၅၁၂ သို့ဆက်သွယ် စုံစမ်း နိုင်ပါသည်။

ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်
အိတ်ဖွင့်တင်ဒါခေါ်ယူရေးအဖွဲ့

ဖိတ်ကြားလွှာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးမြောက်ရပ်ကွက်၊ ငါးထပ်ကြီးကျောင်းတိုက်၊ ဒေါ်နုခင်ကျောင်းဆရာတော် **ဘဒ္ဒန္တနန္ဒိယ၏ သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါရ စိန်ရတုသဘင်ပွဲ၌ မဟာဗောဓိစေတီတော်မြတ်အား အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ၊ (၇)ရက် မဟာသတိပဋ္ဌာန်တရားစခန်းပွဲ**တို့ဖြင့် ပူဇော်မည်ဖြစ်ပါသည်။ တရားအားထုတ်လိုသူများ၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အအေးလှူဒါန်းလိုသူများ ကြိုတင်၍စာရင်းပေးသွင်းကြပါရန် နိမ္မာန်အကျိုးမျှော်၍ နှိုးဆော်သတိပေးအပ်ပါသည်။ ကြွရောက်လာသော ဧည့်ပရိသတ်တို့အား နေ့လယ်စာဖြင့် ကျွေးမွေးဧည့်ခံပါမည်။

ပဋ္ဌာန်းဖွင့်ပွဲ	- ၄-၇-၂၀၁၃ ရက် (ကြာသပတေးနေ့) နံနက် ၈း၀၀ နာရီ ၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၁၁ရက်မှ ၁၃ရက်အထိ၊ (၄-၇-၂၀၁၃ရက်မှ ၆-၇-၂၀၁၃ရက်အထိ)
ပဋ္ဌာန်းသိမ်းပွဲ	- ၆-၇-၂၀၁၃ရက် (စနေနေ့) နံနက် ၈း၀၀ နာရီ
အရုဏ်ဆွမ်းကပ်ချိန်	- နံနက် ၅း၃၀ နာရီ
နေ့ဆွမ်းကပ်ချိန်	- နံနက် ၁၀း၃၀ နာရီ
တရားစခန်းပွဲ	- ၁၃၇၅ခုနှစ် နယုန်လပြည့်ကျော် ၁၄ရက်မှ ဝါဆိုလဆန်း ၆ရက်အထိ (၇-၇-၂၀၁၃ရက်မှ ၁၃-၇-၂၀၁၃ရက်အထိ)

ပွဲကျင်းပရေးကော်မတီ
ဒေါ်နုခင်ကျောင်း၊ ငါးထပ်ကြီးကျောင်းတိုက်၊ ဗဟန်းမြို့နယ်၊
ဖုန်း-၀၁-၅၄၀၀၁၉၊ ၀၉-၅၀၆၃၆၆၄

အင်းလျားမြန်မာ အဆင့်မြင့်ခရီးသွားလုပ်ငန်း
Inya Myanmar Travels & Tours

ပျော်ပျော်ပါးပါး စင်္ကာပူသွား (၄)ရက် (၁၉-၂၂ဇူလိုင်)	USD 899
စင်္ကာပူ-အင်ဒိုနီးရှား အေးဆေးနား (၄)ရက် (၁၉-၂၂ဇူလိုင်)	USD 999
ပျော်စရာစုံလင်စင်္ကာပူ-မလေးရှားခရီးစဉ်(၈)ရက် (၁၈-၂၅ဇူလိုင်)	USD 1299

အင်းလျားမြန်မာ နှင့် လုံခြုံစိတ်ချ ပျော်ရွှင်စွာ ခရီးသွားကြစို့ . . . LuckyDraw iPhone 5

ကုမ္ပဏီ၊ မိသားစု၊ သူငယ်ချင်းအဖွဲ့လိုက် သီးသန့်ခရီးစဉ်များကို စိတ်တိုင်းကျစီစဉ်ပေးပါသည်။

ပြည်တွင်း၊ ပြည်ပ လေယာဉ်လက်မှတ် များ အိမ်အရောက်ပို့ စနစ်ဖြင့် ဝန်ဆောင်မှုပေးနေပါသည်။ ဖုန်းဆက်ပြီး လက်မှတ်များ မှာယူနိုင်ပါသည်။

၂၇၁/အေ၊ ၃၉လမ်းအပေါ်ဘလောက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ 01-392817, 09421041896, 09422548616

ကားရောင်းမည်

Dagon Jeep-Wagon
ကားတစ်စီးရောင်းရန်ရှိသည်။
ရောင်းဈေး- ၄၀၀၀၀၀၀ဝိ/
ပွဲစားမလိုပါ။
ဖုန်း-၀၉-၇၃၀၇၃၄၁၅

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

- ပါကေး၊ ကြွေပြား၊ သံပန်း၊ ဆန်းရှိတ်
- ဘိုထိုင်အိမ်သာ၊ ကိုယ်ပိုင်(ရေ၊ မီး)
- အလူမီနီယံ အိပ်ခန်း(၁)၊ ကောနစ်
- ပေ(၁၂½×၅၀)ခန့်၊ စမ်းချောင်းမြို့နယ်
- ပြင်ဆင်ပြီး အသင့်နေ တိုက်ခန်းသစ်

ပထမထပ် - သိန်း ၃၄၀
ဒုတိယထပ် - သိန်း ၃၁၀
(ပွဲစားမလို) ဖုန်း-၀၉-၇၃၂၀၁၁၇၉

သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သမီးများ မသိန်းကြည်၊ မပုတု(ခ)မသိန်းရီတို့အား အမွေပြတ်စွန့်လွှတ်လိုက်သည်။ ၄င်းတို့နှင့်ပတ်သက်၍ မည်သည့်ကိစ္စမှ တာဝန်မယူပါ။ အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်- ဦးချစ်ထွန်း
မိခင်- ဒေါ်ချစ်
ပဲခူးတိုင်းဒေသကြီး၊ ကန်းနီကျေးရွာ

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနမှ မဟာဓာတ်အားလိုင်းများတွင် လိုင်းပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက်Line maintenance ပစ္စည်းများနှင့်ကွန်ကရစ်ကျောက်တိုင်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

တင်ဒါပုံစံရောင်းချမည့်ရက်	- ၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်	- ၃၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	- ၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှတည်ဆောက်မည့် အောက်ဖော်ပြပါ ဓာတ်အားခွဲရုံများအတွက် လိုအပ်သော ဓာတ်အားခွဲရုံပစ္စည်းများအား(Turnkey Tender) နိုင်ငံခြားငွေဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

(၁) မြစ်ကြီးနား(၁)နှင့် မြစ်ကြီးနား(၂)ဓာတ်အားခွဲရုံအတွက် လိုအပ်သောပစ္စည်းများ
(၂) မိုးကုတ်ဓာတ်အားခွဲရုံအတွက်လိုအပ်သောပစ္စည်းများ

တင်ဒါပုံစံရောင်းချမည့်ရက်	-၁-၇-၂၀၁၃ ရက်
တင်ဒါပိတ်မည့်ရက်	-၃၁-၇-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန်	-၁၄း၀၀ နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

အများသိစေရန်ကြေညာချက်

မိုးကုတ်မြို့၊ အောင်ချမ်းသာရပ်၊ ရှော်လီဝိုင်းအုပ်စု၊ အမှတ်(၄၁၅)၊ နယ်မြေ(၁၅)၊ အကွက် ၁၈၊ ဦးပိုင်အမှတ် N-253 ရှိ အိမ်နှင့်မြေပေါ်တွင်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးနှင့် မိမိ၏ပိုင်ဆိုင်မှု ရွှေငွေအပါအဝင် ရွှေ့ပြောင်းနိုင်သည့်ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများအားလုံးတို့ကို ကျွန်မ ဒေါ်အဲသားမီး(ခ)ဒေါ်ချယ်ရီမှ ပိုင်ဆိုင်သည်ဖြစ်သောကြောင့် ၄င်းပစ္စည်းများအား ကျွန်မ မသိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်ကြဲခြင်း မပြုလုပ်ပါရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အဲသားမီး(ခ)ဒေါ်ချယ်ရီ
၉/မကန(နိုင်)၀၆၅၉၇၇

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၃၀ယ/၃၃၁၇၄၊ ယာဉ်အမျိုးအစား-လော်ဂျား၊ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ဝင်းစိန် ၁၃/တကန(နိုင်)၀၁၅၄၆၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၂၁ယ/၅၉၄၈၊ အမျိုးအစား Luojia၊ ယာဉ်လက်ဝယ်ရှိသူ ခွန်မောင်ထွေး ၁၃/တကန(နိုင်)၂၅၆၂၇၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ တောင်ကြီး

မိုးစပါးသီးနှံထုတ်လုပ်မှု ဘဏ်ချေးငွေပေးအပ်

ဓနုဖြူ ဇူလိုင် ၁

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်တွင် ကျောင်းကုန်း၊ ကမ်းငူကြီး၊ သာဒေါင့်ကျေးရွာသုံးရွာအား မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ၂၀၁၃ ခုနှစ် မိုးစပါးသီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ ပေးအပ်ပွဲဖွင့်ပွဲ အခမ်းအနားကို ဇွန် ၁၈ရက် နံနက် ၁၀ နာရီက ဓနုဖြူမြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်၌ ကျင်းပသည်။

အခမ်းအနားတွင် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးလှမြင့်က စိုက်ချေးငွေထုတ်ချေးရခြင်းအကြောင်းနှင့် စပါးဈေး၊ ပဲဈေးများအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိန်မောင်ဝင်းက ယခု စိုက်ချေးငွေ ထုတ်ခွင့်ရရှိသူများအနေဖြင့် ရရှိလာမည့်အခွင့်အရေးနှင့် လိုက်နာရမည့် စည်းကမ်းများကို လိုက်နာသွားကြရန်လိုကြောင်း တောင်သူများ၏ လူမှုစီးပွားသစ် ပိုမိုစီးပွားတိုးတက်ရန်အတွက် အထွက်တိုးစပါး မျိုးကောင်းမျိုးသန့်များ အသုံးပြုရန်၊ စိုက်နည်းစနစ်မှန်မှန်နှင့် စိုက်ပျိုးသွားကြရန်၊ ရိတ်သိမ်းချိန်ကာလတွင် အလေအလွင့်နည်းပါးစေရန်နှင့် လေလွင့်ဆုံးရှုံးမှုကို ထိန်းသိမ်းကြရန်လိုကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကျောင်းကုန်း၊ ကမ်းငူကြီး၊ သာဒေါင့်ကျေးရွာ အုပ်စုသုံးအုပ်စု၊ လယ်သမား၁၈၁ဦးအတွက် ချေးငွေကျပ် ၁၂၅၅ သိန်း တိတိကို ကျေးရွာအုပ်ချုပ်ရေးမှူးများထံသို့ ပေးအပ်သည်။ **(ယာပုံ)** ဆက်လက်၍ ကျန်ရှိသည့် ကျေးရွာအုပ်စု ၆၃ အုပ်စု၊ လယ်ဧက၆၄၀၀၀၊ တောင်သူလယ်သမား ၈၅၀၀ ကျော်အတွက် ချေးငွေ ကျပ်သိန်း ၆၄၀၀၀ ကို ဩဂုတ်လ ပထမပတ်အတွင်း အပြီးသတ် ထုတ်ချေးမည်ဖြစ်ကြောင်း သိရသည်။

အောင်မိုးဇော်

ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကျင်းပ

မြိုင် ဇူလိုင် ၁

ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (UNWFP) နှင့်အာဒရာမြန်မာ(ADRA-Myanmar) တို့၏ ပံ့ပိုးကူညီမှုဖြင့် ကျေးလက်ဒေသပညာရေး ပိုမိုမြင့်မားတိုးတက်လာစေရန်ရည်ရွယ်ချက်ဖြင့် မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် မြေရင့်ကျေးရွာအုပ်စု၊ စိုတောကျေးရွာနှင့်ရွာတန်းရှည်အုပ်စု၊ စိုပြင်ကျေးရွာတို့တွင် အခြေခံပညာ မူလတန်းကျောင်းဆောင်သစ်များ ဆောက်လုပ်လွှဲပြောင်းပေးအပ်ပွဲကို ဇွန် ၂၆ရက် နံနက် ၈နာရီနှင့် ၉နာရီတို့က ယင်းကျောင်းဆောင်သစ်ခန်းမများ၌ကျင်းပသည်။

အဆိုပါ လွှဲပြောင်းပေးအပ်ပွဲတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ဦးစောဝင်းနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲလင်းအောင်တို့က အဖွင့်အမှာစကား ပြောကြားပြီး မြို့နယ်ပညာရေးမှူး ဦးကြည်ဝင်းက ပညာရေးဌာနသို့ လူမှုအဖွဲ့အစည်းများက ပံ့ပိုးကူညီမှုဖြင့် ဆောက်လုပ်ထားသော ကျောင်းဆောင်သစ်များကို ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့အစည်းများ၊ ရပ်မိ ရပ်ဖများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဝိုင်းဝန်းစောင့်ရှောက်ကြရန် မှာကြားသည်။ ဆက်လက်၍ အဆောက်အအုံသစ်နှင့် ပတ်သက်သော စာချုပ်စာတမ်းများကို ပံ့ပိုးသည့်အဖွဲ့ ကိုယ်စားလှယ်များမှ လွှဲပြောင်းပေးအပ်ရာ မြို့နယ်ပညာရေးမှူးက လက်ခံရယူသည်။

အောင်ကျော်မြင့်(မြိုင်)

နုတ်သတင်းနှင့်ကြော်ငြာ

ဇီးဖြူပင်ရွာတွင် အထက်တန်းကျောင်း အဆင့်မြှင့်တင်ဖွင့်လှစ်ပြီ

စလင်း ဇူလိုင် ၁

ဇီးဖြူပင်ရွာ မင်္ဂလာကျက်သရေဖြာဝေစေခဲ့ပြီ။ ပညာအလင်းရောင် ထွန်းလင်းတောက်ပခဲ့ပြီ ဖြစ်သည့် ဇီးဖြူပင်ရွာတွင် အခြေခံပညာ အထက်တန်းကျောင်းခွဲမှ အခြေခံပညာအထက်တန်းကျောင်း အဖြစ် တိုးမြှင့်ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဇီးဖြူပင်ရွာမှ ကျောင်းသားကျောင်းသူများ၊ အနီးဝန်းကျင်ကျေးရွာများမှ ကျောင်းသား ကျောင်းသူများအတွက် အခြေခံပညာ အထက်တန်းအထိ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်ခဲ့ပြီဖြစ်သည်။ ဇီးဖြူပင်ရွာကျောင်းမှာပင် အခြေခံပညာအထက်တန်း စာမေးပွဲကို ၂၀၁၃-၂၀၁၄ ပညာသင်နှစ်မှ စတင်ကာ ဖြေဆိုနိုင်ကြတော့မည်ဖြစ်သည်။

ဇီးဖြူပင်ရွာ အခြေခံပညာ အထက်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်သည့် အခမ်းအနားကို မကြာမီက ကျင်းပခဲ့ရာ မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင်နှင့်စလင်းမြို့နယ်တို့မှ တာဝန်ရှိသူများက ဝမ်းသာဂုဏ်ပြုစကားများ ပြောကြားခဲ့ကြသည်။ ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်နှင်းရီ၏ ကျောင်းသမိုင်းနှင့် အဆင့်ဆင့်တိုးတက်ဖြစ်ထွန်းလာပုံများက စိတ်ဝင်စားစရာကောင်းစွာ ပြောကြားမှုများမှာ မှတ်သားစရာပင်ဖြစ်သည်။

ဇီးဖြူပင် ကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း ၁၂ရွာပါရှိပြီး အနီးဝန်းကျင် ကျေးရွာ ၂၃ရွာမှ ရပ်မိရပ်ဖများ၊ ဆရာ ဆရာမများဖြင့် အထက်တန်းကျောင်းအဖြစ် အဆင့်မြှင့်တင်ဖွင့်လှစ်ပွဲ၌ ပါဝင်ဆင်နွှဲကာ ကျေးရွာများမှ ဒေသခံပြည်သူများနှင့်အတူ ပြုံးပန်းဝေဆာနိုင်ခဲ့ကြသည်။

ကျေးလက်နေ ကျောင်းသား ကျောင်းသူ မျိုးဆက်သစ် လူငယ်များအတွက် အထက်တန်းပညာရေးကို အိုးမကွာ၊အိမ်မကွာဖြင့် စိတ်ချမ်းသာစွာသင်ကြားနိုင်ကာ စာမေးပွဲဖြေဆိုနိုင်ကြတော့မည်ဖြစ်ရာ ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများအတွက် ဂုဏ်ယူ ပီတိပွားစရာပင် ဖြစ်သည်။

မောင်သစ္စာ

နမ့်ခမ်းမြို့နယ်တွင် မူးယစ်ဆေးဝါး တိုက်ဖျက်ရေးနေ့ကျင်းပ

နမ့်ခမ်း ဇူလိုင် ၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ်တွင် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အဖြစ် ဇွန် ၂၆ ရက် နံနက် ၉ နာရီက အထက (၁) သီရိရွှေရည်ခန်းမ၌ ကျင်းပရာ နမ့်ခမ်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းက မူးယစ်/တားဆီး ဗဟိုအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကိုထံမှ ပေးပို့သည့်သဝဏ်လွှာကို ဖတ်ကြားခဲ့ပြီး အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော အထက်တန်း၊ အလယ်တန်း၊ မူလတန်းဆင့် ကျောင်းသား၊ ကျောင်းသူများအား ဆုများချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

အယ်လ်စိုး(Iprd)

စာအုပ်စာပေ လူ့မိတ်ဆွေ

ဝမ်းမြောက်စွာသာဓုခေါ်ဆိုကြပါရန်

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ အဖျောက်မြို့၊ မြို့ဦးသာသနာ့ရိပ်သာကျောင်းတိုက်အတွင်း တည်ထားကိုးကွယ်တော်မူသော **လောကသရဖူရုပ်တော်မူ ဆုတောင်းပြည့် မြတ်စွာဘုရားကြီး** အဖျောက်မြို့၊ (၄)ရပ်ကွက်ရှိ **ဆုတောင်းပြည့် စေတီတော်ကြီး၏ စိန်ဖူးတော်၊ လောကမာရ်အောင် ဆုတောင်းပြည့် မြတ်စွာဘုရားကြီး (မဟာသံတန်ဆောင်းတော်)**အတွင်းရှိ သိမ်ကိုပြုပြင်မွမ်းမံခြင်းနှင့် ကြေးပိဿာချိန် ၁၀၂ ပိဿာရှိ **ခြင်္သေ့ပုံခေါင်းလောင်းတော်၊ လောကသရဖူရုပ်တော်မူ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး** (မြို့ဦးသာသနာ့ရိပ်သာ)အတွင်း **သိမ်တည်ဆောက်ခြင်းအလှူတော်ငွေ**နှင့် ကြေးပိဿာချိန် ၁၂၇ ပိဿာရှိ **နဂါးပုံခေါင်းလောင်းတော်၊** ဓနုဖြူမြို့ **ကျိုက္ကလွန်ပွန်းစေတီတော်မြတ်ကြီး**ဘက်စုံအတွက် အလှူတော်ငွေ၊ ဇလွန်မြို့၊ **မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး**တွင် လှူဒါန်းသော **စတီးရေချမ်းစင်၊** အဖျောက်မြို့ဆေးရုံတွင် လှူဒါန်းသော **အောက်စီဂျင်**နှင့် နှစ်စဉ်လှူဒါန်းသော ဆင်းရဲနွမ်းပါးသူများအတွက် **ဆေးဝါး စရိတ်အလှူငွေ၊** အဖျောက်မြို့(အထက)တွင် တက္ကသိုလ်ဝင်တန်း အောင်မြင်သော ပထမ၊ ဒုတိယ၊ တတိယ ထူးချွန်ကျောင်းသား ကျောင်းသူများကို နှစ်စဉ်ဂုဏ်ပြုချီးမြှင့်ငွေ **ပညာဒါနလှူဒါန်းခြင်း၊** အဖျောက်မြို့ ဆွမ်းလောင်းရုံ(၉)ရုံသို့ **နှစ်စဉ်ဝါတွင်းနဝကမ္မအလှူတော်ငွေ၊** မြို့ဦးသာသနာ့ရိပ်သာအတွင်း တည်ဆောက်လှူဒါန်းသော **အေးရိပ်သာဓမ္မာရုံနှင့် အေးရိပ်သာ၊ မြတ်ဗုဒ္ဓစာပေ၊ စာကြည့်တိုက်၊ ရေ၊ မီး** လှူဒါန်းမှုအစုစုတို့အား-

(အဘိုး ဦးဖိုးမောင်-အဘွား ဒေါ်နန်းသူ)၊ (အဘိုး ဦးပွကြီး-အဘွား ဒေါ်မမ) အမှူးပြုသော အဘိုးအဘွားများ (ဖခင် ဦးညီလေး-မိခင် ဒေါ်မြကြည်)မိခင်၊ ဖခင်ကဲ့သို့ ကျွေးမွေးစောင့်ရှောက်ကြသော အဒေါ်နှင့်ဦးလေးဖြစ်ကြသည့် (ဒေါ်သန်းရီ၊ ဒေါ်တင်အိ၊ ဦးထွန်းမြင့်)၊ (ဦးတင်မောင်-ဒေါ်ညွန့်ကြည်)၊ (အစ်မဒေါ်ခင်ဆွေမြင့်)၊ (အစ်ကို ဦးအုန်းကျော်)နှင့် ကျေးဇူးရှင်အပေါင်းတို့အားရည်စူး၍ **လောကသရဖူရုပ်တော်မူ ဆုတောင်းပြည့်မြတ်စွာဘုရားကြီး**အား ဗုဒ္ဓဘိသေကအနေကဇာတင်ခြင်း၊ အလှူတော်မင်္ဂလာများအတွက် **အေးရိပ်သာဓမ္မာရုံ**တွင် မြို့ဦးသာသနာ့ရိပ်သာ **ဆရာတော် ဦးဇဋိလ** ထံမှ ၂၄-၅-၂၀၁၃ ရက် (သောကြာနေ့) ၁၃၇၅ ခုနှစ်၊ (ကဆုန်လပြည့်နေ့)တွင် ဩဝါဒသတ်များနှင့်အတူတကွ ရေစက်ချမင်္ဂလာ အနုမောဒနာတရားတော်မြတ်တို့ကို နာယူပါသည်။

ကုသိုလ် အမျှ-အမျှ-အမျှ ယူကြပါရန်၊ သာဓု၊ သာဓု၊ သာဓု။

ဦးတင်ဝင်း(ခ)ကိုတီး (ဦးစီးအရာရှိ၊ ငြိမ်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန) မိသားစု
အဖျောက်မြို့၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ဖခင် အမည်မှန်

သာစည်မြို့၊ ကြို့ပင်သာရပ်၊ အမှတ်(၆)ရပ်ကွက်နေ မမေဇော် ၉/သစန(နိုင်) ၁၇၁၆၃၀၏ ဖခင်အမည်မှန်မှာ ဦးယဉ်ထွေး ၉/သစန(နိုင်)၀၈၉၆၁၃ ဖြစ်ပါကြောင်း။

ဦးယဉ်ထွေး

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၀/၉၇၇၅ Super Mandalar L/T, P/U (4× 2) ® ယာဉ်လက်ဝယ်ရှိသူ ဦးခင်မောင်ဝင်း ၉/မနမ(နိုင်) ၀၁၆၀၇၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (တောင်ပိုင်း)**

မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၁ယ/၆၅၂၉၁ Jialing 90, M/C ယာဉ်လက်ဝယ်ရှိသူ ဦးခင်ဇော် ၉/မရမ(နိုင်)၁၂၆၈၉၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)

မန္တလေးမြို့

မဟာစည်မြဝတီသာသနာ့ရိပ်သာ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ

မဟာစည် မြဝတီသာသနာ့ရိပ်သာအတွင်း၌ ဝါဆိုဝါကပ်တော်မူကြသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်တို့နှင့် ပင့်သံဃာတော်အရှင်သူမြတ်တို့အား (၂၂)ကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲကို (၁၃၇၅ခုနှစ် ဝါဆိုလပြည့်နေ့) ၂၂-၇-၂၀၁၃ရက် (တနင်္လာနေ့)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ရပ်နီး၊ ရပ်ဝေးရှိ ဒကာ ဒကာမအပေါင်းတို့အား ကြွရောက်ကုသိုလ်ပွားနိုင်ရန် ဝေယျာဝစ္စအဖွဲ့မှ လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ဝေယျာဝစ္စအဖွဲ့၊ သဃ်န်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်
ဖုန်း-၀၁-၅၇၂၆၆၄၊ ၀၉-၄၂၀၀၇၈၄၁၄

ကမ္ဘာ့အဖိုးတန်သစ်မွှေး/ညြဂံနစ်သစ်မွှေး

စိုက်နည်း၊ ပျိုးနည်း စာအုပ်ဆိုင်တိုင်းတွင် ဝယ်ယူနိုင်ပါသည်။
သစ်မွှေး၊ နံ့သာနီ/ဖြူ ကျွန်း၊ လျှော်ဖြူ ပျဉ်းကတိုး၊ မျိုးစေ့နှင့် ပျိုးပင်များဖြန့်ဖြူးပေးနေပါသည်။
သစ်မွှေး ၁ ပင်လျှင် ၄၀၀/-
ဝင်းသစ်မွှေး 09-5117226

ကြော်ငြာစာ

(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ဒက္ခိဏခရိုင်တရားရုံးတော်၌
၂၀၁၃ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၂

ကွယ်လွန်သူ ဒေါ်အေးအေးဝင်း၏ ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ မင်္ဂလာသိဒ္ဓိရပ်၊ တိုက်အမှတ် ၂၂၄၊ အခန်း ၂၄ ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဒေါ်အေးအေးဝင်း၏ ကျန်ရှိရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးသိန်းဟုတ်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၁၃ခုနှစ် ဇူလိုင် ၃ ရက် (၁၃၇၅ ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်အေးအေးဝင်း၏ ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခု သက်ဝင်သည်အဆိုရှိသူ ခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့(လာရောက်လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟု အထင်ရှိလျှင်) ဆိုခဲ့သော ၂၀၁၃ ခုနှစ် ဇူလိုင် ၃ရက် (၁၃၇၅ ခုနှစ် နယုန်လပြည့်ကျော် ၁၀ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့က နေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီ မှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၁နှင့်အညီ ယခုမိန့်ကြားဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်းတစ်ခုခုမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးသိန်းဟုတ်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက် ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဇော်ဝင်းဆွေ)
ခရိုင်တရားသူကြီး
ဒက္ခိဏခရိုင်တရားရုံး

မိုးကုတ်ဝိပဿနာ တေဇိန္ဒဝိဟာရကျောင်းတိုက် ပထမဦးဆုံးအကြိမ်မြောက်တရားစခန်းပွဲ

မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းပြန့်ပွားရေးအဖွဲ့ချုပ်ကြီး၏ နာယကဆရာတော် ဘဒ္ဒန္တတေဇိန္ဒ(B.Sc.Phy.Electronic Grade V)ကမ္ဘာ့သာသနာပြုဆရာတော်သည် ကိုယ်ပိုင်ဓမ္မရိပ်သာကြီးတည်ထောင်လျက်ရှိရာ ဗုဒ္ဓဘာသာဝင်သူတော်စင်များ အပ္ပါယ်လေးပါးမှကင်းဝေးစေရန် မိုးကုတ်ဆရာတော်ကြီး၏ တပည့်ပီပီ မိုးကုတ်တရားစခန်းပွဲများစတင်ကျင်းပတော့မည်ဖြစ်ပါ၍ တရားအားထုတ်လိုသော ဗုဒ္ဓဘာသာဝင်သူတော်စင်များ ကြိုတင်စာရင်းပေးသွင်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

အချိန်။ ။ ၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော်(၃)ရက်၊ (အင်္ဂါနေ့) ၂၅-၇-၂၀၁၃ရက်မှ၁၃၇၅ခုနှစ် ဝါဆိုလပြည့်ကျော်(၉)ရက် (ဗုဒ္ဓဟူးနေ့) ၃၁-၇-၂၀၁၃ရက်အထိ

လိပ်စာ။ ။ မိုးကုတ်ဝိပဿနာ တေဇိန္ဒဝိဟာရကျောင်းတိုက်၊ မေတ္တာလမ်း၊ မေတ္တာချောင်းကူးအမှတ်(၄၂)တိုးချဲ့ရပ်ကွက်၊(ကိုးဘွဲ့ရကျောင်းအနောက်ဗိုလ်ဗထူးလမ်း)ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်။

ဖုန်း-၀၁-၈၀၁၁၂၆၈၊ ၀၉-၈၆၂၇၄၇၅၊ ၀၉-၄၅၀၀၃၄၂၉၃၊
- **ယောဂီဦးရေကန့်သတ်ထားပါသည်။**
- **အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ အချိုပွဲများလှူဒါန်းနိုင်ပါသည်။**
- **၂၄-၇-၂၀၁၃ရက် ညနေ ၅နာရီအရောက် အမျိုးသားမှတ်ပုံတင်နှင့်တကွ အိပ်ရာ အသုံးအဆောင်ပစ္စည်း အပြည့်အစုံပါရပါမည်။**

ဒီကရီကိုအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဒ့်ဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၁ နှင့်ဆက်သွယ်သည့်
၂၀၁၃ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၆၆

ဦးစန်းရီ(ခ)မင်းအောင်(ခ)ကျိန်လျှံ **နှင့်** ၁။ ဦးတုန်းလှိုင်
၂။ ဒေါ်ဆိုင်းသောင်

ဒီကရီအနိုင်ရသူ **တရားရှုံးများ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ(၁)၊ အမှတ်(၄၇၊ ၄၈/၁၂)နေ ဦးတုန်းလှိုင်၊ ဒေါ်ဆိုင်းသောင်(ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ ခုနှစ် တရားမကြီးမှုအမှတ်-၂၁ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ ခုနှစ် ဇူလိုင် ၉ရက် (၁၃၇၅ ခုနှစ် ဝါဆိုလဆန်း ၂ ရက်) မွန်းမတည့်မီ ၁၁ နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၃ ခုနှစ် ဇွန် ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

စီးပွားရေးကြော်ငြာများ

MCC Training Institute (Yangon Campus) (၂၀၁၃) တက္ကသိုလ်ဝင်တန်းစာမေးပွဲကို အောင်မြင်ပြီးသော ကျောင်းသား/ ကျောင်းသူများအတွက်

BBA(စီးပွားရေးစီမံခန့်ခွဲမှုဘွဲ့)
- International Business
- Hotel and Tourism

Awarded by: Siam University (Thailand)

B.Tech(ဂိမ်းတီထွင် ထုတ်လုပ်မှုဘွဲ့)
- Computer Game Multimedia

Awarded by: Rangsit University (Thailand)

Enroll Now

MCC.i (Yangon Campus) - Theingyi Zay Block (C), 3rd floor, Shwedagon Pagoda Road
Pabedan Township, Yangon, Myanmar. Tel: 01-245762, 01-249152, 01-395512, 01-246634

မြန်မာတစ်နိုင်ငံလုံးမှ Student Recruitment Agent ယူလိုသူများ အမြန်ဆက်သွယ်ရန် စာတိုက်သေတ္တာနံပါတ်- ၇၃၆၊ ဖုန်း- ၀၁-၂၄၅၇၆၂၊ ၀၁-၃၉၅၅၁၂

ဦးကျော်မြင့် ၁၂/မဂတ(နိုင်)၀၄၉၂၄၂၊ အမှတ်(၂၂၁)၊ ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့ Great Fatherland Construction နှင့် အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရအောက်ပါအတိုင်း ကြေညာအပ်ပါသည်။

၁။ ကျွန်ုပ်၏မိတ်ဆွေ ဦးကျော်သိန်း ပါ(၅)ဦးနှင့် လူကြီးမင်းတို့သည် မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၁၆၃)၊ သင်းသီရိတည်းခိုခန်း၊ ဦးပိုင်အမှတ်(၂၁+၂၂)မြေကွက်တွင် RC ရှစ်ထပ်တိုက်ဆောက်လုပ်ရန် ၂၇-၁၁-၂၀၁၁ ရက်တွင် နှစ်ဦးသဘောတူကတိစာချုပ်ကို ချုပ်ဆို၍ အဆောက်အအုံဟောင်းကိုလူကြီးမင်းထံအပ်နှံခဲ့ပါသည်။ မူလအဆောက်အအုံဟောင်းကို လူကြီးမင်းတို့ကိုယ်တိုင် ဖျက်ဆီးဖယ်ရှားရယူထားပြီးဖြစ်ပါသည်။

၂။ အဆိုပါမြေနေရာတွင် ယခုအချိန်အထိ (၁)နှစ်နှင့် (၇)လကြာသည့်တိုင်အောင် ဘာတစ်ခုမျှ ကုမ္ပဏီလုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခြင်းမရှိဘဲ ပစ်ထားသည့်အတွက် ကုမ္ပဏီနှင့် လုပ်ငန်းဆက်လက်ညှိနှိုင်းရန်ရှိသဖြင့် ကုမ္ပဏီမန်နေဂျာ ဦးသိန်းနိုင်ထံ ဖုန်းဆက်၍ သဘောတူညီမှုရယူပြီးမှ မိမိပိုင်မြေကွက် အဝင်တံခါးများကို သော့ခတ်ပိတ်ထားခဲ့ပါသည်။ ၁၅-၆-၂၀၁၃ရက် နံနက် ၁၀း၀၀ နာရီခန့်တွင် လူကြီးမင်းကုမ္ပဏီမှ (တာဝန်ခံဆိုသူ)ကိုမျိုးသူပါ(၁၅)ဦးက ကားဖြင့်ရောက်လာပြီး သော့ခတ်ထားသည့် ခြံတံခါးကို ရိုက်ချိုးဖျက်ဆီးပစ်ကြပါသည်။ ထိုသို့ ဖျက်ဆီးနေခြင်းကို သက်ဆိုင်ရာအပိုင်ရဲစခန်းနှင့် တာဝန်ရှိသူမှ လာရောက်တားမြစ်ကာ ၎င်းတို့ကို နောက်နောင်တွင် ယခုကဲ့သို့မပြုလုပ်ရန်နှင့် ပြုလုပ်ပါက ဥပဒေအရအရေးယူခြင်းကို ခံယူပါမည်ဖြစ်ကြောင်း ကိုမျိုးသူ ၁၂/ကမတ(နိုင်)၀၇၅၂၅၂ ကိုယ်တိုင်လက်မှတ်ရေးထိုးလက်ဗွေနှိပ်၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွင် မှတ်တမ်းတင်ထားရှိသည်ကို လူကြီးမင်းတို့ သိရှိပြီးဖြစ်ပါသည်။

၃။ ၁၉-၆-၂၀၁၃ရက်ပါ လူကြီးမင်းရှေ့နေ ဦးလှမြင့်(ဒဂုံ)မှ ပေးပို့သော နို့တစ်စာတွင် ဦးကျော်သိန်းသည် လူတစ်စုကိုခေါ်လာလျက် တိုက်သစ်တည်ဆောက်ဆဲ အလုပ်ခွင်ရှိကန်ထရိုက်တာ၏ အလုပ်သမားများအား လုပ်ငန်းခွင်မြေကွက်အတွင်းမှ မောင်းထုတ်၍ အကြမ်းဖက်မှုကျူးလွန်ခဲ့သည်ဟု မဟုတ်မမှန်စွပ်စွဲဖော်ပြထားပါသည်။ မည်သူကိုမျှ ခေါ်လာခြင်းမရှိ၊ မည်သည့်လုပ်ငန်းမျှမလုပ်သဖြင့် လုပ်ငန်းခွင်လည်းမရှိ၊ မည်သည့် အလုပ်သမားတစ်ဦးတစ်ယောက်မျှမရှိ၍ မောင်းထုတ်ရခြင်းလည်းမရှိသည်ကို တမင်သက်သက်သိရှိပါလျက် ဖော်ပြထားခြင်းဖြစ်ပါသည်။

ဦးကျော်သိန်းက လူအုပ်စုဖြင့် အနိုင်အထက်ပြုကျင့်အကြမ်းဖက်မှု၊ ခြိမ်းခြောက်မှု၊ အကျိုးဖျက်ဆီးမှု၊ ရာဇဝတ်ပြစ်မှုများနှင့် ငြိစွန်းနေပြီဖြစ်ကြောင်းဟူ၍ လူကြီးမင်းတို့မှ မဟုတ်မမှန်စွပ်စွဲထားမှု၊ လုပ်ကြံဖော်ပြထားမှုအတွက် လူကြီးမင်းတို့တွင်သာ တာဝန်ရှိမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

ထပ်မံ၍ အသိပေးလိုသည်မှာ ဦးကျော်သိန်းတို့၏ အဆိုပါခြံဝင်းမြေပေါ်တွင် ဦးကျော်သိန်းတို့နှင့် ညှိနှိုင်းထားခြင်းမရှိဘဲ ၂၀၁၂ ခုနှစ် ခြောက်လပိုင်းခန့်ကစ၍ လာရောက် စုပုံထားသော Pile ရိုက်ခြင်းနှင့် သက်ဆိုင်သည့်ပစ္စည်းများကို ယခုကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ထုတ်ယူဖယ်ရှားပေးပါရန် အသိပေးလိုက်ပါသည်။

လွှဲအပ်ညွှန်ကြားသူ	**ဦးကျော်သိန်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
ဦးကျော်သိန်း	**ဦးဝင်းမောင်(စဉ်-၅၉၁၄)**
၉/မနမ(နိုင်)၀၃၀၄၂၀	**တရားလွှတ်တော်ရှေ့နေ**
	ဖုန်း-၀၉-၉၁၀၀၅၇၇၂

အမှတ် ၈၀၊ ဆဆ-၁၃၊ ၄၆×၄၇ လမ်းကြား၊ ရွှေဝါထွန်းလမ်း၊ အောင်ပင်လယ်ရပ်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့

USA တွင်ကျောင်းတက်ရန်စဉ်းစားနေပါသလား?

USA အဆင့်မြင့်ကောလိပ်နှင့် တက္ကသိုလ်များတွင် UK, Australia တို့ထက် ကုန်ကျစရိတ် သက်သာစွာဖြင့် ပညာသင်ကြားနိုင်ပါသည်။

USA ၏ အကောင်းဆုံး College and University များတွင် IELTS, TOEFL, SAT မလိုအပ်ပဲ စရိတ်သက်သာစွာဖြင့်နိုင်ငံတကာတွင်အလုပ်အကိုင်အခွင့်အလမ်းကောင်းသောဘာသာရပ်များကို မိမိစိတ်တိုင်းကျရွေးချယ်တက်ရောက်နိုင်ပါသည်။ ပညာသင်ဆုအခွင့်အလမ်းများလည်းရှိသောကြောင့် မည်သူမဆိုအခမဲ့လာရောက်ဆွေးနွေးနိုင်ပါသည်။

AcademicTelesis Call Us: 01- 527168, 09 - 420087726

No. (73), 2nd Floor, corner of Ma Po St and Myaynigone Zay St, Sanchaung Tsp:, Yangon.

www.academictelesis.com

သစ်မွှေးစိုက်မယ်ဆိုရင်

သစ်မွှေးဆိုရင် ပထမယူနီဗာစ်က စတာပါ။

မျိုးရွေးမမှားပို့လိုတယ်၊ မျိုးကောင်းမျိုးသန့် ဇပင်လှလှ သစ်မွှေးပျိုးထုပ်များကို ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီ၊ လက်ကားဖြန့်ဖြူးပေးနေပါသည်၊ နယ်ရုံးခွဲမရှိပါ၊ နယ်မှ ဝယ်လိုသူများအား ဂိတ်သို့အရောက် အခမဲ့ ပို့ဆောင်ပေးပါသည်၊

၁။ အမှတ်-၆၀ (A-1)၊ အာဇာနည်လမ်း၊ ရွှေတိဂုံအင်ဂျင်နီယာဘက်မုခ်၊ အလယ်ပလွယ်အနီး၊ ရှိုင်မျှောရုံနောက်ကျော၊ ပဟန်းမြို့နယ်။

၂။ အမှတ် (H-3)၊ ဆင်ကန်ပတ်လမ်း၊ ပြေပဒေသာကျွန်း။

၃။ ဓါးသွေးတောင်ဟောဝန်နှင်းဦး၊ ညောင်နှစ်ပင်ခြံ၊ အမျိုးသားညီလာခံအနီး၊ တကူတိုးခြံ၊ လှည်းကူးမြို့နယ်။

Ph : 01-381615, 09-8586399, 09-43066226, 09-5114911, 09-73030623

အလင်းသစ်စာပေတိုက်မှထုတ်လုပ်ဖြန့်ချိသည်၊

သားပြွန်မှာ သန္ဓေတည်ခြင်း၊ သားဥအိမ်အလုံးအကြောင်း၊ သားအိမ်ခေါင်းကင်ဆာကိုကာကွယ်ခြင်း၊ မီးယပ်သွေးသွန်ခြင်း နှင့် သားအိမ်ကင်ဆာပြဿနာ၊ ပဋိသန္ဓေတားခြင်း၊ သားကြောဖြတ်ခြင်းသဘာဝနှင့် အကျိုးအပြစ်များကို ပြည်တွင်းနှင့် နိုင်ငံခြားတွင် ကုသခဲ့သော အတွေ့အကြုံအပေါ် အခြေခံရေးသားထားသဖြင့် အမျိုးသမီးတိုင်း လက်စွဲထားရမည့်စာအုပ် . . .

အသက်ကလေးရယ်တဲ့ရှည်စေလို

ဒေါက်တာစီလေးခိုင်
(သားဖွား၊ မီးယပ်)

ဆိုင်များတွင်ရပြီ

အလင်းသစ်စာပေတိုက် ၊ ဖုန်း-၀၉ ၅၄၀၀၃၀၂၊ ၀၉ ၇၇၀၃၇၄၇

ဒီကရီကိုအတည်ပြုလုပ်ရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးကိုဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)

တောင်ကြီးခရိုင်တရားရုံး

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၄ နှင့်ဆက်သွယ်သည့် ၂၀၁၃ခုနှစ် တရားမဇာရီမှုအမှတ်-၆၄ ။

ဦးကျော်မြင့်	နှင့်	၁။ဦးတုန်းလှိုင်
		၂။ ဒေါ်ဆိုင်းသောင်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ ကမ္ဘောဇလမ်းခွဲ (၁)၊ အမှတ် (၄၇၊ ၄၈/၁၂)နေ ဦးတုန်းလှိုင်၊ ဒေါ်ဆိုင်းသောင် (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၂၄တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် လျှောက်ထားလာသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း၊ အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုနိုင်ရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၁၃ခုနှစ် ဇူလိုင် ၉ရက် (၁၃၇၅ခုနှစ် ဝါဆိုလဆန်း ၂ရက်) မွန်းမတည့်မီ ၁၁နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၁၃ခုနှစ် ဇွန် ၂၅ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

အများသိစေရန်ကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ (၁)ရပ်ကွက်၊ အောင်မာဃလမ်းရှိ မြေကွက်အမှတ် N-၃၉ ပိုင်ရှင် ဦးထွန်းရွှေ ၁၄/ဖပန(နိုင်)၀၄၆၃၅၂၊ မြေကွက်အမှတ် N-၃၈ ပိုင်ရှင် ဦးမြသန်း ၁၄/ဖပန(နိုင်)၀၄၆၀၃၆၊ မြေကွက်အမှတ် N-၁၄ ပိုင်ရှင်ဦးထွန်းသိန်း ၁၄/ဖပန(နိုင်)၀၄၆၂၀၃၊ မြေကွက်အမှတ် N-၆၂ ပိုင်ရှင် ဦးမျိုးဆွေ ၁၄/ဖပန(နိုင်)၀၀၂၇၀၀နှင့် မြေကွက်အမှတ် N-၃၆ ပိုင်ရှင် ဒေါ်မြစိန် ၁၄/ဖပန(နိုင်)၀၄၆၄၇၆ တို့၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဖျာပုံမြို့၊ (၁)ရပ်ကွက်၊ အောင်မာဃလမ်းရှိ ဖော်ပြပါမြေကွက်များတွင် ကျွန်ုပ်တို့၏ဖော်ပြပါမိတ်ဆွေများက ၁၉၇၁ ခုနှစ်မှစ၍ နေအိမ်အဆောက်အအုံနှင့်တကွ အတည်တကျနေထိုင်လာခဲ့ကြပါသည်။ ၂၀၀၃ ခုနှစ် ဖျာပုံတံတားတည်ဆောက်ရာတွင် တည်ဆောက်ရေးပစ္စည်းများ ခေတ္တထားရန် ထိုစဉ်က ခ·ယ·က ဥက္ကဋ္ဌ၏မေတ္တာရပ်ခံမှုနှင့် တံတားတည်ဆောက်ပြီးသောအခါ ပိုင်ရှင်များထံမြေကွက်များ မူလအတိုင်း ပြန်လည်ပေးအပ်ပါမည်ဟု ခ·ယ·က ဥက္ကဋ္ဌ၏ကတိပေးမှုကြောင့် ဦးထွန်းရွှေအပါအဝင် ပိုင်ရှင်(၉)ဦး၏ မြေကွက်များပေါ်တွင်တံတားတည်ဆောက်ရေးပစ္စည်းများ ထားခွင့်ပြုခဲ့ခြင်းဖြစ်ပါသည်။ ၂၀၀၇ ခုနှစ်တွင် ဖျာပုံတံတားတည်ဆောက်မှုပြီးစီး၍ တံတားဖွင့်လှစ်ပြီးသောအခါ၌ ပိုင်ရှင်(၉)ဦးအနက်မှ တစ်ဦးကိုသာ မြေကွက်ပြန်လည်ပေးအပ်ပြီး ဦးထွန်းရွှေအပါအဝင်ပိုင်ရှင်(၈)ဦးမှာ မြေကွက်များပြန်လည်မရရှိသေးသဖြင့် ပြန်လည်ရရှိအောင် သက်ဆိုင်ရာအဆင့်ဆင့်သို့ တင်ပြဆောင်ရွက်နေပါသည်။ ယင်းမြေကွက်များနှင့်စပ်လျဉ်း၍ ၂၀၁၂ ခုနှစ်အထိ မြေခွန်ပေးဆောင်ထားသည့် အထောက်အထားများရှိကြပါသည်။ သို့ပါ၍ ပိုင်ရှင်ဦးထွန်းရွှေအပါအဝင် ဖော်ပြပါမြေကွက်များပေါ်တွင် မည်သူတစ်ဦးတစ်ယောက်ကဖြစ်စေ၊ ဌာနဆိုင်ရာအဖွဲ့အစည်းတစ်ခုခုကဖြစ်စေ၊ မည်သူမဆို ကျွန်ုပ်တို့၏ မိတ်ဆွေများ ပိုင်ဆိုင်အကျိုးခံစားခွင့်များကို ထိပါးနှောင့်ယှက်ခြင်း၊ မမှန်မကန်သောနည်းဖြင့် မြေငှားဂရန်များရရှိအောင်ဆောင်ရွက်ခြင်း၊ တစ်နည်းနည်းဖြင့် မရိုးမသားဆောင်ရွက်မှုများ၊ နစ်နာအောင်ပြုလုပ်မှုများအား မပြုလုပ်ရန် ကန့်ကွက်တားမြစ်အပ်ပါသည်။ ကန့်ကွက်တားမြစ်ချက်ကို လိုက်နာခြင်းမရှိ ချိုးဖောက်ပြုလုပ်သူများကို တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်များအရ-

ဦးကျော်ဆန်းနိုင်	**ဒေါ်သဥ္စာအေး**
B.A (LAW), LL.B, M.A(Business Law)	**LL.B, D.B.L,D.I.L**
D.B.L,D.I.L,D.M.L,D.A.Psy, Dip in English.	**အထက်တန်းရှေ့နေ(စဉ်-၃၈၁၃၃)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၉)	**ဖုန်း-၀၉-၄၂၀၀၂၅၃၀၁**
ဖုန်း-၀၉-၅၀၂၆၈၃၃	

ရုံးခန်းအမှတ် ၀၀၄၊ တိုက်အမှတ်(၉/၁၁)၊ ၃၆ အောက်လမ်းတို၊ ကျောက်တံတားမြို့နယ်

ကန့်ကွက်နိုင်ပါကြောင်း

မရမ်းကုန်းမြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၁၁/သမိုင်း၊မြေကွက်အမှတ်၁၂/ဃ ၁၈၊မြေကွက်တည်နေရာအမှတ် ၃၃၄၊၄လမ်း၊၁ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်ထယ်ဂျင်ဝှက်(ခ)ကိုကျော်သိန်းအမည်ပေါက် ဘီ လ/န၃၉ အိမ်ရာမြေအား အမည်ပေါက် ဦးကျော်သိန်းထံမှ၂၈-၉-၁၉၇၅ရက်တွင် အရပ်ကတိ စာချုပ်အရောင်းအဝယ်စာချုပ်ဖြင့် ပိုင်ဆိုင်လာသူဒေါ်ကြင်မြိုင်မှတရားလိုပြုလုပ်၍ပဋိညာဉ်အတိုင်းအရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှုဖြင့် ဦးကျော်သိန်းအား တရားပြိုင်ထားရှိပြီး မရမ်းကုန်းမြို့နယ် တရားမရုံးတရားမမှုအမှတ် ၁၁/၂၀၁၂ဖြင့်တရားစွဲဆိုခဲ့ရာတရားလိုမှအနိုင်ဒီကရီရရှိပြီး ဇာရီမှုအမှတ်၁၂/၂၀၁၂ဖြင့် အတည်ပြုခဲ့ပြီးဖြစ်ပါသည်။ တရားရုံးကိုယ်စားတရားရုံးမှ ဆောင်ရွက်ရန်အတွက် တာဝန်ပေးအပ်ခြင်းခံရသူ ဒေါ်ဦးဆန်းရီ (ဘီလစ်)၁၁/ကတန (နိုင်) ၀၀၀၆၇၄မှတရားရုံးဒီကရီများတင်ပြ၍အရောင်းအဝယ်စာချုပ်ချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

